ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

## ကျောင်းသုံးစာအုပ်

# မြန်မာစာ

## အဋ္ဌမတန်း




၂၀၂၂-၂၀၂၃

# မာတိကာ

## အပိုင်း - ၁

## ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား


| စဉ် | အကြောင်းအရာ | အမျိုးအစား | စာမျက်နှာ |
|---|---|---|---|
| ၁။ | လောကသာရ | ပျို့ | ၁ |
| ၂။ | နှိုက်နှိုက်ချွတ်ချွတ် | ဝတ္ထုဆောင်းပါး | ၅ |
| ၃။ | ပန်းပဲမင်းကြီး | အတ္ထုပ္ပတ္တိ (သုတရသစကားပြေ) | ၁၂ |
| ၄။ | ပန်းစံပယ် | ဒွေးချိုး | ၁၇ |
| ၅။ | နိဂြောဓသမင်မင်း | နိဂြောဓဇာတ် | ၂၀ |
| ၆။ | မြန်မာ့ထမင်းပွဲ | သုတစကားပြေ | ၂၄ |
| ၇။ | တို့ရွာအလိုက် | လွမ်းချင်း | ၂၈ |
| ၈။ | ပီတိ | ဝတ္ထုတို | ၃၁ |
| ၉။ | ဤမြေဝသုန် | လင်္ကာ | ၃၆ |
| ၁၀။ | သနပ်ခါး | ဆောင်းပါး (သုတစကားပြေ) | ၃၉ |
| ၁၁။ | သင်္ဂဇာဆရာတော်၏စကားပုံ | စကားပုံ (အသုံးချဘာသာစကား) | ၄၅ |
| ၁၂။ | ချောင်းကလေး | လင်္ကာ | ၄၈ |
| ၁၃။ | အေးငြိမ်းချမ်း၏ခရီးသွားမှတ်တမ်း | ခရီးသွားမှတ်တမ်း | ၅၀ |
| ၁၄။ | ချောတိုင်တက်ပွဲ | ရသစာတမ်း | ၅၇ |
| ၁၅။ | အလှ | လင်္ကာ | ၆၂ |
| ၁၆။ | ငွေတာရီ | အတ္ထုပ္ပတ္တိ | ၆၆ |
| ၁၇။ | ပန်းခူးသမားသို့ | လင်္ကာ | ၇၀ |
| ၁၈။ | ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ | လေ့လာရေးဆောင်းပါး | ၇၃ |

## အပိုင်း-၁

## ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

### ၁။ ပျို့ (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### လောကသာရ

၁။ အသက်ရှည်စွာ၊ အနာမဲ့ကြောင်း
ကောင်းလှုစေချင်
ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား
မိဘဆရာ၊ စကားနာ၍
ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့
ပေါ်လွင်မပြု၊ ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။

၂။ မိခင်ဖခင်၊ ကျေးဇူးရှင်ကို
ချစ်ခင်မြတ်နိုး
ဂူပုထိုးသို့၊ ရှိခိုးဦးတင်
ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍
လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်
ကြီးထသက်အို၊ မျိုးဆွေကိုလည်း
ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
မယိမ်းစင်းလျှင်း ငြိမ်းစေမင်း။

REDMI NOTE 8
TAIN HTUT KHAUNG

၃။ ထုံးတီးနည်းနာ၊ အဖြာဖြာ၌
ပညာရှာမှီး၊ မကြီးသက်ရွယ်
အငယ်သော်က၊ ကြိုးလုံ့လလျက်
တုပ်ကွပုဆစ်၊ ဆရာစစ်၌
ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးတွေဖြင့်
စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်
ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌
သင်အံ့ကျက်လေ့၊ တစ်နေ့တစ်ပါး
မှတ်သားလေလေ၊ ဝမ်းထဲခွေ၍
အထွေအထူး၊ ဂုဏ်ကျေးဇူးကို
ဆည်းပူးသိမြင် ကြွယ်စေမင်း။

၁၅ ရာစု ကန်တော်မင်းကျောင်းဆရာတော်

**စကားဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ | ကြိုး | = ကြိုးစားသည်။ |
| ၂။ | ကွပ် | = ဆုံးမပဲ့ပြင်သည်၊ လိမ္မာအောင်လုပ်သည်။ |
| ၃။ | ချောင်းချောင်း | = အမြဲမပြတ်၊ အရိပ်အခြည်ကြည့်၍။ |
| ၄။ | ခြိမ်းမောင်း | = ဆူပူကြိမ်းမောင်းသည်။ |
| ၅။ | ဝူ | = လိုက်ခေါင်းခံ၍အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသောဘုရား။ |
| ၆။ | စင်းလျှင်း | = အမြဲ၊ မပြတ်မလပ်။ |
| ၇။ | တုပ်ကွ | = ရိုသေလေးစားသည်၊ ညွှတ်တွားခယသည်။ |
| ၈။ | ထုံးတီး | = ရှေးထုံးဟောင်း။ |
| ၉။ | နိဒ္ဒ | = အမြဲ။ |



REDMI NOTE 8
TAIN HTUT KHAUNG

၁၀။ ပုထိုး = ဓာတ်တော်မွေတော် စသည်တို့ကိုဌာပနာ၍ အုတ်ကျောက်စသည်ဖြင့် တည်ထားသော မုစ်ပေါက် သို့မဟုတ် မုခ်ယောင်ပါရှိသောစေတီ။

၁၁။ ပုံပြင် = ဆုံးမသည်၊ သွန်သင်သည်၊ ဖြောင့်မှန်ကောင်းမွန်အောင်လုပ်သည်။

၁၂။ ပေါ်လွင် = ပေါ်ပေါ်ဆဆ၊ ပလွှားဝင့်ဝါသည်။

၁၃။ ဝမ်းထဲခွေ = စိတ်ထဲ၌မှတ်သားနှလုံးသွင်းသည်။

၁၄။ သိမ်းမြန်း = ထိန်းသိမ်းစောင့်ရှောက်သည်။

## အဓိကအချက်များ

- စာပေများကို တတ်မြောက်အောင်သင်ကြားရသည်။ ပေါ်ပေါ်ဆဆမနေဘဲ ကောင်းသည့် အရာများကို အတုယူရသည်။ ကောင်းသောအမှုကိစ္စများကို မြတ်နိုးတတ်၍ ကောင်းအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် မိမိ၌ ကောင်းကျိုးအစဉ်တည်မြဲနေစေရသည်။
- ကျေးဇူးရှင်မိဘနှစ်ပါးကို ရိုသေစွာလုပ်ကျွေးရမည်။ သက်ကြီးဝါကြီး အမျိုးအဆွေများကိုလည်း အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်လျက် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေသည်။
- ငယ်စဉ်ကတည်းက ဆရာ့ထံ၌ ပညာကို ကြိုးစားသင်ယူရသည်။ ရရှိလာမည့်ပညာ၏ ဂုဏ်ကျေးဇူးနှင့် ဆရာကျေးဇူးတို့ကို အထူးသိမြင်ဆင်ခြင်လျက် မိမိတွင် ပညာဗဟုသုတများ ကြွယ်ဝလာအောင် ကြိုးစားရသည်။

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားလုံးများ၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာ၍ ဖော်ပြပါ။

ဂုဏ်၊ နည်းနာ၊ ဦးတင်၊ တု၊ မုံ၊ ဓယ

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

REDMI NOTE 8
TAIN HTUT KHAUNG

[illegible]၊ [illegible]၊ ရိုသေ၊ ဆည်းပူး၊ သည်းခံ

၃။ အောက်ပါကဗျာစာသားကို သင်နားလည်သည့်အတိုင်းရှင်းပြပါ။

ပေါ်လွင်မပြု

ကောင်းရာတုလျက်

ကောင်းမှုမြတ်နိုး

ကောင်းအောင်ကြိုး၍

ကောင်းကျိုးကိုယ်၌ တည်စေမင်း။

၄။ ပေးထားသောကဗျာတွင် ဖွဲ့ဆိုထားသည့် ကာရန်စနစ်ကို ဖော်ပြပါ။

တစ်ယောက်စကား

တစ်ယောက်နားမှာ

မခါးရအောင်

သတိဆောင်၍

မောင်တို့ဆိုလေ

ပျားသကာသို့ ချိုလှစေ။

၅။ သင့်ပတ်ဝန်းကျင်တွင် အမိအဖနှင့် သက်ကြီးဝါကြီးဆွေမျိုးများအား ကြည့်ရှုစောင့်ရှောက်ပေးသူများကို မြင်တွေ့ဖူးပါသလား။ သင်ကိုယ်တိုင် ထိုကဲ့သို့ ဆောင်ရွက်လိုစိတ်ရှိပါသလား။ အဘယ်ကြောင့်နည်း။

၆။ လောကသာရပျို့တွင်ပါဝင်သောဆုံးမချက်များအရ ရှေးခေတ်မြန်မာ့လူမှုအဖွဲ့အစည်း၏ နှစ်လိုဖွယ် မည်သည့်ကျင့်ဝတ်များကို သိရှိရသနည်း။

၇။ ရှေးခေတ်နှင့်မျက်မှောက်ခေတ် ပညာသင်ကြားသင်ယူပုံတွင် ကွာခြားချက်များရှိပါသလား။ သင်မည်သို့ နားလည်ပါသနည်း။ ကွာခြားချက်များကို ဆွေးနွေးပါ။

REDMI NOTE 8
TAIN HTUT KHAUNG

၂။ (ဝတ္ထုဆောင်းပါး)

အောက်ပါဝတ္ထုဆောင်းပါးကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။

## နိုက်နိုက်ချွတ်ချွတ်

စကားပြောတတ်ခါစကလေးများသည် အလွန်အမေးအမြန်းထူ၏။ နိုက်နိုက်ချွတ်ချွတ်လည်း မေးမြန်းတတ်ကြကုန်၏။

ဤသို့ နိုက်နိုက်ချွတ်ချွတ်မေးကြသောအခါ လူကြီးမိဘတို့သည် စိတ်ရှည်လက်ရှည်နားလည်အောင် ဖြေကြားခြင်းမရှိကြဘဲ၊ မရေမရာဖြေကြားပြီးလျှင် တိုတိုနှင့် စကားကိုဖြတ်လိုက်လေ့ရှိကြ၏။ ဤသို့ တိုတိုနှင့် ဖြတ်လိုက်သောကြောင့် ကလေးများက နားမလည်နိုင်သဖြင့် ထပ်မံ၍မေးမြန်းကြသောအခါ အော်ငေါက်ကာ လွှတ်လေ့လည်း ရှိကြလေသည်။ သို့ဖြစ်သောကြောင့် ကလေးများတွင် ပေါ်၍လာသော သိချင်စိတ်၊ တတ်ချင်စိတ်၊ စူးစမ်းချင်စိတ်တို့မှာ တစ်စတစ်စ ယုတ်လျော့သွားကြကုန်၏။

မောင်လူအေး ၅ နှစ်သားတုန်းက အဘွားဒွေးကြီးနှင့်အတူ ဓမ္မကထိကအကျော် ဘုန်းတော်ကြီးတစ်ပါး၏ တရားကိုနာရန် မုပ္ပနိဘုရားရင်ပြင်တော်ပေါ်သို့ လိုက်ပါသွားလေသည်။ ထိုဘုန်းတော်ကြီးဟောကြားသော တရားတွင် ပြည့်တန်ဆာမဟူသော စကားတစ်လုံးပါ၍လာ၏။ ထိုစကားကို မောင်လူအေး နားမလည်ချေ။ တရားပွဲပြီး၍အိမ်သို့အပြန်လမ်းထဲတွင် ဘွားဒွေးကြီးအား ပြည့်တန်ဆာမဆိုသော စကား၏ အဓိပ္ပာယ်ကိုမေး၏။

"ပြည့်တန်ဆာမဆိုတာ မိန်းမရွှင်ဆိုတာပေါ့ဟဲ့" ဟု ဘွားဒွေးကြီးက ဖြေလေသည်။

မိန်းမရွှင်ဆိုသောစကား၏ အဓိပ္ပာယ်ကိုလည်း မောင်လူအေး နားမလည်သောကြောင့် မိန်းမရွှင်၏ အဓိပ္ပာယ်ကို မေးပြန်၏။ ဘွားဒွေးကြီး စိတ်မရှည်လေတော့ပြီ။

"သည်ကောင်ကလေးဟာ နိုက်နိုက်ချွတ်ချွတ် ဘာတွေကို လျှောက်မေးတာလဲ . . တော်" ဟူ၍ ငေါက်လိုက်သောကြောင့် မောင်လူအေးမှာ ထပ်၍မမေးဝံ့တော့ဘဲ တိတ်၍သွားရှာ၏။ စိတ်ထဲကမူကား အနည်းငယ်မျှ ကျေနပ်ခြင်းမရှိချေ။

REDMI NOTE 8
TAIN HTUT KHAUNG

အနောက်နိုင်ငံများတွင်မူကား မြန်မာပြည်မှာကဲ့သို့မဟုတ်။ ကလေးများ၏ သိချင်၊ တတ်ချင်၊ စူးစမ်းချင်သောစိတ်များကို ချိုးနှိမ်ဖို့ဝေးစွ၊ အထူးပင်အားပေးကြောင်းကိုကြားဖူး၏။ သိလည်းသိဖူး၏။ သို့ဖြစ်သောကြောင့် မိမိ၏ အလှည့်သို့ကျလျှင် မိမိ၏သားသမီးများ၏ သိချင်၊ တတ်ချင်၊ စုံစမ်းချင်သော စိတ်များကို ကြိုးစားကာအားပေးအံ့ဟု မောင်လူအေးဆုံးဖြတ်ထားသောဟူ၏။

မိမိ၏သားကလေး မောင်လူမွေးကား အသက် ၄ နှစ်အတွင်း ဝင်လာပြီဖြစ်သောကြောင့် အတော်ပင် စကားပြောတတ်နေလေပြီ။ အပျံသင်စငှက်ကလေးကဲ့သို့ အလွန်စကားပြောချင်၏။ အမေးအမြန်း ထူလှ၏။ သိချင် တတ်ချင် စုံစမ်းချင်လှပေသည်။ သူ့အမေးအမြန်းထူလှသောကြောင့် သူ့အမေ၊ သူ့အဒေါ်များ စိတ်မရှည်ကြ။

တစ်ခါသော် မောင်လူအေး ရုံးမှပြန်လာပြီးနောက် အိမ်ဘေးဝရန်တာထွက်ကာ သားကလေး မောင်လူမွေး၊ သမီးကလေးမယ်မွေးတို့နှင့်အတူ ထိုင်နေ၏။ သမီးကလေးကား ပန်းဆိုသောစကား တစ်လုံးအပြင် မည်သည့်စကားကိုမျှ မတတ်သေး။ မောင်လူမွေးကား ထွေရာလေးပါး ထင်ရာများကို ပြောကြား၍ နေလေသည်။

ဤသို့ပြောကြားနေခိုက် စာကလေးသုံးကောင်တို့သည် အနီးအနား သရက်ပင်ပျိုပေါ်သို့ ပျံတက်လိုက်၊ သရက်ပင်အောက် မြေပြောင်ပြောင်ပေါ်သို့ ပျံဆင်းလိုက်နှင့် ဆူညံစွာ မြူးထူးပျော်ပါး နေကြလေသည်။ မောင်လူအေးက သမီးကလေးမယ်မွေးအား ထိုစာကလေးတို့ကို လက်ညှိုးထိုး၍ ပြနေ၏။ ထိုအခါမောင်လူမွေးက

"ဖေဖေ . . ဖေဖေ စာကလေးတွေဟာ ဘာဖြစ်လို့ဖိနပ်မစီးသလဲ" ဟု မေးလိုက်၏။ သား၏ အမေးကို ရုတ်တရက်ဖြေရန် ခက်သွားသောကြောင့်

"ဘာဖြစ်လို့လဲ သားရဲ့" ဟု ပြန်၍မေးလိုက်၏။

"မောင် မြေကြီးပေါ်ဆင်းရင် မေမေက ဖိနပ်စီးရမယ်ပြောတယ်။ စာကလေးတွေ မြေကြီးပေါ် ဆင်းတော့ ဘာဖြစ်လို့ ဖိနပ်မစီးဘူးလဲ"

"မောင် မြေကြီးပေါ်ကို ဖိနပ်မပါဘဲဆင်းရင် ခြေအေးမှာစိုးလို့ပေါ့"

"စာကလေးကော ခြေမအေးဘူးလား"

"စာကလေးလဲ အေးမှာပေါ့"

"ဒါဖြင့် စာကလေးက ဘာဖြစ်လို့ဖိနပ်မစီးဘူးလဲ"

REDMI NOTE 8
TAIN HTUT KHAUNG

"မောင်က ခြေအေးရင် ဖျားမှာစိုးလို့ပေါ့"

"စာကလေးကော ခြေအေးရင် မဖျားဘူးလား"

"သူတို့ကတော့ မဖျားဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ကတော့ ငှက်ဟာကိုး"

"ငှက်တော့ ဘာဖြစ်လို့ မဖျားဘူးလဲ။ မောင်ကတော့ ဘာဖြစ်လို့ဖျားသလဲ"

"ငှက်တော့ တိရစ္ဆာန်ဟာကိုး"

"တိရစ္ဆာန်ဆိုတာ ဘာလဲ"

မောင်လူအေး အဖြေရခက်နေပြီ။ အတော်ကလေးကြာအောင် မဖြေသေးဘဲ တွေ၍နေပြီးမှ

"တိရစ္ဆာန်ဆိုတာ ဉာဏ်မရှိဘူး။ စားဖို့ အိပ်ဖို့ပဲ သိတယ်"

မောင်လူမွေး နားမလည်။ သူ့စိတ်ထဲတွင် ရှုပ်သည်ထက်ရှုပ်၍ သွားလေပြီ။

"ဖေဖေ ဉာဏ်ဆိုတာဘာလဲ" သာ၍ခက်လေပြီ။

"ဉာဏ်ဆိုတာ သိတတ်တာပေါ့ကွဲ့"

"သိတတ်တယ်ဆိုတာ ဘာလဲ"

ကြာလေဆိုးလေဖြစ်လေသဖြင့် မောင်လူအေး အကျပ်တွေ့နေလေပြီ။

"သိတတ်တယ်ဆိုတာ ညအိပ်ရာမဝင်ခင် ဘုရားရှိခိုးတာ။ အဖေအမေကို ရှိခိုးတာတွေကို ဆိုတာပေါ့ကွဲ့။ ဖေဖေလဲ သည့်ထက်ရှင်းအောင် မဖြေတတ်တော့ဘူး"

"စာကလေးဟာကော ညကျရင်မောင်တို့လို ဘုရားမရှိခိုးဘူးလား"

"ဘာရှိခိုးမလဲ။ မရှိခိုးဘူး"

"ဘာဖြစ်လို့ မရှိခိုးဘူးလဲဖေဖေ"

"တိရစ္ဆာန်ဟာကိုး"

"တိရစ္ဆာန်ဆိုတာ ဘာလဲ"

REDMI NOTE 8
TAIN HTUT KHAUNG

"အခုပဲ ပြောပြီးတယ် မဟုတ်လား"

"ပြန်ပြောပါအုံး ဖေဖေ"

မောင်လူအေးတို့သားအဖ ရှုပ်ထွေးနေကြလေပြီ။ ကံအားလျော်စွာ ခင်သန်းမြင့် ဝရန်တာသို့ ထွက်၍လာ၏။

"အတော်ပဲဟေ့ - မောင်မွေးတို့မောင်နှမကို သကြားလုံးကလေးတွေပေးလိုက်ပါကွယ်" ဟု ပြောလိုက်တော့မှ ကလေးနှစ်ယောက် သူတို့၏ အမေဆီသို့ ပြေးသွားကုန်ကြ၏။

အကယ်၍သာ ခင်သန်းမြင့်ပေါ် မလာလျှင် မောင်လူမွေးတို့သားအဖ မည်မျှကြာအောင် ရှုပ်ထွေးနေကြမည်မသိ။

ထို့နောက် ဆယ်ရက်ခန့်ကြာသော် မောင်လူအေးတို့အိမ်တွင် မွေးထားသော ကြောင်မကြီးသည် သားလေးသုံးကောင်ကိုမွေး၏။ မောင်လူမွေးမှာ ပျော်၍မဆုံးတော့ပြီ။ ကြောင်သားကလေးတွေအနားမှ မခွာ၊ ကြောင်မကြီးမှာလည်း သူ့သားကလေးများကို ယူသွားမည်စိုးသောကြောင့် တထိတ်ထိတ်နှင့်နေရှာ၏။ အိမ်သို့ လူလာတိုင်း ကြောင်သားကလေးများအကြောင်းကို အားရပါးရ မောင်လူမွေး ပြောပြလေသည်။

ကြောင်သားကလေးတွေကိုမွေးပြီးနောက် ၁၅ ရက်ခန့်ကြာသောအခါ ဒေါက်တာဒေါ်ရင်မေသည် မောင်လူအေးတို့အိမ်သို့ လာ၏။ မောင်လူမွေးသည် မိမိ၏အဖေနားကပ်ပြီးလျှင်

"ဒါဘယ်သူလဲ ဖေဖေ" ဟုမေး၏။

"ဒေါက်တာဒေါ်ရင်မေဆိုတာ သူပေါ့ကွဲ့"

"သူ ဘာလာလုပ်သလဲ ဖေဖေ"

"မေမေ့ဗိုက်ထဲမှာရှိတဲ့ မောင့်ညီကလေးကိုမွေးပေးဖို့ မေမေ့ကို လာကြည့်တယ်"

"ညီကလေးကို ဘယ်တော့မွေးမလဲ"

"တစ်လလောက်ကြာရင် မွေးမယ်ထင်ပါရဲ့"

"မွေးတဲ့အခါ သူကဘာလုပ်မလဲ"

"သူက မွေးပေးမှာပေါ့။ ဒေါက်တာဟာကိုး"

"ကြောင်သားကလေးကိုမွေးတုန်းကကော သူ့ကိုဘာဖြစ်လို့ မခေါ်ဘူးလဲ"

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

မောင်လူအေး အခက်ကြုံပြန်ပြီ။ ချက်ချင်းမဖြေနိုင်။

"ကြောင်က တိရစ္ဆာန်ဟာကိုး" ဟုဖြေလျှင်

"တိရစ္ဆာန်ဟာ ဘာလဲ။ တိရစ္ဆာန်ကတော့ ဘာလို့ ဒေါက်တာမခေါ်သလဲ" ဟု မြန်၍ မေးမည်ကို သိ၏။ ဤသို့သိသောကြောင့် မည်သို့ဖြေရမည်ကို စဉ်းစား၍နေ၏။

"မောင်မေးတာ ဖြေပါအုံး ဖေဖေရဲ့" ဟု ထပ်၍ တောပြန်သည်။

"ကြောင်ကတော့ဒေါက်တာမခေါ်ပေမဲ့ သူ့အလိုလိုမွေးတာပဲ"

"မေမေကတော့ကော ဘာဖြစ်လို့ သူ့အလိုလို မမွေးဘူးလဲ"

"မေမေလဲ သူ့အလိုလို မွေးချင်မွေးမှာပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ ဒေါက်တာကိုခေါ်သလဲ"

"ဒါကတော့ မောင့်မေမေက သိပ်အစားကြီးတာကိုး။ ဒါကြောင့်ခေါ်ရတာပေါ့" ဟု ထင်မိ ထင်ရာ ဖြေလိုက်၏။

"ဖေဖေမွေးရင်ကော ဒေါက်တာခေါ်ရမလား"

"ဖေဖေက ဘယ်မွေးရမလဲ။ မမွေးပါဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဖေဖေက ယောက်ျားဟာကိုး"

"ယောက်ျားကတော့ ဘာဖြစ်လို့ မမွေးဘူးလဲ"

မောင်လူအေး အကျပ်တွေ့ပြန်ပြီ။ မည်သို့ဖြေရမည်ကို တွေ၍စဉ်းစားနေ၏။ ဤအခိုက်

"အိုက်စ်ခရင်း" ဟူ၍ ရေခဲမုန့်သည်က လမ်းမက အော်လိုက်သည်နှင့်

"ဖေဖေ ရေခဲမုန့် စားမယ်" ဟု ပူဆာ၏။ မောင်လူအေး အကြိုက်ကျသွားပြီးလျှင်

"အေး အေး ခေါ်လိုက်" ဟု ပြောသည်နှင့် နေရာမှ ထပြေးသွားပြီးလျှင် ရေခဲမုန့်သည်ကို ခေါ်၏။ သို့နှင့် မောင်လူအေးမှာ အခက်အခဲမှ လွတ်မြောက်သွားရရှာလေသတည်း။

၂၀ ရာစု

သိပ္ပံမောင်ဝ

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

## ခက်ဆစ်အဖွင့်

၁။ ချက်ချင်း = မဆိုင်းမငံ့။

၂။ စိတ်ရှည် = သည်းခံနိုင်သည်။ ဖွဲ့ကောင်းသည်။

၃။ ထွေရာလေးပါး = အမျိုးမျိုးအဖုံဖုံ။

၄။ နှိုက်နှိုက်ချွတ်ချွတ် = စေ့စေ့စပ်စပ်။ သေသေချာချာ။

၅။ အကျပ်တွေ့ = အခက်အခဲနှင့်ရင်ဆိုင်ရသည်။

၆။ အားရပါးရ = စိတ်ရှိလက်ရှိ။ လှိုက်လှိုက်လှဲလှဲ။

## အဓိကအချက်များ

- ❖ စကားပြောတတ်ခါစ ကလေးများသည် အလွန်အမေးအမြန်းထူကြသည်။
- ❖ နှိုက်နှိုက်ချွတ်ချွတ်လည်း မေးတတ်ကြသည်။
- ❖ ကလေးများ၏သဘာဝအရ သိချင်၊ တတ်ချင်၊ စုံစမ်းချင်ကြသည်။
- ❖ ကလေးများ၏ စူးစမ်းလိုစိတ်ကို အားပေးသည့်အနေနှင့် သူတို့မေးသည့်မေးခွန်းများကို လူကြီးများက အလေးထား အဖြေပေးသင့်သည်။
- ❖ ကလေးများ အသက်အရွယ်နှင့် နားမလည်နိုင်သော၊ မသိသင့်သောအကြောင်းအရာဖြစ်လျှင် စကားလမ်းကြောင်းလွှဲသင့်က လွှဲ၍ပြောရသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ ဆီလျော်သော အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

စူးစမ်း၊ ဝရန်တာ၊ ဝေါက်၊ အလှည့်၊ တိရစ္ဆာန်၊ ယောကျ်ား

၂။ အောက်ပါကြိယာအထူးပြုများကို ဝါကျတွင်သုံးပြပါ။

ထင်မိထင်ရာ၊ တထိတ်ထိတ်၊ အားရပါးရ၊ စိတ်ရှည်လက်ရှည်၊ တစ်စတစ်စ

REDMI NOTE 8
TAIN HTUT KHAUNG

၃။ ပေးထားသောစကားလုံးများကို ဝါကျများရှိကွက်လပ်များတွင် မှန်ကန်စွာဖြည့်ပါ။

(က) ကျွန်မသည်------တရက်ကြားလိုက်ရသော သတင်းကြောင့် အားအင်များ ------ လျော့သွားရသည်။ (ယုတ်၊ ရုတ်)

(ခ) ခြင်းခတ်ကစားသူများသည် ခြင်းလုံးအား မည်သို့------လတ်စွာ ခတ်ရမည်ကို ချက်ချင်းဆုံး------နိုင်ကြသည်။ (ဖြတ်၊ ဖျတ်)

(ဂ) ကိုကိုသည်------နေသောအင်္ကျီကို ပြန့်သွားသည်အထိမီးပူတိုက်ရမှ ------နပ်တတ်သူဖြစ်သည်။ (ကြေ၊ကျေ)

(ဃ) ရေမြောင်းထဲတွင် ------များပေါက်ဖွားနေသည်ကို တွေ့လိုက်ရသောအခါ ကျွန်တော်သည် သန့်ရှင်းရေးလုပ်ပေး------လာသည်။ (ချင်၊ ခြင်)

(င) ကျွန်တော်သည် သစ်ပင်စိုက်ရန်ကျင်း------နေရင်း ကလေးများမြူး------စွာ ကစားနေကြသည်ကို ကြည့်နေမိသည်။ (ထူး၊ တူး)

၄။ သင်ငယ်စဉ်က အဖြေရခက်သော နိုက်နိုက်ချွတ်ချွတ်မေးခွန်းများကို မောင်လူမွေးကဲ့သို့ ဆရာ၊ မိဘနှင့် ပတ်ဝန်းကျင်ရှိလူများကို မေးဖူးပါသလား။ ထိုအတွေ့အကြုံကို စိတ်ဝင်စားဖွယ် ရေးပြပါ။

၅။ သင်တို့ပတ်ဝန်းကျင်ရှိ မောင်လူမွေးကဲ့သို့ နိုက်နိုက်ချွတ်ချွတ် မေးမြန်းတတ်သော ကလေးတစ်ဦး အကြောင်းကို ရေးသားပါ။

၆။ ကလေးတို့၏ စူးစမ်းလိုစိတ်ကို လူကြီးများက အားပေးသင့်သည်ဟု ထင်ပါသလား။ သင်၏အယူအဆကို ဖော်ပြပါ။

၇။ သင်၏မောင်ငယ်၊ ညီမငယ်တို့က သိလိုသောမေးခွန်းများမေးလာလျှင် သင်မည်သို့တုံ့ပြန်ဖြေကြားမည်နည်း။

REDMI NOTE 8
TAIN HTUT KHAUNG

## ၃။ အတွေးနှစ်ထွေ (သုတရသစကားပြေ)

ဖောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက် ဖတ်ပြီးဆွေးနွေးပါ။

### ပန်းပဲမင်းကြီး

ပန်းပဲမင်းကြီးသည် ငယ်မည် ဦးမှို့ခေါ်သည်။ ဇာတိ အင်းဝမြို့သားဖြစ်သည်။ မှူးရိုးမတ်ရိုး ဖြစ်သည်။ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်ဘုရားလက်ထက်က လက်သုံးတော်ကြီးကိုင် ခန့်ထား သူကောင်းပြုတော်မူသည့်ပြင် စလ္လမြို့စားမင်းသား အခေါ်ခံရသည်။

ရွှေဘိုဘုရင်မင်းတရားလက်ထက် ပန်းပဲဝန်၊ အတွင်းဝန်အရာကို ချီးမြှောက်ခန့်ထားတော်မူသည်ကို ခံရသည်။ ပုဂံရွှေနန်းရှင်ဘုရားလက်ထက် ပန်းပဲဝန်၊ အတွင်းဝန်ရာထူးရင်းအတိုင်း ချီးမြှောက် သူကောင်းပြုသည်ကို ခံရသည်။

မန္တလေးမြို့ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် ပန်းပဲဝန်ကြီး၊ သေနတ်ဝန်ကြီး ရာထူးများကို ချီးမြှောက်သူကောင်းပြုခြင်းခံရသည်။ နောက် ပန်းပဲဝန်ကြီးမင်းသည် အဆောက်အအုံ လုပ်ဆောင်ရေးဌာနဝန်ကြီး၊ စစ်ဘက်ဆိုင်ရာဌာနဝန်ကြီး၊ ယင်းနှစ်ဌာနဝန်ကြီးချုပ်အဖြစ်နှင့် အမှုတော်ကို ထမ်းရွက်တော်မူရသည်။

ဗိသုကာအတတ် တတ်မြောက်ခြင်း

မန္တလေးရတနာပုံရွှေမြို့တော်တည်ရန် ပန်းပဲမင်းကြီးသို့ အရေးတုန်လွှဲအပ်တော်မူသည့်အတိုင်း လုပ်သားပေါင်းများစွာနှင့် နန်းမြို့နေရာ ခုတ်ထွင်ရှင်းလင်းပြီးလျှင် တာဝန်ခွဲတော်မူသည်မှာ ခြေလှမ်းနှင့် ဝုတ်တိုင်စိုက်မှတ်စေ၍ ဤနေရာကားပြကြီး၊ ဤနေရာကားပြငယ်၊ ဤနေရာကားကျုံးတော်၊ ဤနေရာကား အုတ်မြို့ရိုးကြီး စသည်ပိုင်းခြား၍ ပြုပြင်ဖောက်လုပ်စေသည်။ ဤနေရာကား နန်းမြို့တော်ကြီး ဟူ၍ မဟာမြင်းမိုရ်တောင်မင်းသဏ္ဌာန်ပြုလုပ်၍ နန်းတော်ဆောက်လုပ် တည်တော်မူသည်။ အမရပူရ မြို့ရှိ နန်းတော်ကို အရှိုရွှေ့ပြောင်းစိုက်ထူတော်မူရာ ခြေလှမ်းနှင့် တိုင်းထွာပြီးလျှင် ပနှုတ်ချတွင်းတူး စေ၍ အမရပူရမြို့ရှိ ဆောက်ထားသော နန်းဆောင်ပုံအတိုင်း ကျနအောင် ရွှေ့ပြောင်းစိုက်ထူတော် မူသည်။

ပြာသာဒ်၊ စုဝိကာ(ထုပိကာ) စုလစ်၊ မှန်းမှုန် စသော ဆောင်ပုံများတင်၍ ပြုလုပ်သည့်အခါ ပန်းပဲမင်းကြီးသည် မြေကနေ၍ မျက်စိတစ်ဖက်ကိုမှိတ်လျက် လက်နှင့်ကြည့်၍ အတိုင်းအထွာပြီး လျှင် ဟဲ့. . . ဟိုအထွတ်အစွန်ကို လက်လေးဆစ်ခန့်ဖြတ်လိုက်၊ ထစ်မိုက်ခန့်ဖြတ်လိုက်စသည်ဖြင့် မိန့်တော်မူသည်။ မြေကကြည့်၍ ချိန်သည့်အခါ အနီးအကွာနေ၍ ချိန်တော်မူသည်။

REDMI NOTE 8
TAIN HTUT KHAUNG

ယခုတည်လျက်ရှိသော ကျုံးနှင့်တကွ ရတနာပုံမြို့တော်နန်းတော်သည် ပန်းပဲမင်းကြီး ခြေလှမ်းကို တာဖွဲ့၍ တည်တော်မူသော နန်းမြို့တော်ကြီးဖြစ်ပေသည်။ မြို့တွင်း၌ မြကွက်ချ၍ ရာကြီး၊ ထူးကြီး၊ ဝန်စု၊ မှူးစု နေရာအကွက်များကို သတ်မှတ်ပိုင်းခြားပေး၍ ဝင်းတော်အိမ်တော်များကို ဆောက်လုပ်နေထိုင်စေသည်။

ဤစဉ်အခါက အလုပ်ဆောင်ဌာနဆိုင်ရာ ယခုအခေါ် မျိုး အင်ဂျင်နီယာကျောင်းမရှိ ပန်းပဲမင်းကြီးသည် ခြေနှင့်မျက်စိတတ်သော ပညာဖြစ်ပေသတည်း။

ပုဂံရွှေနန်းရှင်ကုသိုလ်တော် အိမ်တော်ရာဘုရားစေတီတော်၊ မင်းတရားကြီး ကုသိုလ်တော် လောကမာရဇိန်စေတီတော်၊ မြောက်ပြင်စံကျောင်းတော်၊ သာသနာပိုင်တိုက်တော် စသည်များကို ပန်းပဲမင်းကြီး စီမံတည်ထား ဆောက်လုပ်တော်မူရသည်။

၁၂၃၃ ခုနှစ် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်တင်လှူရန် မင်းတရားကြီး ကိုယ်စားပြုလုပ်၍ ပန်းပဲမင်းကြီးကိုယ်တိုင် ရန်ကုန်မြို့သို့ ထီးတော်ကြီးကို ပင့်ယူလာပြီးလျှင် မင်းတရားကြီး၏ နံတော်နေ့ ထီးတော်တင်လှူရန် အင်္ဂလိပ်အစိုးရတို့နှင့်ပြောကြရာ အင်္ဂလိပ်အစိုးရတို့က တနင်္ဂနွေနေ့တင်ရန် အခိုင်အမာပြောကြသဖြင့် ပန်းပဲမင်းကြီးက မဆန့်ကျင်ဘဲ အင်္ဂလိပ်အစိုးရတို့ အလိုအတိုင်း ဖြစ်စေရန် တနင်္ဂနွေနေ့ထီးတော်တင်လှူရာ ထီးဆွဲငြမ်းကြိုးပြတ်၍ ထီးတော်ကြီးသည် ခရီးလမ်းထက်ဝက်၌ တန့်ရပ်လျက် နေတော်မူသည်။ တနင်္ဂနွေနေ့မှာ ထီးတော်မအောင်မြင်ချေ။ နောက် မင်းတရားကြီး မွေးနံတော် အင်္ဂါနေ့ကျရောက်မှ ထီးတော်ကြီးတင်လှူအောင်မြင်တော်မူချေသည်။

(ဤနေရာ၌ပန်းပဲမင်းကြီးသည် အင်္ဂလိပ်အစိုးရတို့ကပေးသော တနင်္ဂနွေနေ့ကို ထီးတော်တင်ရာ မအောင်မြင်ချေ။ မိမိအရှင်အမိန့်တော်မြတ်အတိုင်း မွေးနံတော်အင်္ဂါနေ့မှ ထီးတော်တင်လှူအောင်မြင်တော်မူအောင် ကြံစည်သောဉာဏ်ကို စဉ်းစားရန်ကောင်းသည်။)

ပန်းပဲမင်းကြီးသည် လုပ်ဆောင်ရေးဌာန၌ ဘုရားစေတီ တည်လိုသည်ရှိသော် ဖိနပ်တော် အတောင် မည်မျှခင်းလျှင် ဉာဏ်တော်မည်မျှမြင့်မည်၊ ပထမထီး၀ မည်မျှအတောင်အထွာထားရမည်ကို ရုတ်ခြည်း ပြောပြနိုင်သည်။

ပထမထီး၀ မည်မျှအတောင်ထား၍ စေတီတည်လိုသည်ရှိသော် ဖိနပ်တော်အတောင် မည်မျှထား၍ စေတီတည်ရမည်ကို ပြောပြနိုင်သည်။

ကျောင်းဦး - ပြာသာဒ် ဘုံ ၉ ဆင့်၊ ၇ ဆင့်၊ ၅ ဆင့်ထား၍ ကျောင်းဆောက်လိုလျှင် ကျောင်းတိုင် အကွာအဝေး မည်မျှထား၍ ဆောက်ရမည်ကို ပြောပြနိုင်သည်။

ဤသည်တို့ကား စက္ကူကွန်ပါနှင့်ထောက်၍ ပုံရေးပြရသည် မဟုတ်။ စိတ်မှတ်ပညာနှင့် နှုတ်က အမြန်ပြောပြနိုင်သည်။ ပုံစံထုတ်ပြသော စာအုပ်မရှိ။ တိုင်းတာမှတ်သားသော ကိရိယာ တန်ဆာ မရှိသောကြောင့် သက်သေခံမရှိသဖြင့် မြန်မာလူမျိုးကိုညံ့ဖျင်းသည်ဟူ၍ စွပ်စွဲပြောဆိုကြ [illegible] သက်သေခံမှာ မန္တလေးမြို့နှင့်တကွ ရှေးရှေးက မင်းနေမြို့ဟောင်းများကို

REDMI NOTE 8
TAIN HTUT KHAUNG

တည်ထားခဲ့သော ဘုရား၊ ဂူ၊ ကျောင်း၊ လိုဏ်များ၊ ကျုံးတော်မြို့ရိုး နန်းတော်များကိုသာ ကြည့်ရှု၍ သက်သေခံပုံစံအမှတ် ပြုကြရမည်ဖြစ်ပေတော့သည်။

## သဘောသတ္တိ

ပန်းပဲမင်းကြီးသည် မင်းတရားကြီး၏ ခုနစ်ရွာမိဖုရားမောင်တော်ဖြစ်သော တောင်ထားဝယ် သေနတ်ဗိုလ် မောင်တိုးကို ထောင်း၍ စီရင်သောအမှု ပေါ်ပေါက်၍ ရွှေနားတော်ကြားတော်မူသဖြင့် ညီလာခံ၌ ပန်းပဲမင်းကြီးကို မင်းတရားကြီးက မေးတော်မူရာ၊ ပန်းပဲမင်းကြီးက တောင်ထားဝယ် သေနတ်ဗိုလ်ရာထူးနှင့် ခန့်ထားသူကောင်းပြုတော်မူသည်ကို ဗိုလ်နေရာ၌မနေ၊ ဝန်ကြီးတို့၏ လုပ်ဆောင် ရေးနေရာ၌ လာရောက်သြဇာအာဏာပြလေသည်။ ဤကဲ့သို့ သြဇာအာဏာပြခြင်းသည်ကား အခြား မဟုတ်။ ငါ၏အစ်မက မိဖုရား၊ ရှင်ဘုရင်က ငါ့ယောက်ဖဟု အားထားပြီးလျှင် ဝန်ကြီးများအပေါ်၌ စော်ကားခြင်းဖြစ်သောကြောင့် နောင်ကို အရှင့်အရေးတော် ယုတ်လျော့မည်ကိုမြင်၍ သင်းလည်း တစ်သက်လုံးမှတ်ရန်၊ အခြားအမှုထမ်းတို့ ကြောက်ရွံ့ရန် မိဖုရားမောင်၊ ရှင်ဘုရင်ယောက်ဖ၊ တောင်ထားဝယ်သေနတ်ဗိုလ်ငတိုး မိုက်သောကြောင့် ကိုယ်တိုင်ထောင်း၍ စီရင်လိုက်ပါသည်ဟု လျှောက်ထားသောအခါ မင်းတရားကြီးက ပြုံးတော်မူလေသည်။

ပန်းပဲမင်းကြီးသည် ရာထူးစည်းစိမ်ကိုမငဲ့၊ မဟုတ်လျှင်မခံတတ်သော သတ္တိရှိတော်မူသော ကြောင့် မင်းအဆက်ဆက် ယုံကြည်တော်မူခြင်းကို ခံတော်မူရချေသည်။

မှော်ဘီ (မော်ပီ၊ မှော်ပီ) ဆရာသိန်းကြီး

၂၀ ရာစု

## စကားဆစ်အဖွင့်

| | | |
|---|---|---|
| ၁။ | ကြံစည် | = တွေးတောစိတ်ကူးသည်။ |
| ၂။ | ကွန်ပါ | = စက်ဝိုင်းပုံဆွဲရန်၊ အကျဉ်းအကျယ် အကွာအဝေးတိုင်းရန်ကိရိယာ။ |
| ၃။ | ခက်ထန် | = (ကိုယ်၊စိတ်) ကြမ်းတမ်းသည်။ |
| ၄။ | စကေး | = မြေပုံစသည်တို့ကိုရေးဆွဲရာ၌ ချဲ့ပြ ချုံ့ပြထားသော အချိုးအတိုင်းအတာ။ |
| ၅။ | စုလစ် | = အမိုးပြာသာဒ်၊ ပလ္လင်တံကဲ၊ မုခ်ခုံးစသည်တို့၏ အထွတ်အဆင် တန်ဆာ။ |
| ၆။ | စံကျောင်း | = ရဟန်းသံဃာတို့စံမြန်းတော်မူရာကျောင်း။ ဘုန်းကြီး၏ရုပ်ကလာပ်ကို ယာယီထားရာကျောင်း။ |

REDMI NOTE 8
TAIN HTUT KHAUNG

၇။ ညီလာခံ = ရှင်ဘုရင်သည်မှူးမတ်တို့နှင့် စည်းဝေးတိုင်ပင်သည်။ ယင်းတို့ပြုလုပ်သော အစည်းအဝေး။ ကိုယ်စားလှယ်များ စုဝေးဆွေးနွေးရာအစည်းအဝေးကြီး။

၈။ ဒုပိကာ(ထုပိကာ) = ပြာသာဒ်အထွတ်။

၉။ ပန္နတ် = အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ဦးစွာစိုက်သောအင့တ်။

၁၀။ ပန်းပဲ = သံထည်ပစ္စည်းများပြုလုပ်သော အတတ်။

၁၁။ မွမ်းချွန် = ပြာသာဒ်တွင်မွမ်းမံထားသော အချွန်အတက် အဆင်တန်ဆာ။

၁၂။ ဝန်ကြီးချုပ် = ဝန်ကြီးအဖွဲ့ကို ဦးစီးရွှေဆောင်တာဝန်ယူရသောပုဂ္ဂိုလ်။

၁၃။ ဝန်စု = ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့၏အစု။

၁၄။ သာသနာ = မြတ်စွာဘုရား၏အဆုံးအမ။ ယင်းအဆုံးအမ တည်ရှိနေဆဲကာလ။

## အဓိကအချက်များ

- ဝန်းပဲမင်းကြီး၏ ဗိသုကာဆောက်လုပ်ရေးအတတ်ပညာသည် စက္ကူတွက်ပါနှင့်ထောက်၍ ပုံရေးပြသည်မဟုတ်၊ စိတ်မှတ်ပညာဖြင့် ဆောက်လုပ်သည့်ပညာဖြစ်သည်။
- ဝန်းပဲမင်းကြီးသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး ထီးတော်ကို ပင့်ဆောင်လာပြီး ကိုယ်တိုင်ထီးတော်တင်ခဲ့သည်။
- ဝန်းပဲမင်းကြီး၏ ရာထူးစည်းစိမ်ကိုမမက် မဟုတ်လျှင်မခံတတ်သော စိတ်ထားကိုဖော်ပြထားသည်။
- မြန်မာ့ဗိသုကာပညာကို အထင်မသေးသင့်။ အမှန်တကယ် တတ်မြောက်ပါက အနောက်တိုင်း ဗိသုကာပညာနှင့် ယှဉ်နိုင်သည်။
- ထို့ကြောင့် မင်းအဆက်ဆက် အားကိုးအားထားပြုရသော အတတ်ပညာ၊ နည်းပညာရှင်ဝန်ကြီး ဖြစ်ခဲ့သည်။

REDMI NOTE 8
TAIN HTUT KHAUNG

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

ပင့်ယူ၊ မြို့ဟောင်း၊ ရိုက်နှက်၊ ဩဇာ၊တုသိုလ်

၂။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ဝင်း၊ တွန်ဝါ၊ ဖျင်း၊ ညွှံ၊ စိမ့်

၃။ ပန်းပဲမင်းကြီးအကြောင်းကို သင်ဖတ်ရှုခဲ့ပြီးသည့်နောက် မည်သည့်အကြောင်းအရာများကို သိရှိခဲ့ရသနည်း။ အတုယူဖွယ်အကြောင်းအရာကို ဖော်ထုတ်ပြပါ။

၄။ ပန်းပဲမင်းကြီး၏ ထူးခြားသော ဆောက်လုပ်ရေးအတတ်ပညာ အရည်အသွေးများကို ဖော်ပြပါ။

၅။ နှစ်သက်အားကျသော အတတ်ပညာရှင်တစ်ဦးအကြောင်းကို စာတစ်မျက်နှာခန့် စီကုံးရေးသားပါ။

၆။ ပန်းပဲမင်းကြီးသည် မည်တဲ့သို့သော စိတ်သဘောထားရှိသနည်း။ ရှင်းပြပါ။

၇။ အတ္ထုပ္ပတ္တိစကားပြေတွင် မည်သည့်အချက်များ ပါဝင်သင့်သနည်း။

REDMI NOTE 8
TAIN HTUT KHAUNG

## ၄။ ဒွေးချိုး (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### ပန်းစံပယ်

ပန်းစံပယ်
နန်းလယ် မပေါ်ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရှဲပ့်
ခံပွင့်ကို ကုံး။
နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရွာသုံး။

၁၉ ရာစု ဦးပုည

**ဝေါဟာရအဖွင့်**

၁။ ခံပွင့် = ပန်းပွင့်ဖြူကလေးများပွင့်၍ ချဉ်ဖန်သည့်အသီးငယ်များသီးသည့် ပင်ပျပ်တစ်မျိုး။
၂။ စံပယ် = မွှေးသောအပွင့်ဖြူငယ်များပွင့်သည့် ချုံပင်တစ်မျိုး။
၃။ ယာယီ = တစ်နေရာသို့ ရွှေ့ခြင်း၊ ပြောင်းခြင်း၊ သွားခြင်း။
၄။ ရဝေ = နန်းတော် အိမ်တော်တို့၏အဆောင်၊ မြင့်မြတ်သောတိုက်ခန်းနေရာ။

REDMI NOTE 8
TAIN HTUT KHAUNG

## အဓိကအချက်များ

- ❖ နန်းတော်တွင်း၌ စံပယ်ပန်းများမပွင့်မီအချိန်တွင် ခံပွင့်ကလေးများကို သီကုံးပန်ဆင်ခဲ့ကြသည်။
- ❖ နန်းတော်တွင်း၌ စံပယ်ပန်းများလှိုင်နေအောင်ပွင့်သောအခါတွင်မူ ခံပွင့်ကလေးများမှာ ပစ်ပယ်ခံဘဝသို့ ရောက်ရှိခဲ့ရရှာသည်။
- ❖ ခံပန်းများသည် နန်းတွင်းသူနန်းတွင်းသားတို့က မပန်သဖြင့် ရပ်သုံးရွာသုံးဖြစ်သွားသည်။
- ❖ လောကသဘာဝအရ ထီးသုံးနန်းသုံးဖြစ်လိုက်၊ ရပ်သုံးရွာသုံးဖြစ်လိုက်ဖြင့် ပြောင်းလဲနေသော လောကဓံကို ဖော်ပြနေသည်။
- ❖ အတက်အကျ၊ အနိမ့်အမြင့် လောကသဘာဝကို သိမြင်ရပါသည်။
- ❖ လိုအပ်လျှင်အသုံးပြု၍ မလိုအပ်လျှင်စွန့်ပစ်တတ်သော လူ့သဘောသဘာဝကိုသိမြင်ရသည်။

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

သင့်၊ တုံး၊ လှိုင်၊ ရွှေ၊ ရဝေ

၂။ အောက်ပါစကားလုံးများကို သာဓကပြထားသည့်အတိုင်း ကာရန်တူရာယှဉ်တွဲပါ။

သာဓက။ ။ ပေးလှူ - ဖေးကူ

| (က) | (ခ) |
| --- | --- |
| မိုးတိမ် | ယာတော |
| စမ်းရေ | ခုလွမ်း |
| တင့်တယ် | ပန်းဝေ |
| ရှုစမ်း | ချင့်ရှယ် |
| သာမော | စိုးရိမ် |

REDMI NOTE 8
TAIN HTUT KHAUNG

၃။ အောက်ပါဒွေးချိုးကဗျာတွင် မှားနေသောကာရန်စကားလုံးကို ရှာဖွေပြီး အမှန်ပြင်ပါ။

ချိုးနှစ်ကောင်
ထနောင်း ပင်ညီနောင်က
လွမ်းအောင်ကူချွဲ။
ပန်းတော်ဖြူ
ပင်မြက်နေဇာထူလှ
ဖိုးတောင်သူ့တော။

၄။ အောက်ပါဒွေးချိုးကဗျာတွင် ပါဝင်သည့် အချိုးကာရန်များကို ဖော်ပြပါ။

ပျိုလေးရက်တဲ့ ရက်ကန်းစင်
ဘာဆင်လို့မေး။
တို့တစ်တွေ ချွေတာခြင်းကြောင့်
တင်းထိမ်တဲ့လေး။

၅။ ပန်းစံပယ်ကဗျာမှ ခံပွင့်၏နေရာတွင် ဝင်ရောက်ခံစား၍ လောကသဘာဝကို သုံးသပ်ပြပါ။

၆။ ကဗျာပါ စံပယ်ပန်းများမပွင့်မီ ခံပန်းလေးများကို အခိုက်အတန့်အဖြစ် သီကုံးပန်ဆင်ခဲ့ကြသူများအပေါ် သင်မည်ကဲ့သို့ ထင်မြင်မိပါသနည်း။ သင်၏အမြင်ကို ဆွေးနွေးတင်ပြပါ။

၇။ စာဆိုက လောကသဘာဝကို မည်သည့်ဥပမာများဖြင့် ရှင်းပြထားသနည်း။

REDMI NOTE 8
TAIN HTUT KHAUNG

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက် ဖတ်ပြီးဆွေးနွေးပါ။

## နိဂြောဓသမင်မင်း

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် သမင်လိုက်ခြင်း၊ အမဲနှင့်ကင်း၍ ထမင်းမစားခြင်း အလေ့ရှိလျက် နေ့တိုင်းနေ့တိုင်း လူတို့အလုပ်ကိုဖျက်၍ ထိုလူတို့နှင့် သမင်လိုက်သွားလေ့ရှိ၏။

ထိုအခါ လူတို့စည်းဝေး၍ ထိုမင်း သမင်လိုက်ခြင်းဖြင့် ငါတို့လုပ်ခင်းဆောင်တာပျက်ကုန်၏၊ သို့ကြောင့် သားသမင်များစွာတို့ကို မင်းဥယျာဉ်သွင်းပေး၍ထားကုန်အံ့ဟု ညီညွတ်ကြလျက် တောသမင်ပေါင်းများစွာတို့ကို စုရုံးမောင်းနှင် ဥယျာဉ်တွင်းသို့သွင်းပြီးလျှင် မင်းအားကြားလျှောက်ခဲ့ကြလေ၏။

မိပြီးသောသမင်တို့မှာ တစ်ထောင်မျှအရေအတွက်ရှိ၍ ငါးရာလျှင်သမင်မှူးတစ်ကောင်ကျ နိဂြောဓ သမင်မင်းနှင့် သာခ သမင်မင်းဟူ၍ သမင်မင်းနှစ်ကောင်ပါ၏။

မင်းကြီးလာရောက်ရှုသော် ထိုအလွန်တင့်တယ်သော ရွှေသမင်နှစ်ကောင်ကို ဘေးမဲ့ပေးတော်မူပြီးလျှင် ထိုနေ့မှစ၍ တစ်နေ့လျှင်တစ်ကောင်ကျ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စားတော်ချက်သော်လည်းကောင်း လာရောက်ပစ်ခတ် ယူဆောင်သွားလေ့ရှိ၏။

ထိုသို့လာရောက်ပစ်ခတ်သောအခါ သမင်ပေါင်းတို့သည် ကြောက်လန့်သဖြင့် တိုးဝှေ့ပြေးလွှားကြရကုန်ရကား ထိခိုက်ပင်ပန်းခြင်း၊ ကျိုးပဲ့ခြင်း၊ တစ်ခါတစ်ရံသေခြင်းတို့ ဖြစ်ကုန်၏။

သမင်အပေါင်းတို့သည် ထိုအကြောင်းကို နိဂြောဓ သမင်မင်းအား ကြားကုန်သော် နိဂြောဓ သမင်မင်းသည် သာခ သမင်မင်းနှင့်တိုင်ပင်၍ ရင်းတို့သမင်နှစ်စုမှ တစ်လှည့်စီ တစ်နေ့တစ်ကောင်ကျ စဉ်းတီတုံး၌ လည်ကိုစင်း၍ ပေးစေ၏။

တစ်နေ့သော် သာခ သမင်မင်း၏အစုမှ သန္ဓေနှင့် သမင်မတစ်ကောင်၏ အလှည့်သို့ကျလာလျှင် ထိုသမင်မသည် သာခ သမင်မင်းသို့ကပ်၍ "အရှင်၊ အကျွန်ုပ်၌ ကိုယ်ဝန်ရှိ၏၊ ယနေ့ ကျွန်ုပ်အလှည့်ကိုလွန်ပါစေအံ့။ သားဖွားပြီးမှ အကျွန်ုပ်အလှည့်ကိုရောက်ပါစေလော့" ဟုဆို၏။

သာခ သမင်မင်းလည်း "သင့်အလှည့်ကို တစ်ပါးသောသမင်သို့ရောက်စေခြင်းငှာ မတတ်ကောင်း၊ သင်သာသွားလေလော့" ဟုဆိုလေ၏။

REDMI NOTE 8
TAIN HTUT KHAUNG

သမင်မလည်း နိဂြောဓ သမင်မင်းသို့ကပ်၍ ယခင်နည်းအတိုင်းတောင်းပန်သော် "ကောင်းပြီ သင့်အလှည့်ကိုလွှန်စေအံ့" ဟုဆို၍ မိမိကိုယ်တိုင် စဉ်းတီတုံးတွင်သွားအိပ်လေ၏။

ဤအကြောင်းကို စားတော်ချက်က တင်လျှောက်၍ မင်းကြီးကြွားသော် လာရောက်ပြီးလျှင်-

"မြတ်သောသမင်မင်း၊ အသင့်အား ဘေးမဲ့ပေးပြီးမဟုတ်လော၊ အဘယ်ကြောင့်စဉ်းတီတုံး၌ အိပ်သနည်း"

"မြတ်သောမင်းကြီး၊ ကိုယ်ဝန်ရှိသော သမင်မတစ်ခုသည် အလှည့်ကျရာ ကိုယ်ဝန်ကို စောင့်လို သည်ဖြစ်၍ အလှည့်လွှဲရန် အကျွန်ုပ်ထံ၌တောင်းပန်လာ၏။ တစ်ဦး၏ဆင်းရဲကို တစ်ဦး၌ကျရောက် ရန်မတတ်ကောင်း၊ သို့ကြောင့် ထိုသားအမိအတွက် အကျွန်ုပ်အသက်ကို ပေးတော့အံ့၊ တစ်စုံတစ်ရာ နှောင့်နှေးခြင်း မရှိပါလင့်၊ အကျွန်ုပ်ကိုပင် ယူပါလော့"

"သမင်မင်း၊ အသင်ကဲ့သို့ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသောသူကို လူတို့၌ပင် မတွေ့ မမြင်ဖူးပါ။ အလွန်ကြည်ညိုပါသည်။ သို့ကြောင့် အသင်သမင်မင်းအားလည်းကောင်း၊ သမင်မအား လည်းကောင်း ဘေးမဲ့ပေးပါ၏"

"အရှင်မင်းကြီး၊ သမင်နှစ်ကောင်အား ဘေးမဲ့ပေးအပ်ပြီ။ ကျန်သောသမင်တို့အတွက်ကား အသို့ပြုရအံ့နည်း"

"ဘေးမဲ့ပေးပါ၏"

"ဥယျာဉ်၌ သမင်တို့ကား ဘေးမဲ့ရအပ်ပြီ။ ကြွင်းသောသမင်တို့ကား အသို့ပြုရအံ့နည်း"

"အလုံးစုံသောသမင်တို့အားလည်း ဘေးမဲ့ပေး၏"

"သမင်တို့ကား ဘေးမဲ့ရအပ်ပြီ၊ ကြွင်းသောအခြေလေးချောင်းရှိသော သတ္တဝါတို့အား အသို့ ပြုရအံ့နည်း"

"ၚင်းတို့အားလည်း ဘေးမဲ့ပေးပါ၏"

"အခြေလေးချောင်းသတ္တဝါတို့ကား ဘေးမဲ့ရအပ်ပြီ၊ ငှက်အပေါင်းတို့ကား အသို့ပြုရအံ့နည်း"

"ၚင်းတို့အားလည်း ဘေးမဲ့ပေးပါ၏"

ဤသို့လျှင် နိဂြောဓ သမင်မင်းကိုမှီ၍ အလုံးစုံသော သတ္တဝါတို့ ဘေးမဲ့ရပြီးသော် သမင်မင်း သည် မင်းကြီးအား သီလကိုဆောက်တည်လော့၊ တရားကိုစောင့်ပါလော့ဟု အဆုံးအမပေးပြီးနောက် သမင်အပေါင်းခြံရံလျက် တောသို့ထွက်ခဲ့လေ၏။

REDMI NOTE 8
TAIN HTUT KHAUNG

သမင်မလည်း မကြာမီပင် အလွန်လှပတင့်တယ်သော သမင်ငယ်ကိုဖွား၏။ ထိုသမင်ငယ်သည် မြူးရွှင်လျက် သာခ သမင်မင်းထံသို့ သွားလတ်သည်ကိုမြင်၍ အမိသည်

"ချစ်သား၊ အစီးအပွားကိုလိုသောသူသည် နိဂြောဓ သမင်မင်းအားသာလျှင် မှီဝဲရာ၏၊ သာခ သမင်မင်းကို မမှီဝဲရာ။ သာခ သမင်မင်းထံ၌ အသက်ရှင်ရခြင်းထက် နိဂြောဓ သမင်မင်းထံ၌ သေရခြင်းသည် သာ၍မြတ်၏" ဟု ဆုံးမပေ၏။

ထို့နောက် ဘေးမဲ့ရကုန်သောသမင်တို့သည် လူတို့၏ ကောက်တို့ကိုစားကုန်၏။ လူတို့လည်း မပစ်ခတ်ဝံ့၍ မင်းအား ကြားလျှောက်၏။ မင်းလည်း "ငါလဲ နိဂြောဓ သမင်မင်းကိုကြည်ညို၍ ဘေးမဲ့ပေးအပ်ကုန်ပြီ။ ငါ့စကားကိုငါမဖျက်လို" ဟု မိန့်တော်မူ၏။

နိဂြောဓ သမင်မင်းလည်း ထိုအကြောင်းကိုကြားသော် သမင်တို့အား ကောက်ကိုမစားရန် အားမြစ်ဆုံးမ၍ လူတို့သည် မိမိတို့ကောက်လယ် ပတ်ဝန်းကျင်၌ သစ်ရွက်တို့ဖြင့် အမှတ်အသား ချထားလော့ဟု အကြောင်းကြား၏။

ထိုသစ်ရွက်အမှတ်အသားကလွန်၍သမင်တို့ မသွားကြလေကုန် ဟူ၏တည်း။

၂၀ ရာစု ဦးဖိုးကျား

**စကားလုံးဆစ်အဖွင့်**

၁။ ကောက် = စပါး။

၂။ ခန္တီ = သည်းခံခြင်း။

၃။ စားတော်ချက် = ရှင်ဘုရင်၊ မိဖုရားတို့၏ စားဖွယ်ရာများကိုချက်ပြုတ်ရသောသူ။

၄။ စဉ်းတီတုံး = တစ်စုံတစ်ခုကို ဓားဖြင့်ခုတ်စဉ်းရာတွင်အသုံးပြုသောအောက်ခံသစ်တုံး။

၅။ နိဂြောဓသမင် = ဝိုက်ဝန်းသောဦးချိုရှိသမင်။

၆။ ဘေးမဲ့ပေး = ဘေးအန္တရာယ်မပြုဘဲချမ်းသာခွင့်ပေးသည်။

၇။ မှီဝဲ = ပေါင်းဖော်၊ ဆည်းကပ်သည်။

၈။ လုပ်ခင်းဆောင်တာ = လုပ်ကိုင်ဆောင်ရွက်ဖွယ်တာဝန်။

၉။ သာခသမင် = သစ်ခက်ကဲ့သို့လှပသောဦးချိုရှိသမင်။

၁၀။ သန္တေ = ကိုယ်ဝန်။

၁၁။ အလုံးစုံ = အားလုံး။

REDMI NOTE 8
TAIN HTUT KHAUNG

## အဓိကအချက်များ

- ❖ ဦးဖိုးကျား၏ "ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ" မှကောက်နုတ်ထားသော ဇာတက ဝတ္ထုဖြစ်သည်။
- ❖ ဗာရာဏသီမင်းသည် လူအပေါင်းခြံရံလျက် သမင်လိုက်ခြင်းကြောင့် လူအများ လုပ်ငန်း လစ်ဟင်းရသည်။
- ❖ သာခ သမင်မင်းသည် သန္ဓေရှိသောသမင်မ အသတ်ခံရန်အလှည့်ကို ပြောင်းခွင့် မပြုသော်လည်း နိဂြောဓ သမင်မင်းကမူ သမင်မကိုယ်စား အသတ်ခံရန် အလှည့်ယူ လိုက်သည်။
- ❖ နိဂြောဓ သမင်မင်းတွင် အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံသောစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းပီသသော အပြုအမူ၊ ပြဿနာကို အမြော်အမြင်ရှိရှိ ရဲဝံ့စွာဖြေရှင်း နိုင်သောစွမ်းရည်များ ပိုင်ဆိုင်သည်။
- ❖ ခေါင်းဆောင်ကောင်းဖြစ်သော နိဂြောဓ သမင်မင်းကြောင့် ဗာရာဏသီမင်းနှင့်တကွ ပြည်သူများ၊ သတ္တဝါများ ကောင်းကျိုးချမ်းသာ ခံစားရသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

အမဲ၊ ဥယျာဉ်၊ နှောင့်နှေး၊ မြူးရွှင်၊ မှိုဝဲ

၂။ ဤဇာတ်တော်လာ နိဂြောဓ သမင်မင်းအကြောင်းကို သင်နားလည်သလို ပြန်ရေးပါ။

၃။ မင်းဥယျာဉ်အတွင်းမှ သမင်တို့ကို အချင်းချင်းမထိခိုက်စေရန် သမင်မှူးတို့က မည်သို့ စီမံသနည်း။

၄။ သာခ သမင်မင်းသည် မည်သို့သောစိတ်ထားမျိုးရှိနေသောကြောင့် သမင်မ၏အလှည့် ကို မလွှန်စေသနည်း။

၅။ နိဂြောဓ သမင်မင်းသည် မည်သို့သောစိတ်မျိုးရှိ၍ သမင်မအစား လည်စင်းခံသနည်း။ အဘယ်ကြောင့် နိဂြောဓ သမင်မင်းက ဤကဲ့သို့ဖြေရှင်းသနည်း။

၆။ သမင်မက သမင်ငယ်ကို မည်သို့ဆုံးမသနည်း။ အဘယ်ကြောင့်ထိုသို့ ဆုံးမသနည်း။

၇။ နိဂြောဓ သမင်မင်းသည် ခေါင်းဆောင်ကောင်းပီသသည်ဟု ဆိုနိုင်ပါသလား။ သင်၏ ထင်မြင်ချက်နှင့်တကွ ရှင်းပြပါ။

DRAFT for NCC 4-2-2021
REDMI NOTE 8
TAIN HTUT KHAUNG

## ၆။ ဆောင်းပါး (သုတစကားပြေ)

အောက်ပါစကားပြေကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကိုဖတ်ပြီး သူငယ်ချင်းများနှင့် ဆွေးနွေးပါ။

### မြန်မာ့ထမင်းပွဲ

မြန်မာ့ထမင်းပွဲသည် ဖျပ်ခွက်ထဲတွင်ထမင်းပုံထားပြီး လိုသမျှကို မိမိဘက်သို့ယက်ယူကာ လက်ဆုံစားခဲ့ရာမှ ခြေထောက်ပါသောသစ်သားစားပွဲပေါ်တွင် ပန်းကန်ကိုယ်စီဖြင့် ထည့်စားသည့် အဆင့်ထိ ပြောင်းလဲခဲ့သော်လည်း မပြောင်းလဲသောအရာတစ်ခုရှိနေပေသေးသည်။ ထိုအရာမှာ အဖ သို့မဟုတ် အမိကို ထမင်းပွဲထိပ်တွင်နေရာပေးခြင်းဖြစ်ပေသည်။

ဤတွင် အိမ်တစ်အိမ်၏ အဦးအထိပ်ကို ရှာဖွေရန်လိုအပ်ပါသည်။ အိမ်တစ်အိမ်၏ခေါင်သည် တောင်နှင့်မြောက်တန်းနေလျှင် တောင်ဘက်သည်အိမ်ဦး၊ အရှေ့နှင့်အနောက်တန်းနေလျှင် အရှေ့ဘက်သည် အိမ်ဦးဖြစ်ပေသည်။ ထို့အတွက် ညအချိန်အိပ်စက်သောအခါ၌ ပုံသေဦးခေါင်းထားရာ အရပ်သည် အိမ်ဦးဖြစ်ပေသည်။

ထိုကဲ့သို့ခေါင်းထားအိပ်ရာအရပ်သည် ထမင်းပွဲ၏ထိပ် သို့မဟုတ် ဦး ဖြစ်ပေ၏။ ထမင်းပွဲတွင် မိဘမပါဘဲ သားသမီးများချည်းစားကြငြား မိဘတို့ထိုင်နေကြ ဦးထိပ်နေရာ၌ မည်သည့်သားသမီးမျှ မထိုင်ကြချေ။

ဖခင်မရှိသောအိမ်တွင် မိခင်သည်ထမင်းပွဲ၏ ဦးထိပ်မှာထိုင်လေ့ရှိသည်။ ထိုအမိ ထိုအဖ တို့သည် အိမ်ထောင်ဦးစီးအဖြစ် စွမ်းစွမ်းတမံ ရှာဖွေလုပ်ကိုင်ကျွေးမွေးနေထိုင်ချိန်တွင်သာ ထမင်းပွဲ ထိပ်တွင် နေရခြင်းမဟုတ်ပါ။ ဇရာဒုဗ္ဗလအရွယ်သို့ရောက်၍ သားကြီးသမီးကြီး တစ်ယောက်ယောက်က အိမ်မှုကိစ္စကို ဦးစီးစေကာမူ မိဘတို့အား ထမင်းပွဲတွင်ဦးထိပ်၌ နေမြဲနေရပေသည်။ ထမင်းတစ်ပွဲတွင် အဖသည် ပွဲ၏ဦးထိပ်မှာထိုင်လျှင် အမိသည်အဖ၏ဝဲဘက်မှာ ထိုင်ရသည်။ သားကြီးက အဖ၏ ယာဘက်မှာထိုင်ရသည်။ သမီးကြီးသည်အမိ၏ ဝဲဘက်မှာ ထိုင်ရသည်။ ထို့နောက် ကြီးစဉ်ငယ်လိုက် ဖြစ်သည်။

ထမင်းပန်းကန်ထဲမှထမင်းကို မထိမတို့မီ ထမင်းပွဲကို ဦးသုံးကြိမ်ချသောအလေ့လည်း အချို့အရပ်တွင်ရှိပေသည်။ မည်မျှပင် ဆာလောင်မွတ်သိပ်စေကာမူ အဖနှိုက်ပြီးမှ အမိနှိုက်ရသည်။

REDMI NOTE 8
TAIN HTUT KHAUNG

အမိန့်ကိုက်ပြီးမှ သားကြီး၊ သားကြီးပြီးမှ သမီးကြီး အစဉ်လိုက်နှိုက်ရသည်။ ဦးဆုံးတစ်ကြိမ်တွင် ထိုကဲ့သို့ စနစ်တကျနှိုက်ကြပြီးမှသာ အလိုရှိသလို စိတ်ကြိုက်နှိုက်နိုင် စားနိုင်ကြပေ၏။

## ဦးချသောအလေ့

ထမင်းစားသောအခါတိုင်းလည်း လူစုံပါဝင်လေ့မရှိပေ။ သူ့အကြောင်းသူ့ကိစ္စ ကိုယ့်ကိစ္စများစွာ ရှိကြပေသည်။ ထမင်းပွဲကပြင်ပြီးနေပြီ၊ အဖေ့ထမင်းပန်းကန် အမေ့ထမင်းပန်းကန်ထဲတွင် ထမင်းထည့်ပြီး ဖြစ်နေပြီ၊ သို့ရာတွင် ရေချိုးရန်သွားရာမှ ပြန်မလာသေးချေ။ သားသမီးတို့သာမက အမေပါဆာလှပြီ။

သို့ကြောင့် အဖေ့ကို စောင့်ဆိုင်းမနေတော့ပါ။ အမေသည် အဖေ့ထမင်းပန်းကန်ထဲသို့ အကောင်းဆုံးဟင်းမှ အကောင်းဆုံးဟင်းဖတ်ကို ခပ်ထည့်လိုက်လေ့သည်။ ဤသို့ပြုသည်ကို "ဦးချသည်" ခေါ်ပေ၏။ ဦးချပြီးသောအခါ အမေနှိုက်သည်။ အမေခပ်ယူပြီးစီးသွားသည့်နောက်တွင်ကား လွတ်လပ်စွာစားနိုင်ပေတော့သည်။

တစ်ခါတစ်ရံတွင် သားသမီးတစ်ယောက်ယောက်သည် ထမင်းစားချိန်မတိုင်မီ ထမင်းစားရန် အကြောင်းပေါ်ပေါက်လာ၏။ သူသည် မိသားစုတာဝန်ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်စေ အပြင်ထွက်ရန်လိုအပ်လာ၍ဖြစ်ပေမည်။ အပြင်မှပြန်လာမှ ထမင်းစားလျှင် များစွာနောက်ကျနေပေမည်၊ နောက်ကျရုံသာမက ဆာလောင်ခြင်းဒဏ်ကိုလည်း များစွာခံစားရပေဦးမည်၊ သို့ကြောင့် အချိန်မတန်မီ စားသွားရခြင်းဖြစ်သည်။

ထိုအခါတွင် မိဘအလျင်စားရသူဖြစ်သည့်အတွက် မိဘအတွက် "ဦးချ" ပြီးမှ စားရသည်၊ ဦးချပုံမှာ ဟင်းပန်းကန်ထဲသို့ လိုသလောက်ဟင်းကိုခပ်ယူပြီးမှ ဟင်းဖတ်ဟင်းရည်များကို ဟင်းအိုးထဲသို့ ပြန်ထည့်ခြင်းဖြစ်ပေ၏။ ထမင်းကိုဦးချပုံမှာကား ထမင်းအိုးကိုဖွင့်ပြီးမှ ဦးစွာတွေ့ရသောထိပ်မှ ထမင်း ပွံ့ပွံ့မို့မို့ကလေးကို ယောက်မဖြင့်ထိုးကော်ကာ ဖယ်ထားလျက် အောက်ကထမင်းကို ခူးယူခြင်းဖြစ်၏၊ လိုသလောက်ခူးယူပြီးသွားလျှင် ကော်ယူထားသောထမင်းကို အိုးထဲပြန်ထည့်ထားခဲ့ရ၏။

ဤအလေ့သည် မြန်မာတို့ထံသို့ အနည်းဆုံးအင်းဝခေတ် (ဒုတိယမင်းခေါင် ၈၄၂ - ၈၆၃) တွင် ရောက်ရှိကျင့်သုံးနေကြပေဟု ယုံကြည်ရ၏။ ရှင်မဟာသီလဝံသ၏ "တိလောကဟု၊ မရှိနိုင်းတု၊ ဘက်မပြုသား" အစရှိသော ဆုံးမစာအပိုဒ် ၁၅ တွင် "မိဦး၊ ဖဦး၊ ဆရာဦးကို ခူး၍အလျင်မစားနှင့်" ဟူ၍ ဆုံးမထားသည်ကို ထောက်ချင့်၍သိရပေ၏။

REDMI NOTE 8
TAIN HTUT KHAUNG

## စကားဆစ်အဖွင့်

၁။ ဆာလောင် = အစာကိုအလွန်တောင့်တသည်၊ လိုလားတောင့်တသည်။

၂။ ဗျပ် = အနားဖောက်ပါ သစ်သား သို့မဟုတ် သရိုးကိုင်နှီးသားဗန်းတစ်မျိုး။

၃။ လက်ဆုံစား = ထမင်းတစ်ဝိုင်းတည်းတွင် အတူတကွစားသည်။

၄။ ဦးချ = လူကြီးမိဘတို့အတွက် စားဦးစားဖျားကို ဖယ်ထားသည်၊ လူကြီးမိဘတို့၏ ပန်းကန်ထဲသို့ စားဦးစားဖျားကို ခပ်ထည့်သည်။

၅။ ဦးစီး = ကြီးကြပ်ကွပ်ကဲသူ၊ အကြီးအကဲ။

၆။ အိမ်ဦးခန်း = အိမ်တွင်ဘုရားခန်းနှင့်ဆက်နေသောအခန်း။

## အဓိကအချက်များ

- ရှေးခေတ်မှ စတင်ကျင့်သုံးလာခဲ့သော မြန်မာ့ထမင်းပွဲ ဓလေ့တစ်ရပ် ဖြစ်သည်။
- မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာတစ်ရပ်ကို မိသားစုအတွင်း၌ ကျင့်သုံးလေ့ရှိသည်။
- မြန်မာလူမျိုးတို့၏ အိမ်ဦးဖြစ်သတ်မှတ်ခြင်းသဘောသည် မှတ်သားဖွယ်ဖြစ်သည်။
- အစားအစာ စားသောက်သောအခါ အမိအဖတို့ကို ဦးထိပ်ထားကြသော မြန်မာတို့၏ ဓလေ့သည် တန်ဖိုးထားလက်ဆင့်ကမ်းဖွယ် ယဉ်ကျေးမှုဖြစ်သည်။
- သားသမီးတို့သည် လူကြီးမိဘတို့အပေါ် ကိုယ့်ထက်အသက်ကြီးသူများအပေါ် ငယ်စဉ်ကြီးလိုက် ရှိသေကြသည်။
- မြန်မာ့ထမင်းပွဲတွင် ဦးချသောအလေ့သည် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုဖြစ်သည်။
- မြန်မာ့ထမင်းပွဲယဉ်ကျေးမှုကို ထိန်းသိမ်းရသည်။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားလုံးများ၏ ဆီလျော်သော အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာ၍ ဖော်ပြပါ။

ထိပ်၊ ခေါင်၊ ဦး၊ ယက်၊ ထိုင်

၂။ အောက်ပါစကားလုံးတို့ဖြင့် ဝါကျဖွဲ့၍ သုံးပြပါ။

ကျွေးမွေး၊ လုပ်ကိုင်၊ နေမြဲ၊ ရှာဖွေ၊ နေထိုင်

၃။ မြန်မာ့ထမင်းပွဲများတွင် ဦးချသောအလေ့ကို သင်မည်သို့နားလည်သနည်း။

၄။ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထကို ကလေးတိုင်းအား ငယ်စဉ်ကတည်းက သင်ကြားပေးရမည်ဖြစ်ကြောင်း မြန်မာ့ထမင်းပွဲဆောင်းပါးကို အကြောင်းပြု၍ ဆွေးနွေးပါ။

၅။ မိသားစုထမင်းလက်ဆုံစားခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သည်ဟု ထင်ပါသနည်း။ အကျိုးအကြောင်းဖြင့် ဆွေးနွေးတင်ပြပါ။

၆။ ဤဆောင်းပါးသည် မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကိုထိန်းသိမ်းထားကြောင်း သင်နားလည်သလို ရှင်းပြပါ။

၇။ မြန်မာ့ထမင်းပွဲဆောင်းပါးကိုဖတ်ရှုပြီးနောက် သင်တို့မိသားစု ထမင်းစားကြပုံအကြောင်းကို စာ ၁၀ ကြောင်းခန့် စိတ်ဝင်စားဖွယ် ရေးသားပါ။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

## ၇။ လွမ်းချင်း (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### တို့ရွာအလိုက်

မိုးမသောက်ခင်က
ခလောက်ကယ် ရောင်ရှင်
လုပ်ငန်းငယ်ပြင်သည်
ချောင်းရေယဉ် သွင်သွင်စီးပါလို့
ကောက်ကြီးစပါးနံ့က
သန်လှတယ်လေး။
သို့အရာမှ
တို့ရွာအလိုက်၊ ချွေးပြိုက်ပြိုက်ကယ်နှင့်
ကောက်စိုက်မှုဟန်၊ သူအပြန်ကို
ထမင်းခံမြေလုပ်၊ အင်စောင်တုတ်နှင့်
ဆူးပုပ်ကယ်ရွက်ညို
ဆီမခတ်သော်လည်း၊ တစ်လတ်ကယ်ချိုလှတယ်
မင်းပျိုတို့ခုချိန်ခါကို
စားစရာဝါမပြောပါဘူ
ပေါ်လှတယ်လေး။

ဦးဆောင်း

၁၉ ရာစု

REDMI NOTE 8
TAIN HTUT KHAUNG

## ခက်ဆစ်အဖွင့်

၁။ ကောက်ကြီး = သက်ရင့်စပါးမျိုး၊ စိုက်သည့်ရက်မှရက်ပေါင်း ၁၇၀-၂၀၀ အတွင်း မှည့်သော သက်ကြီးစပါးတစ်မျိုး။

၂။ ရှောင်ရှင် = ခလောက်မြည်သံ။

၃။ တစ်လတ် = တစ်မျိုးတစ်ဖုံ။

၄။ ထမင်းခံ = ထမင်းထည့်စရာခွက်။

၅။ အင်စောင်တုတ် = ဟင်းရံထည့်သော အနားထူထဲသည့်မြေအင်တုံ။

## အဓိကအချက်များ

- ရွာသူရွာသားတို့သည် လယ်ယာလုပ်ငန်းခွင်ဝင်ရန်ကျွဲ၊ နွားများကို မိုးမလင်းမီကပင် ပြင်ဆင်ကြပါသည်။
- ချောင်းရေ မြောင်းရေတို့သည် စီးဆင်းနေသဖြင့် လယ်ကွက်ရှိစပါးပင်တို့မှာ ရေကို တောင်းမွန်စွာ သောက်ရသောကြောင့် ခြောက်လခန့်ဖြင့် သီးမှည့်နိုင်သော ကောက်ကြီးစပါးပင်တို့မှ စပါးနှံတို့သည် အလွန်သန်လှပါတော့၏။
- လယ်တောမှပြန်လာသော ကောက်စိုက်မကလေးများသည် မိမိအိမ်သို့ရောက်သောအခါ ထမင်းစားသောက်ရာတွင် မြေကြီးနှင့်လုပ်ထားသော အင်တုံထဲရှိ ဆီမခတ်ဘဲချက်ထားသော ဆူးပုပ်ရွက်ဟင်းကလေးမှာ အလွန်ချိုလှပါသည်။ နောက်ထပ်ဟင်းလိုက်ရန် အင်စောင်တုတ်ဖြင့်ပင် အဆောင်အဖြစ် အသင့်ပြုထားရပါသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ပြင်၊ သွင်သွင်၊ အလိုက်၊ သန်၊ ပြိုက်ပြိုက်

REDMI NOTE 8
TAIN HTUT KHAUNG

၂။ အောက်တွင်ပေးထားသောစာပိုဒ်မှ ကာရန်တူစကားလုံးတို့ကိုရှာဖွေပါ။ မည်သည့် ကာရန်များဖြစ်ကြောင်းဖော်ပြပါ။

မိုးမသောက်ခင်က

ခလောက်ကယ် ချောင်ချင်

လုပ်ငန်းငယ်ပြင်သည်

ချောင်းရေယဉ် သွင်သွင်စီးပါလို့

ကောက်ကြီးစပါးနှံက

သန်လှတယ်လေး။

၃။ 'ထမင်းခံမြေလုပ်၊ အင်စောင်တုတ်နှင့် ဆူးပုပ်ကယ်ရွက်ညို ဆီမခတ်သော်လည်း၊ တစ်လတ်ကယ်ချိုလှတယ်' ဟူသည့်ကဗျာ စာသားကို သင့်စကားဖြင့်ပြန်ရေးပါ။

၄။ ကဗျာတွင် ကျေးလက်ပြည်သူတို့၏ အစားအသောက်နှင့်ပတ်သက်၍ မည်သို့တွေ့ရသနည်း။ သင်၏ထင်မြင်ချက်ရေးပါ။

၅။ ဤကဗျာကို ဖတ်ရှု၍ နားထောင်ပြီးသည့်အခါ သင့်ခံစားမှု အတွေးအမြင်များကိုတင်ပြပါ။

၆။ ကဗျာပါမြင်ကွင်းများနှင့်ဆက်စပ်၍ ကျေးလက်မြင်ကွင်းကို စာကြောင်းရေနှစ်ဆယ်ခန့် သရုပ်ဖော်ရေးသားပါ။

REDMI NOTE 8
TAIN HTUT KHAUNG

၈။ (ဝတ္ထုတို)

အောက်ပါဝတ္ထုတိုကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီးဆွေးနွေးပါ။

## ပီတိ

ကျွန်တော်နေထိုင်သောအိမ်မှာ ရန်ကုန်-အင်းစိန်လမ်းမကြီး၏အတွင်းဘက် ချောင်ခပ်ကျကျ ရပ်ကွက်လေးတစ်ခုတွင်ဖြစ်၍ ရန်ကုန်သွားလိုသောအခါတွင် ပေတစ်ရာလမ်းမကြီးသို့ မော်တော်ကား ထွက်စီးရန်အတွက် မြေနီလမ်းလေးအတိုင်း ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်မျှ လမ်းလျှောက်ရပါသေးသည်။

ထို့ကြောင့် ရုပ်ရှင်အချိန်မီသွားကြည့်လိုသော အခါများတွင် အိမ်မှပေတစ်ရာလမ်းမကြီး အထိ လမ်းလျှောက်ရာတွင် တုန်မည့်မိနစ်နှစ်ဆယ်ခန့်အပြင် စည်းကမ်းမရှိ ရပ်ချင်တိုင်းရပ်၊ လူစောင့်ချင်တိုင်း စောင့်တတ်သည့် မော်တော်ကားများပေါ်၌ ကုန်မည့်အချိန်ကိုပါ ထည့်သွင်းခန့်မှန်းခြင်းဖြင့် အနည်းဆုံး တစ်နာရီနီးပါးမျှ ကြိုတင်ထွက်ရလေ့ရှိသည်။

တစ်နေ့မှာတော့ ဝတ္ထုတစ်ပုဒ်ကို စိတ်ပါလက်ပါရေးနေရာက အိပ်ဆယ်စီယာရုပ်ရှင်ရုံ၌ ၁၂ နာရီခွဲပွဲ ကြည့်ရန် မိတ်ဆွေတစ်ယောက်နှင့် ချိန်းဆိုထားသည်ကို အချိန်တပ်မှ သတိရမိသည်။ ၎င်းမိတ်ဆွေကပင် ရုပ်ရှင်လက်မှတ်များဝယ်ပြီး ရုံမှစောင့်နေမည်ဖြစ်သောကြောင့် မိမိ၏ဝတ္ထုရေး ပေါ့လျော့မှုအတွက် အားနာမဆုံးနိုင်အောင် ရှိပါတော့သည်။

ချက်ချင်းပင် အဝတ်အစားတမန်းတတန်းလဲ၍ အိမ်မှထွက်ခဲ့ရာ အချိန်မှာ ၁၂ နာရီတိတိ ရှိနေလေပြီ။ ၁၂ နာရီမခွဲမီ ရုပ်ရှင်ရုံအရောက်သွားရပေမည်။ အခါတိုင်း တစ်နာရီနီးပါး ကြိုတင် ထွက်ရလေ့ရှိသော လမ်းခရီးကို နာရီဝက်အတွင်း အလုအယက် ခရီးနှင်ရမည်ဖြစ်၍ ကျွန်တော်သည် မြေနီလမ်းလေးအတွင်း ခြေတုန်သုတ်ခဲ့မိပါတော့သည်။

ဤကဲ့သို့ အလျင်အမြန်လျှောက်လာခဲ့စဉ် လမ်းပေါ်တွင် တုတ်တလေးတစ်ချောင်း ထောက်တာ ထောက်တာ ဖြည်းဖြည်းတလေး လျှောက်လျက်ရှိသော အဘွားအိုကြီးတစ်ယောက်ကို အမှတ်မထင် မြင်တွေ့ လာခဲ့မိပါသည်။

ကျွန်တော်က ရှေ့ကြီးသုတ်ပျာ လျှောက်နေသလောက် အဘွားအိုမှာတော့ ခြေနှစ်ချောင်းကို အနိုင်နိုင်လှမ်း၍ လုပ်လီလုပ်လဲ့ နော်နီနော်နဲ့ လျှောက်နေရှာသည်။ ကျွန်တော်လည်း အဘွားအိုအား တစ်ချက်မျှ လည်ပြန်ငဲ့ကြည့်ကာ တိုယ့်လမ်းခရီးကိုယ် ဆက်လက် သုတ်ခြေတင်ခဲ့ပါတော့သည်။

REDMI NOTE 8
TAIN HTUT KHAUNG

ထိုအခိုက် ရန်ကုန်မိုးသည် ဖြုန်းခနဲဖွဲဖွဲကလေး ရွာချလိုက်တော့ရာ လက်ထဲတွင်ပါလာသော ဖဲထီးကိုဖွင့်ဆောင်းလိုက်မိပါသည်။ မိုးရေတော့ လုံသွားပြီ၊ မော်တော်ကားဆိပ်အရောက် ဆက်လျှောက်ရပေဦးမည်။ မိုးကလေးတဖွဲဖွဲတွင် ခပ်သုတ်သုတ်လျှောက်ရန် အားခဲလိုက်မိသော်လည်း ကျွန်တော်သည် ရှေ့ကို ဆက်၍ ခြေလှမ်းရမည့်အစား နောက်သို့လှည့်ကြည့်လိုက်မိပါသည်။

အဘွားအိုကြီးတွင် ဆောင်းစရာ မိုးစရာ ထီးမပါသဖြင့် မိုးရေမှခိုလှုံစရာ သစ်ပင်အရိပ်အာဝါသ အကာအကွယ် တစ်စုံတစ်ရာကို ရှာဖွေနေပုံရသည်။ သို့ရာတွင် လမ်းကလေးတစ်လျှောက်လုံးတွင် အဘွားအို မိုးခိုရန် နေရာတစ်ခုတလေမျှ မတွေ့ရပါ။ အဘွားအိုမှာ မိုးရေထဲ၌ ခိုကိုးရာမဲ့ဖြစ်နေရှာတော့သည်။

မိုးသည်လည်းတဖွဲဖွဲရွာနေရာက တစ်စတစ်စသည်းလာလေပြီ။ ကြာလျှင် အဘွားအိုတစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် စုတ်ပြတ်ညစ်ထေးသော အဝတ်အစားများအောက်မှ အရိုးပြိုင်းပြိုင်းကိုယ်ခန္ဓာကလေး ရေစိုတွင်ပေါ်လာရချေတော့မည်။ မိုးကစိုစို ချမ်းချမ်းစီးစီးနှင့် အအေးမိပြီးဖျားနေလို့ရှိရင် . . . ကျွန်တော့်စိတ်ထဲတွင် ရုတ်တရက် သနားကြင်နာစိတ်ကလေးများ ယိုဖိတ်လာရာက အဘွားအိုအား ပြေး၍ထီးမိုးပေးလိုက်ချင်ပါသည်။ သို့ရာတွင် ရုပ်ရှင်ရုံအောက်၌ လက်မှတ်နှစ်စောင်ကို ကိုင်ရင်း ယောင်လည်လည်နှင့် စိတ်ပျက်ဒေါသထွက်နေရှာမည့် မိတ်ဆွေ၏မျက်နှာကို မြင်ယောင်လာမိသောအခါ အဘွားအိုအပေါ် ဝယ် ထားရှိသည့်စေတနာမှာ တွန့်ဆုတ်သွားပြန်တော့သည်။

အဘွားကြီးနံဘေးက ထီးမိုး၍လိုက်ရမည်ဆိုလျှင် သူကလုပ်လီလုပ်လဲ့ နော်နီနော်နဲ့ တစ်လှမ်းချင်း လျှောက်နေပုံမျိုးနှင့် အနည်းဆုံး မိနစ်နှစ်ဆယ်ခန့်ကြာမှ လမ်းထိပ်သို့ရောက်တော့မည်။ နာရီကြည့်လိုက်မိတော့လည်း ၁၂ နာရီထိုးပြီး၍ ဆယ်မိနစ်ကျော်နေပြီ။

အို-ရှုပ်ပါတယ်လေ၊ ငါ့ရင်ထဲက စေတနာပျက်သွားတာမှ မဟုတ်ဘဲ၊ ငါ့မိတ်ဆွေနဲ့ အသေအချာချိန်းထားတဲ့ ကိစ္စကရှိနေတော့ ဘယ့်နှယ်တတ်နိုင်ပါ့မလဲ။ ရုပ်ရှင်ရုံကို ၁၂ နာရီခွဲ မရောက်နိုင်လို့ရှိရင် ငါ့မိတ်ဆွေကို ဒုက္ခပေးရာလဲရောက်မယ်၊ ကတိဖျက်ရာလဲရောက်မယ်၊ အခုပဲ အချိန်တော်တော်နောက်ကျနေပြီ၊ ကိုယ့်ကိစ္စနဲ့ကိုယ် အချိန်မီဖို့က အရေးကြီးပါတယ်လေ၊

ကျွန်တော်သည် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ပါတော့သည်၊ သို့သော်လည်း ခြေလှမ်း သုံးလေးလှမ်းမျှတွင် နောက်ဘက်သို့ လှည့်ကြည့်မိပြန်သည်၊

အဘွားအိုကြီးကား တုတ်ကလေး ထောက်ကာထောက်ကာ၊ ခါးကလေး ကုန်းကုန်းကုန်းကုန်းနှင့် ဖြည်းဖြည်းချင်း လျှောက်နေမြဲပင်ဖြစ်သည်၊ တစ်ခါတစ်ခါတွင် တုတ်ကလေးထောက်၍ ခဏနားကာ သနဖုးရှဲ့တွတွကြီးပေါ်မှ မိုးရေမိုးစက်များကို အရိုးပြိုင်းပြိုင်းထသော လက်ချောင်း

REDMI NOTE 8
TAIN HTUT KHAUNG

ကလေးများဖြင့် သပ်၍ချတတ်သည်။ မကြာမကြာလည်း မိုးကောင်းကင်သို့ မော်ကြည့်တတ်ကာ မိုးမင်းကြီးရယ် တိတ်တော်မူပါတော့ဟု တောင်းပန်တိုးလျှိုးနေဘိသကဲ့သို့ တတွတ်တွတ် ရေရွတ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်သည် လျစ်လျူမရှုနိုင်တော့ပါ။ မကြာသေးမီက ဆုံးဖြတ်ချက်အားလုံးသည် မိုးရေထဲ မျောပါလွင့်စဉ်သွားလေပြီ။ ရုပ်ရှင်ရုံအောက်တွင် ယောင်လည်လည်နှင့် စောင့်နေမည့် မိတ်ဆွေနှင့်အတူ သူနှင့်ချိန်းဆိုထားသည့် ကတိကိုလည်း ဂရုမစိုက်အားတော့ပြီ။

ကျွန်တော်သည် အဘွားအိုကြီးရှိရာသို့ ချက်ချင်းပြန်ပြေးမိပြီးလျှင် သူ၏ပိန်ချုံးသေးသွယ်လှသော ကိုယ်ခန္ဓာကလေးကို ထီးဖြင့်မိုးကာပေးလိုက်ပြီးနောက်

"ဘွားဘွား၊ ဘွားဘွား-မိုးတွေသည်းလာပြီ။ ကျွန်တော့်နားတိုး၊ ကျွန်တော်ထီးမိုးပေးပါမယ်" ဟု လှိုက်လှဲသောအသံဖြင့် ပြောလိုက်မိ၏။

အဘွားအိုကြီးလည်း စောစောက ကျွန်တော်သူ့နံဘေးနားမှ ဖြတ်ကျော်လျှောက်ခဲ့သည်ကိုပင် သတိပြုလိုက်မိဟန်မတူ။ ရုတ်တရက် ကျွန်တော် သူ့နံဘေးနားရောက်လာပြီး ထီးမိုးပေးလိုက်သောအခါတွင် ဝမ်းမြောက်ဝမ်းသာမော်ကြည့်ရင်း

"အမယ်လေး . . ငါ့မြေးရယ်ဘုန်းကြီးလို့သက်ရှည်ပါစေကွယ်။ ဘုန်းကြီးလို့သက်ရှည်ပါစေ" ဟု တုန်ယင်လှိုက်လှဲသောအသံကြီးဖြင့် ဆုတောင်းပတ္ထနာ ပြုနေရှာတော့သည်။

ထိုအခိုက်အတန့်လေးဝယ် ကျွန်တော်သည် ဘာကိုမျှသတိမရတော့ဘဲ အဘွားအိုကြီး၏ ဆုတောင်းသံတွင်သာ နစ်မွန်းကြည်နူးလျက်ရှိတော့သည်။ ကျွန်တော်သည် မိမိဆုံးဖြတ်ပြုမူလိုက်သော ဆောင်ရွက်ချက်အတွက် ကျေနပ်နှစ်သိမ့် ပီတိတစိမ့်စိမ့် ဖြာဝေနေမိပါတော့သတည်း။

၂၀ ရာ၇ မင်းရှင်

ဝေါဟာရ

ခက်ဆစ်အဖွင့်

၁။ ကမန်းကတန်း = ကတိုက်ကရိုက်။
၂။ ခြေကုန်သုတ် = အမြန်ဆုံးသွားသည်။
၃။ စည်းကမ်း = လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်။
၄။ ဆုတောင်းပတ္ထနာ = ဖြစ်စေချင်သည်ကို တောင့်တတောင်းဆိုသည်။
၅။ နော်နံ့နော်နဲ့ = ခနော်ခနဲ့၊ (တောင့်တင်းခိုင်မာခြင်းမရှိဘဲ)

REDMI NOTE 8
TAIN HTUT KHAUNG

၆။ ရေကြီးသုတ်ပျာ = အလောတကြီး၊ အလျင်စလို၊
၇။ လည်ပြန်(ကြည့်) = ကိုယ်မလှည့်ဘဲ ခေါင်းချည်းနောက်သို့လှည့်၍ ကြည့်သည်၊
၈။ လုပ်လီလုပ်လဲ = တနွဲ့တလျ၊
၉။ လျစ်လျူမရှုနိုင် = ဂရုမစိုက်ဘဲမနေနိုင်၊
၁၀။ ဝတ္ထုရှား = ဆောင်ရွက်အပ်သောအမှုကိစ္စ၊
၁၁။ အနိပ်အာဝါသ = အားလားနိုလုံ့စရာ၊
၁၂။ အားခဲ = စိတ်အားမလျှော့ဘဲ တင်းထားသည်၊
၁၃။ အားနာ = မိမိကြောင့် တစ်ဖက်သားတွင် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သည်၊
၁၄။ အိပ်ဆယ်စီယာရုပ်ရှင်ရုံ = ယခု ဝဇီရာရုပ်ရှင်ရုံနေရာတွင်ရှိခဲ့သည့် ရုပ်ရှင်ရုံ၊

## အဓိကအချက်များ

- ဝတ္ထုတိုအင်္ဂါရပ်၏ အခြေခံသဘောသဘာဝများကို သတိပြုရသည်၊
- ဇာတ်ဆောင်၏ သဘောသဘာဝ၊ ခံစားချက်ကိုသတိပြုရသည်၊
- မိမိပတ်ဝန်းကျင်တွင် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ရသည်၊
- အကူအညီလိုအပ်သူကို ကူညီပေးလိုက်ခြင်းကြောင့် ရရှိလာသည့် ပီတိရသများကိုခံစားရင်း ဘဝအသိအမြင်များကို ရရှိလာနိုင်သည်၊

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ထွင့်စဉ်၊ စိတ်ပါလက်ပါ၊ အနိုက်အတန့်၊ အလုအယက်၊ နို့လုံ

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

နော်နီနော်နဲ့၊ တောင်းပန်တိုးလျှိုး၊ ယောင်လည်လည်၊ လည်ပြန်၊ အားခဲ

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

၃။ အောက်ပါဝါကျများတွင် မျဉ်းသားထားသော စကားလုံးနှင့် အနက်တူစကားလုံးကို လဲလှယ်၍ ရေးပါ။

(က) ဝတ္ထုတစ်ပုဒ်ကို စိတ်ပါလက်ပါ ရေးနေသည်။

(ခ) အဘွားတို့ခမျာ မိုးရေထဲ၌ နိုက်ိုးရာမဲ့ ဖြစ်နေရှာတော့သည်။

(ဂ) ကျွန်တော်သည်း မြေနီလမ်းကလေးအတွင်း ခြေကုန်သုတ်ခဲ့မိပါသည်။

(ဃ) ကျွန်တော်သည်အဘွားတို့ကို လျစ်လျူမရှုနိုင်တော့ပါ။

(င) အဘွားတို့သည် ခြေနှစ်ချောင်းကို အနိုင်နိုင်လှမ်း၍ နော်နီနော်နဲ့ လျှောက်နေရှာသည်။

၄။ အောက်ပါစာပိုဒ်မှ ကြိယာအထူးပြုများကို ထုတ်နုတ်ပြပါ။

မိုးသည်လည်း တဖွဲဖွဲရွာနေရာက တစ်စတစ်စ သည်းလာလေပြီ။ အဘွားတို့ကြီးတား တုတ်တလေး ထောက်ကာထောက်ကာ၊ ခါးကလေး ကုန်းကုန်း ကုန်းကုန်းနှင့် ဖြည်းဖြည်းချင်း လျှောက်နေမြင်ဖြစ်သည်။ မကြာမကြာလည်း မိုးကောင်းကင်သို့ မော့ကြည့်တတ်ကာ "မိုးမင်းကြီးရယ် တိတ်တော်မူပါတော့" ဟု တောင်းပန်တိုးလျှိုးနေဘိသတဲ့သို့ တတွတ်တွတ် ရေရွတ်နေသည်ကို တွေ့ရပါသည်။ ရုတ်တရက် ကျွန်တော်သူ့နံဘေးနားရောက်လာပြီး ထီးမိုးပေးလိုက်သော အခါမှ ဝမ်းမြောက်ဝမ်းသာ မော်ကြည့်ရင်း ဆုတောင်းပတ္ထနာ ပြုနေရှာတော့သည်။ ကျွန်တော် သည် မိမိဆုံးဖြတ်ပြုမူလိုက်သော ဆောင်ရွက်ချက်အတွက် ကျေနပ်နှစ်သိမ့် ပီတိတစိမ့်စိမ့် ဖြာဝေနေမိပါတော့သတည်း။

၅။ ဇာတ်ဆောင်၏ စိတ်နေသဘောထားကို စာရေးသူက မည်သို့ ရေးသားတင်ပြထားသနည်း။

၆။ ဝတ္ထုထဲမှဇာတ်ဆောင်သည် အဘွားတို့အားကူညီရန် တွေ့ကြုံရသည့် အခက်အခဲများကို မည်သို့ဖြေရှင်းခဲ့သနည်း။

၇။ ဇာတ်ဆောင်နေရာတွင် သင်ဖြစ်ခဲ့လျှင် မည်သို့ဆုံးဖြတ်ပြုမူမည်နည်း။ အဘယ်ကြောင့်နည်း။



REDMI NOTE 8
TAIN HTUT KHAUNG

## ၉။ လင်္ကာ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### ဤမြေဝသုန်

မာယာလွှဘုံ
မြေဝသုန်
မြရုံလွှာနှင့် ဖုံးဖိဖိ။
ထောင်ရောင်စက်ရှင်
ကွန်ရက်ဆင်
ကောင်းကင်မှကြည့်
ပြုံးစိစိ။

၂၀ ရာစု     မောင်ပြည့်လှိုင်း(သံတွဲ)

DRAFT for NCC 4-2-2021

### စကားဆစ်အဖွင့်

၁။ ကောင်းကင် = ကမ္ဘာမြေ၏အထက်ရှိ လဟာပြင်။
၂။ ကွန်ရက် = ပိုက်ကွန်၊ ပိုက်ကွန်ကဲ့သို့ အကွက်ပုံရက်ထားသောအရာ။
၃။ ထောင်ရောင်စက်ရှင် = ပုံသဏ္ဌာန်အဝန်းအဝိုင်းဖြစ်လျက် ရောင်ခြည်တစ်ထောင်ရှိနေခြင်း။
၄။ ပြုံးစိစိ = နှုတ်ခမ်းကွေးရုံ သွားပေါ်ရုံသာပြုံးသည်။
၅။ မာယာ = လှည့်ပတ်ဖြားယောင်းခြင်း။
၆။ မြရုံလွှာ = အစိမ်းရောင်မြလွှာ။
(အစိမ်းရောင် အပင်အရွက်များကို တင်စားရေးဖွဲ့ခြင်းဖြစ်သည်။)

REDMI NOTE 8
TAIN HTUT KHAUNG

၇။ လူ့ဘုံ　　= လူတို့နေထိုင်ရာနေရာ၊ ဖြစ်တည်ရာဒေသ၊ လူ့လောက။

၈။ ဝသုန်　　= မြေ၊ မြေပြင်။

## အဓိကအချက်များ

- လူ့ဘုံလောကသည် မာယာများနှင့် ရှုပ်ထွေးလှသည်။
- အတွင်းသရုပ်ကို မသိရှိနိုင်ရန် အပေါ်ယံအရောင်များ (မြစိမ်းရောင်) ဖြင့် ဖုံးလွှမ်းထားသည်။
- ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည် ကောင်းကင်မှနေ၍ တွန်သဖွယ် ဖုံးအုပ်ထားသော အပေါ်ယံအလွှာ (အစိမ်းရောင်) ကို ဖယ်ရှား၍ ကြည့်လိုက်သောအခါ လှည့်စားပုံကို မြင်ရသဖြင့် နေမင်းကပြုံးယောင်ယောင် ဖြစ်ရသည်။
- လူတို့၏အတွင်းစိတ်ဓာတ်ကိုမကြည့်ဘဲ အပေါ်ယံကြည့်ရုံဖြင့် မယုံကြည်အပ်၊ မပေါင်းသင်းအပ်ပေ။
- နေမင်းက သူ၏ရောင်ခြည်တစ်ထောင်ကို တွန်ရက်ဖြန့်ကြက်သကဲ့သို့ မြေပြင် (လူ့လောက) ကို ဖြန့်ကြက်၍ကြည့်သည်။

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားလုံးများကို ဝါကျများတွင် မှန်ကန်စွာသုံးပြပါ။

ဘုံ၊ ဗုံ၊ ရုံ၊ ယပ်၊ ရက်

(က) နှယ်နှယ်တို့အိမ်ရှေ့တွင် စပယ်------လေးတစ်ခု စိုက်ပျိုးထားပါသည်။

(ခ) အလှူမင်္ဂလာပွဲတွင် ဧည့်ပရိသတ်များကိုလက်ဆောင်ပေးရန်------တောင်ကို ကြိုတင်မှာထားရသည်။

(ဂ) လူ့-----ဘဝသို့ရောက်လာလျှင် ကောင်းမှုကုသိုလ်များကို ပြုရမည်။

(ဃ) အလှူမင်္ဂလာပွဲတွင် ဆိုင်းသံ၊ ------သံများ တဖြိန်းဖြိန်း ကြားနေရသည်။

(င) ဦးမြတို့မိသားစုသည် အိမ်ဆောက်ရန်နေ့ကောင်း------မြတ်ကို ရွေးချယ်နေကြသည်။

၂။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ဖော်ပြပါ။

ရက်၊ ကွန်၊ ဖိ၊ လွှာ၊ ဘုံ

၃။ အောက်ပါစကားလုံးတို့ကို ဝါကျတစ်ခုစီဖွဲ့ပြပါ။

ကောင်းကင်၊ ဖုံးဖိ၊ မာယာ၊ ကွန်ရက်၊ ပြုံးစိစိ

၄။ အောက်တွင်ပေးထားသောစာပိုဒ်မှ ကာရန်တူစကားလုံးများကို ရှာဖွေပါ။ မည်သည့်ကာရန်စနစ်ဖြင့် ဖွဲ့ဆိုထားကြောင်းရှင်းပြပါ။

ထောင်ရောင်စက်ရှင်

ကွန်ရက်ဆင်

ကောင်းကင်မှကြည့်

ပြုံးစိစိ။

၅။ "မာယာလူ့ဘုံ မြေဝသုန် မြုံ့လွှာနှင့် ဖုံးဖိဖိ" ဟူသည့် ကဗျာစာသားကို သင့်စကားဖြင့်ပြန်ရေးပါ။

၆။ ကဗျာပါ မာယာများဖုံးလွှမ်းနေသော လူ့ဘုံလောကကို သင်မည်သို့နားလည်သနည်း။ ရှင်းပြပါ။

၇။ "ထောင်ရောင်စက်ရှင် ကွန်ရက်ဆင်" ဟူသော အရေးအဖွဲ့၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

REDMI NOTE 8
TAIN HTUT KHAUNG

## ၁၀။ ဆောင်းပါး (သုတစကားပြေ)

အောက်ပါဆောင်းပါးကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။

### သနပ်ခါး

အနောက်နိုင်ငံမှ ခေတ်နှင့်အတူပြောင်းလာသော လိမ်းကျံစရာများက တစ်နေ့တခြား တိုးတက်လာသောကြောင့် ဟောလီးဝုဒ်နှင့် အလွန်အလှမ်းဝေးသော ကျွန်တော်တို့နိုင်ငံ၌ပင် အမျိုးသမီးများ၏ ပြင်ဆင်မှု ခြယ်လှယ်လိမ်းကျံမှုများမှာ ရှေးကနှင့်မတူ အနောက်နိုင်ငံသူများနှင့် ခွဲမရအောင် ရှိနေကြပေပြီ။

ဤသို့ပြောင်းလဲလာကြသည်မှာ အနောက်နိုင်ငံရုပ်ရှင်များ၊ ကြော်ငြာများကြောင့်ပင်ဖြစ်ပေသည်။ ဤသို့ဖြစ်လာသည်ကို အတင်းတားကြပါဟု ဆို၍လည်းရမည်မဟုတ်၊ မကောင်းပါဘူးဗျာဟု ဆိုရမှာလည်း မဖြစ်နိုင်။ လောကဓာတ်ပညာများနှင့် အထပ်ထပ် စမ်းသပ်စီမံလုပ်ကိုင်ထားကြခြင်း များသာဖြစ်သောကြောင့် ဝံသာနုမဟုတ်ဟု ဆိုကြစေကာမူ အပြစ်ပြောနိုင်ဖို့ခက်ပေသည်။

အမျိုးသမီးဆိုသည်မှာ လှချင်မျိုးဖြစ်သည်။ အမျိုးသားများကလည်း အမျိုးသမီးများကို လှစေ ချင်ကြသည်၊ သို့ဖြစ်ရာ ခေတ်ကြီးကို ဆန့်ကျင်၍ ရှေးဟောင်းပဲကောင်းသည်၊ ရှေးဟောင်းသာ သုံးရမည်ဟု အဓွန့်တိုက်တွန်းလျှင်ကား အောင်နိုင်စရာမရှိပေ။

မက်စ်ဖက်တာစသည့် အလှပစ္စည်းက ဈေးအလွန်ကြီးသည်။ သို့ဖြစ်လျှင် ကျွန်တော်တို့ နိုင်ငံက သူတို့လိုကောင်းသောပစ္စည်းကို ဈေးပေါပေါနှင့် ရောင်းနိုင်အောင် ကြိုးစားကြဖို့သာ ရှိပေသည်။

ဤသို့ဆိုရာ၌ အနောက်တိုင်း ပြင်ဆင်ခြယ်လှယ်မှုများကို ကျွန်တော်တို့အမျိုးသမီးများက မက်နှစ်သက်နေကြသည်မှာ အားလုံးမှန်လှသည်၊ ကောင်းလှသည်ဟု မဆိုပါ။ နှစ်သက်နေကြသည်မှာ ကမ္ဘာနှင့်အဝန်းဖြစ်သည့်သဘောရှိကြောင်းကို တင်ပြလိုခြင်းသာ အဓိကဖြစ်ပါသည်။

သဘာဝအလှကိုသာပို၍တန်ဖိုးထားသင့်သည်ဟုဆိုလျှင်ကား မည်သူမျှငြင်းကြမည်မဟုတ်ပေ၊ ကျွန်တော်တို့မြန်မာများသာမဟုတ် အရှေ့တိုင်း၊ အနောက်တိုင်း ဘယ်တိုင်းသားကမှလည်း စောဒက တက်ဖွယ်မရှိ၊ အားလုံးကောင်းပါသည်ဟု ဆိုကြရမည်သာဖြစ်ပေသည်။

REDMI NOTE 8
TAIN HTUT KHAUNG

ပင်ကိုအလှဆိုသည်မှာ ကျန်းမာရေးကောင်း၍ သွေးသားစိုပြည်နဝိုးရည် တောက်ပနေခြင်းကို ဆိုလိုသည်။ တောသူတစ်ဦး၏ နေရောင်ခံအသားအရေနှင့်ပင်ကိုလှပခြင်းသည် ကျန်းမာရေးဖျော့တော့သော မြို့သူ၏ မက်စ်ဖက်တာအလှကို လွှမ်းမိုးသည်။

ဤသို့သော အယူအဆများကြားထဲက ဆင်းရဲချမ်းသာ မဟူမြန်မာအမျိုးသမီးအားလုံးတို့သည် ရွှေလက်ဟောင်း သနပ်ခါးကိုဖြင့် လက်မလွှတ်ကြပါနှင့်ဟု မေတ္တာရပ်လိုပါသည်။

ရွှေ့တာရေးဖြစ်သည့်ပြင် ဤကဲ့သို့သစ်ခေါက်များကို လိမ်းကျံသည်မှာကျန်းမာရေးအတွက် ပိုကောင်းသည်ဟူ၍ အနောက်တိုင်းပညာရှင်အချို့က အယူရှိလာကြသောကြောင့်ဖြစ်သည်။ အမျိုးသမီးများ၏ ကိုယ်တွေ့အရလည်း ကျန်းမာရေး၊ စိတ်ကြည်လင်ရေးအတွက် ကောင်းသည်ဟုပင် ဆိုစမှတ်ရှိကြသည်။

ပခုက္ကူခရိုင်သည် သနပ်ခါးအထွက်ဆုံးနယ်အဖြစ် ကျော်ကြားသည်။ တောင်နီသနပ်ခါး ဆိုလျှင် မြန်မာအမျိုးသမီးကြီးနှင့် အမျိုးသမီးလတ်များ ကြားဖူးသည်။ ပခုက္ကူခရိုင် ပခန်းကြီးအနောက် ခရီးတစ်တိုင် အကွာခန့်တွင်ရှိသော တောင်နီဆိုသည့်အရပ်ကထွက်သည့်အတွက် တောင်နီသနပ်ခါးဟု ခေါ်ခြင်းဖြစ်သည်။ မြေခံကနီသောကြောင့် သနပ်ခါးအသွေးကလည်း နီရောင်ပြေးနေသည်။ အပွေး နက်နေလျှင် တောင်နီသနပ်ခါးမဟုတ်ဟု ဆိုကြသည်။

ပခန်းသားများ၏ ပါးစပ်ရာဇဝင်အရမှာ အလောင်းစည်သူမင်းကြီး ဖောင်စကြာနှင့် တိုင်းခန်း လှည့်လည်လာတော်မူစဉ် တောင်နီဟု ယခုခေါ်ကြသည့် ရှင်မတောင်အနီးသို့ ရောက်သည့်အခါ မိဖုရား၏ သနပ်ခါးအစ်တော်သည် ဘယ်လိုကဘယ်လိုဖြစ်သည်မသိ၊ မှောက်သွားသောဟူ၏။ ထိုသို့သောအကြောင်းကြောင့် တောင်နီသနပ်ခါးသည် အခြားနယ်ပယ်ဒေသက သနပ်ခါးများထက် မွှေးသည်ဟုဆိုသည်။ ပခန်းကြီးသူတွေ မွှေးသည်ဟုကား မဆို။

အိမ်တစ်အိမ်က သနပ်ခါးသွေးနေရင် ဟိုဘက်သုံးလေးအိမ်၊ ဒီဘက်သုံးလေးအိမ်ကပင်မွှေးနေ သည်ဟုဆိုသည်။ ပခန်းသားများပြောသည့်အတိုင်းဆိုလျှင် "ရွှေနံ့သာခေါက်ကိုလ၊ တောက်ပေါ်မှာတင် ခန်းဝင်ကမွှေး" ဆိုသည့် ရွှေဘိုပုံကြီးသံထဲမှာပါသည့် သနပ်ခါးစံချိန်ကိုပင် ချိုးနေပါသည်။

ရွှေဘိုသားက မကြွားသောကြောင့် ဤမျှသာ စပ်ထားခြင်းဖြစ်ချင်ဖြစ်မည်။ ရွှေဘိုသနပ်ခါး မှာ[illegible]ကြီးပင်ဖြစ်သည်။ တောင်တွင်းကြီးမြို့ကလည်း သနပ်ခါးကောင်းကြောင်း ဂုဏ်ယူ

REDMI NOTE 8
TAIN HTUT KHAUNG

လေ့ရှိသည်။ ဦးကြော့က တောင်တွင်းသနပ်ခါးကောင်းကြောင်း စာတစ်ပိုဒ်ရေးစပ်ခဲ့သည်မှာ-

သနပ်ခါးပင်တွဲ့တေးထပ်-

ပုလဲရည် ငွေနှင်းဖျို၊ လေသွင်းရှိုသုတ်ခါ၊ ရွှေတွင်းမြို့ ဥတ္တရာဝယ်၊ ရက္ခမာ သာမော၊ ၊ နွဲ့ကြူဆင့် ကဲထူးလှိုင်သည်၊ လဲဘူးမြိုင် ပန်းစုံတဲ့တော။ ၊ စိမ့်စမ်းကျ တွေတွေသွန်၊ ရေတံခွန်ကျ ချော၊ ဟေမဝန် မြကြော၊ နုံ့သာတော ရင့်မှုံ။ ၊ လှလိုက်တာ ပင်နပ်ခါး၊ ရှင်နတ်များစိုက်ထား သည့်ပုံ။ ၊ အရိုးက ကတိုးထုံသည်၊ အခိုးစုံ ပင်စည်လျှောက်ပါလို့၊ အခေါက်ကလေးတစ်ရာ မွှေးတဲ့နံ့သာ၊ ရွှေတစ်သန်း ဘွေမန်းညာမှာ ရွှေဂန္ဓာဆင်မြန်းဖို့လေး. . . ဟူ၍ ဖြစ်သည်။

တောင်တွင်းကြီးမှ ခရီးဆယ့်နှစ်မိုင်ကွာခန့်ရှိသည့် ကုက္ကိုခွဆိုသောရွာအနီးက ဗိဿနိုးမြို့ဟောင်း အကြောင်းကို ယခုတစ်လော သတင်းစာများတွင် ကျွန်တော်တို့ ဖတ်နေကြရသည်။ ရှေးဟောင်းသုတေသန ဌာနကလည်း ဦးအောင်သော် စသည့်ကျွမ်းကျင်သူများကြီးကြပ်ပြီး ရှေးဟောင်းပစ္စည်းများကို တူးဖော်နေကြသည်။ ၎င်းဗိဿနိုးမြို့ဟောင်းအတွင်းမှာလည်း သနပ်ခါးပင်များရှိကြသည်။

သနပ်ခါးကို ကောင်းသောနံ့သာ လိမ်းကျံစရာမှန်းသိသော်လည်း အနောက်နိုင်ငံကလာသော ပစ္စည်းများက လွယ်ကူသောကြောင့် သွေးရသောဒုက္ခ၊ စိုဖပ်ဖပ်လိမ်းရသောဒုက္ခကို မြန်မာအမျိုးသမီး များက ရှောင်လိုကြခြင်း ဖြစ်ပေလိမ့်မည်။ တစ်နည်းသော် ကိုယ့်ပစ္စည်းမို့ ကိုယ်မကြိုက်၊ ပေါ၍ အတောင်းမထင်သည့်သဘောမျိုးလည်း ဖြစ်စရာရှိသည်။ အနောက်နိုင်ငံများသို့ သွားသောအခါ သနပ်ခါးခဲကလေးများကို လက်ဆောင်ပေးလျှင် နိုင်ငံခြားအမျိုးသမီးများသာမက မြန်မာသံရုံးများမှ အရာရှိကတော်များကလည်း မက်မက်စက်စက်လိုချင်ကြသည်။ ယူကြသည်ကိုတွေ့ရသည်။

ခေတ်ကာလအလျောက် မည်သို့ပင်အလှခြယ်စရာ လိမ်းကျံမှုများတိုးတက်ပေါ်ပေါက်လာ သော်လည်း မြန်မာအမျိုးသမီးများသည် သနပ်ခါးကို မပစ်ခွာသင့်ပေ။

သနပ်ခါးလိမ်းကျံမှုမှာ မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်၍ အိုးစားခွဲကြလို့လည်း မတော်ပေ။ မကွဲမကွာနေချင်သူလည်း အများပင်ရှိသေးသည်ကို တွေ့ရသောကြောင့် ဝမ်းသာရပေ သည်။

သို့ရာတွင် သနပ်ခါးပင်များကား ရှေးကနှင့်မတူ ရှားကုန်ပေပြီ။ သနပ်ခါးတုံးများလည်း ငါးဈေး၊ ကြက်ဈေး၊ မက်စ်ဖက်တာဈေးနည်းတူ တက်ကုန်ပြီ။

REDMI NOTE 8
TAIN HTUT KHAUNG

သနပ်ခါးဥယျာဉ်များ စနစ်တကျစိုက်ပျိုးကြပြီး ခေတ်နှင့်အညီ အဆီထုတ်ခြင်း၊ ပြုပြင်စီမံခြင်းများပြုကြလျှင် ခေတ်မီသော မြန်မာ့အမျိုးသမီးများလည်း သုံးလာကြမည်၊ ကြော်ငြာကောင်းကောင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချလျှင်လည်း ရနိုင်မည်၊

ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတစ်ရပ်အဖြစ် စဉ်းစားစရာ ကောင်းပါသည်၊

၂၀ ရာစု လူထုဦးလှ

## စကားဆစ်အဖွင့်

| | | |
|---|---|---|
| ၁၊ စောဒက | = | အပြစ်တင်ဆိုချက်၊ |
| ၂၊ စွဲမက် | = | နှစ်သက်ခင်တွယ်သည်၊ |
| ၃၊ တစ်တိုင် | = | တာပေါင်းတစ်ထောင်ရှိသော အကွာအဝေး၊ (နှစ်မိုင်ခန့်) |
| ၄၊ ပါးစပ်ရာဇဝင် | = | စာပေအထောက်အထားမရှိဘဲ တစ်ဆင့်စကားအားဖြင့် မှတ်သားလာခဲ့သော ရာဇဝင်အကြောင်းအရာ၊ |
| ၅၊ မက်မက်စက်စက် | = | မြတ်မြတ်နိုးနိုး၊ |
| ၆၊ လောကဓာတ်ပညာ | = | သိပ္ပံပညာ၊ |
| ၇၊ ဝံသာနု | = | မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်သူ၊ မျိုးချစ်စိတ်ရှိသူ၊ |
| ၈၊ အပွေး | = | ရင့်သောအခွံအခေါက်၏အပေါ်ယံလွှာ၊ |
| ၉၊ အမွေ့ | = | နိုင့်ထက်စီးနင်း၊ |
| ၁၀၊ အိုးစားခွဲ | = | တကွဲတပြားစီဖြစ်သွားအောင် ပြုလုပ်သည်၊ |
| ၁၁၊ အစ် | = | ကွမ်း၊ ဆေး စသည် ထည့်ရသောအဖုံးပါသည့် ခွက်တစ်မျိုး၊ |

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

## အဓိကအချက်များ

❖ သနပ်ခါးသည် မြန်မာနိုင်ငံမှထွက်ရှိသော လိမ်းကျံစရာ သဘာဝပစ္စည်းဖြစ်သည်။

❖ သနပ်ခါးလိမ်းကျံခြင်းသည် ကျန်းမာရေး၊ စိတ်ကြည်လင်ရေးအတွက် ကောင်းမွန်သည်။

❖ မြုပြင်ခြယ်သသောအလှထက် သဘာဝအလှကို ပို၍တန်ဖိုးထားသင့်သည်။

❖ ပခုက္ကူခရိုင်သည် သနပ်ခါးကောင်းအထွက်ဆုံးနယ်မြေဖြစ်သည်။

❖ သနပ်ခါးလိမ်းကျံမှုသည် မြန်မာတို့၏ ဖြပ်မဲ့ယဉ်ကျေးမှုတစ်ခု ဖြစ်သည်။

❖ သနပ်ခါးကို မြုပြင်၍ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်သင့်သည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

လွှမ်းမိုး၊ စမ်းသပ်၊ ချွေတာရေး၊ ခေတ်မီ၊ စနစ်တကျ

၂။ အောက်ပါစကားလုံးများကို အဘိဓာန်တွင်ရှာပါ။ အနက်ဖွင့်ဆိုချက်များမှ ဤဆောင်းပါးနှင့်ဆီလျော်သော အဓိပ္ပာယ်ကိုဖော်ပြပါ။

လိမ်းကျံ၊ သဘာဝ၊ ထုံ၊ အယူ၊ ခြယ်လှယ်

၃။ အောက်ပါဝါကျများတွင် ကွင်းအတွင်းပေးထားသောသတ်ပုံများမှ မှန်သောသတ်ပုံကို ရွေး၍ ကွက်လပ်ဖြည့်ပါ။

(က) ကျောင်းသားကျောင်းသူများသည် ကျောင်းပတ်ဝန်းကျင် စိမ်းလန်း----- ရေးနေ့တွင် သစ်ပင်စိုက်ပျိုးကြသည်။ ( စိုပြည်၊ စိုပြေ)

(ခ) နေဝင်ချိန်တွင် နေရောင်ခြည်သည် တဖြည်းဖြည်း--------လာသည်။ (ဖြော့တော့၊ ဖျော့တော့)

(ဂ) ကျော်ကျော်၏--------စရိုက်သည် အေးဆေးတည်ငြိမ်သည်။ (ပင်တို၊ ပင်ကိုယ်)

REDMI NOTE 8
TAIN HTUT KHAUNG

(ဃ) ပန်းချီကားကို ဆေးရောင်စုံဖြင့်--------ရသည်မှာ ပျော်စရာကောင်းသည်။
(အလှခြယ်၊ အလှချယ်)

(င) မေမေသည်--------ကောင်းသည်။ (အသားအရေ အသားအရည်)

၄။ မြန်မာအမျိုးသမီးများ၏ ပြင်ဆင်ခြယ်သမှုသည် အနောက်တိုင်းဆန်နေသည်မှာ မည်သည့် အကြောင်းများကြောင့်ဟု ထင်ပါသနည်း။ သင်၏ထင်မြင်ချက်ကို ဖော်ပြပါ။

၅။ သဘာဝအလှကို ပို၍တန်ဖိုးထားသင့်သည်ဟူသောအဆိုကို နှစ်သက်ပါသလား။ အကျိုးသင့်အကြောင်းသင့် ရှင်းပြပါ။

၆။ သနပ်ခါးအကြောင်း သိမှတ်စရာများကို စုံလင်စွာဖော်ပြပါ။

၇။ သနပ်ခါးကို ခေတ်နှင့်အညီ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်အောင် မည်သို့ပြုပြင်ပေးသင့်ပါသနည်း။ သင့်ထင်မြင်ချက်နှင့်တကွ ဖော်ပြပါ။

REDMI NOTE 8
TAIN HTUT KHAUNG

## ၁၁။ စကားပုံ (အသုံးချဘာသာစကား)

အောက်ပါစကားပြေကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။ စာပိုဒ်များကိုဖတ်ပြီး သူငယ်ချင်းများနှင့် ဆွေးနွေးပါ။

### သင်္ဂဇာဆရာတော်၏စကားပုံ

ဆရာတော်သဘောက မပြောလို၍ပမာမိုးလျှင် နှာစေး၍အနံ့မသိသောယုန်ထုံးကိုပုံနှိုင်း၍ မိန့်တော်မူသောအကြောင်း

မန္တလေးရတနာပုံနေပြည်တော် ဒုတိယမြို့တည်နန်းတည် မာရ်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်းတရားသည် ခမည်းတော်၏အရိုက်အရာဖြစ်သော ထီးနန်းနိုင်ငံကို ဆက်ခံတင့်တယ်လျှမ်း သိမ်းမြန်းစိုးစံတော်မူ၍ သက်တော် နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်နှစ်၊ သက္ကရာဇ် ၁၂၄၇ခု တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့၊ အင်္ဂလိပ်အစိုးရစစ်သည်တော်များသည် ဧရာဝတီမြစ်ကြောသို့ သင်္ဘောနှင့် ဆောင်ယူသွားစဉ်အခါ သင်္ဂဇာဆရာတော်ဘုရားကြီးလည်း မော်လမြိုင်သားတို့သည် သီပေါမင်းတရားကို အင်္ဂလိပ်အစိုးရစစ်သည်တော်များ ဆောင်ယူသွားသည်ဆိုသောစကားကို အမှန်အားဖြင့် သိလိုပါသောကြောင့် ဟုတ်မဟုတ် ပါ မပါကို ဆရာတော်ဘုရားမိန့်ကြားတော်မူပါဟု လျှောက်ထားကြသည်မှာ နေ့စဉ်နေ့တိုင်း လူဆက်မပြတ် အားလပ်သော အခွင့်အနည်းမျှမရှိ ညည်းစကားပြောရ၍ အကြောအခြင်ညောင်းလျက် နေမကောင်းထိုင်မသာရှိတော်မူ၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာတို့က ရှေးတယုန်တလေးသို့ ပမာမိုး၍ နှာစေး၍သာ နေချင်သည်ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာအများ လျှောက်ထားသူတလေးတို့က ယုန်တလေး၏ဥပမာကို တောင်းပါထင်ရှားအောင် မိန့်ကြားတော်မူပါဟုတောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ. . . ဒါယကာတို့ ရှေးက ဟိမဝန္တာတောသုံးထောင်ကို ကုန်အောင်အစိုးရသော မိဂရာဇာ ကေသရာဇာ ခြင်္သေ့မင်း ထံတော်ပါး၌ များစွာသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် အရပ်ရပ်သော သားအပေါင်းတို့သည် ခညောင်းဝပ်တွား ခစားလာမြဲဖြစ်သတည်း။ ထိုသို့ခစားလာကြသောအခါ ကေသရာဇာခြင်္သေ့မင်းသည် ခံတွင်းကိုဟလျက် လာသမျှသားအပေါင်းတို့ ငါ၏ခံတွင်းကို နမ်းကြလေဟုနိုင်းရာ နမ်းသမျှ သတ္တဝါတို့သည် အလွန်တရာ ညှီနံဟောင်ပုပ် စက်ဆုပ်ဖွယ်ပင်ဖြစ်သော်လည်း စင်စစ် ဟုတ်သည့်အတိုင်းမတင်ဝံ့ ရွံ့ကြောက်သည့်အတွက် ကရမက်စူကာ ပန်းနံ့သာကဲ့သို့ အလွန်တရာမွှေးပါသည်ဘုရားဟု အသီးသီးလျှောက်ထားကြရ၏။

ဤကဲ့သို့ အစဉ်အတိုင်း နမ်းကြကုန်သော် ယုန်၏အလှည့်သို့ရောက်လျှင် မွှေးပါ၏ဟု မပြောချင်သောကြောင့် အရှင်ကေသရာဇာ ခြင်္သေ့မင်းခံတွင်းကို တွန့်ပိုင်နမ်းသော်လည်း နှာစေး၍ [illegible] ဆိုသတဲ့ ဒကာတို့ရဲ့။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

ဤအတူ ရပ်သူရွာသား အမေးများသောကြောင့် မအားလပ်နိုင်အောင်ရှိသည်။ ဆရာတော်လည်း နှာသာစေးလိုက်ချင်တော့သည်ဟု မိန့်တော်မူသောအခါ သည်းစွာရယ်မော၍ တသောသောနေကြလေကုန်သတည်း။

၁၉ ရာ၉

## ဝေါဟာရ

ဓကဲဆစ်အဖွင့်

၁။ ကရမက် = အသားနံ့သာပင်တစ်မျိုး။

၂။ ခညောင်း = ရှိသေစွာ ခစားသည်။

၃။ စုကာ = အပြာရင့်ရောင်ပန်းပွင့်သော နွယ်ပင်တစ်မျိုး။

၄။ ဝပ်တွား = ကိုယ်ကိုကျုံ့ဝပ်လျက် ရိုသေစွာရှိခိုးသည်။

၅။ သိမ်းမြန်း = သိမ်းပိုက်သည်။

၆။ အရိုက်အရာ = ဆက်ခံရာဖြစ်သောရာထူး၊ စည်းစိမ်။

## အဓိကအချက်များ

- မြန်မာစကားတွင် မိမိဆိုလိုချင်သော၊ ပြောချင်သောအဓိပ္ပာယ် သက်ရောက်ထိမိစေရန် ခိုင်းနှိုင်း ပြောဆိုလေ့ရှိကြောင်း သိရသည်။
- မိမိမဖြေလိုသောအကြောင်းအရာကို ရှောင်ရှားလိုလျှင် "ယုန်ကလေးနှာစေးနေတယ်" ဟူ၍ ပြောဆိုနိုင်သည်။
- ထိုသို့ဖြေဆိုခြင်းသည် လိမ်ညာခြင်းမဟုတ်ဘဲ အစွန်းလွတ်သော ဖြေဆိုနည်းဖြစ်သည်။
- ဘဝတွင် ရှောင်ရှားရခက်သော ကိစ္စများနှင့်တွေ့ကြုံလာရပါက စကားအရာလိမ္မာပါးနပ်စွာ ပြောဆိုခြင်းသည်လည်း ပြဿနာဖြေရှင်းနည်းတစ်ခုဖြစ်သည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

နှာစေး၊ စိုးစံ၊ စက်ဆုပ်၊ တည်၊ ပမာ

REDMI NOTE 8
TAIN HTUT KHAUNG

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

ထင်ရှား၊ ခံစား၊ မိန့်ကြား၊ အလှည့်၊ ခံတွင်း၊ တောင်းပန်

၃။ မျဉ်းသားထားသော အထူးပြုစကားလုံးများသည် မည်သည့်အထူးပြုများဖြစ်သနည်း။

(က) ကလေးများကို ကောင်းစွာ စောင့်ရှောက်ရမည်။

(ခ) သဘာဝတောမဲ့တောများတွင် များစွာသော သမင်၊ ဒရယ်၊ ယုန်၊ မျောက်တို့ ရှိသည်။

(ဂ) ရှေးက ဟိမဝန္တာ တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်း ရှိသည်။

(ဃ) ဦးမောင်မောင်သည် ကျွန်ုပ်၏ဖခင် ဖြစ်သည်။

(င) မနေ့က မိုးသည်းစွာ ရွာသည်။

(စ) မင်းမင်းသည် ကျောင်းသို့ နေ့စဉ်နေ့တိုင်း လမ်းလျှောက်သွားသည်။

၄။ အောက်ပါစာပိုဒ်တွင် မျဉ်းသားထားသောစကားလုံးများသည် မည်သည့်နောက်ဆက်များ ဖြစ်သနည်း။

သီပေါမင်းတရားသည် ခမည်းတော်၏အရိုက်အရာထီးနန်းကို ဆက်ခံစိုးစံတော်မူသည်၊ သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် အင်္ဂလိပ်စစ်သည်တော်များသည် ဧရာဝတီမြစ်ကြောသို့ သင်္ဘောနှင့်ဆောင်ယူသွားခြင်းကို ခံရသည်၊ သင်္ဂဇာဆရာတော်ဘုရားကြီးလည်း မော်လမြိုင်သားတို့သည် သီပေါမင်းတရားကို အင်္ဂလိပ်အစိုးရစစ်သည်တော်များ ဆောင်ယူသွားသည်ဆိုသောစကားကို အမှန်အားဖြင့် သိလိုပါသောကြောင့် ဟုတ် မဟုတ်၊ ပါ မပါကို ဆရာတော်ဘုရား မိန့်ကြားတော်မူပါဟု လျှောက်ထားလာကြသည်။

၅။ မိမိမပြောလိုသောအကျပ်အတည်းနှင့်ကြုံတွေ့ရသောအခါ မည်သို့ပြောဆိုဖြေရှင်းသနည်း။ သင်္ဂဇာဆရာတော်ဘုရားဖြေရှင်းခဲ့ပုံနှင့် နှိုင်းယှဉ်ဖြေဆိုပါ။

၆။ "နွားစာ၌ အနံ့မသိသောယုန်" ပုံနိုင်း ဥပမာကဲ့သို့ မိမိသိသော ပုံနိုင်းဥပမာ ၃ ခုခန့်ကို ရေးပါ။

၇။ "နွားစာ၌ အနံ့မသိသောယုန်" ပုံနိုင်းဥပမာသည် လက်တွေ့ဘဝနှင့်ဆက်စပ်၍ မည်သည့်အကျိုးကျေးဇူးများ ရရှိသနည်း။

REDMI NOTE 8
TAIN HTUT KHAUNG

## ၁၂။ လက်ာ (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိတို့ယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### ချောင်းကလေး

တောင်ရိုးပေါ်က၊ အခြေစ၍
နိုးထဆင်းလာ၊ ရေစီးသာနှင့်
ရပ်ကျိုးရွာကျိုး၊ ဆောင်သယ်ပိုးသည့်
အဖိုးတန်သောချောင်းကလေး။
သည်ချောင်းတင်ငါး၊ ငါတို့စား၏၊
သည်ချောင်းရေပေါ်တ်၊ တို့သုံးသောက်၏၊
သည်ချောင်းရေလျှံ၊ နုန်းတင်ကျန်တွင်
သီးနှံမျိုးစုံ၊ တို့စိုက်ကုန်၏၊
သည်ချောင်းငယ်တား၊ တို့ရွာများ၏
အားထားဖွယ်ရာကျေးဇူးရှင်၊
ဒိုက်နှင့်သရော၊ ရေစုန်မျောက
မတောရန်ဆယ်၊ တမ်းစွယ်တမ်းဝါး
ပြိုမသွားအောင်၊ လုပ်အားကိုသုံး
တို့စုရုံးမည်၊
ချောင်းဆုံး ချောင်းစ
မခွဲကြဘဲ၊ ဖို့ကြဆည်ကြ
တားဆီးကြမည်။
သည်ချောင်းအရေး
အသက်ပေး၍၊ တို့နေ့မဆ
မြေရှင်းကြမည်၊ ညနေ့ချိန်ခါ မတူတည်း။

တုတလင်ချစ်လေး

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

## စကားလုံးအဖွင့်

၁။ ကော = မြစ်ချောင်း စသည်တို့တွင် နုန်းမြေပို့၍ရေတိမ်လာသည်။

၂။ တွဲမနေ = နေးကွေးဆိုင်းငံ့မနေတဲ့။

၃။ ဒိုက်သရော = ရေစီးတွင်မျောပါလာလိုက်၊ ကမ်းတွင်တင်လိုက်ရှိသောအမှိုက်စု။

၄။ နုန်း = ရေစီးနှင့်ပါလာပြီး မြစ်ချောင်း ကျွန်းမြင် စသည်တို့တွင် အနည်ထိုင်တင်ကျန်နေသော နွံ့နစ်မြေဆီ။

၅။ မဟု = မဆို။

## အဓိကအချက်များ

- လူ၏အကျိုး၊ ရပ်ကျိုး၊ ရွာကျိုးကိုသယ်ပိုးသော ချောင်းကလေးဖြစ်ကြောင်း သိရသည်။
- ချောင်းကလေးကိုမှီ၍စိုက်ပျိုးလုပ်ကိုင်ပုံကို ဗဟုသုတအဖြစ် သိရှိရသည်။
- ရွာ၏အားထားရာချောင်းကလေးကို မတိမ်ကောရန်၊ ကမ်းမပြိုရန် ကာကွယ်စောင့်ရှောက်ကြသည့် တာဝန်သိစိတ်၊ သဘာဝကိုထိန်းသိမ်းလိုစိတ်များရှိလာအောင် လမ်းညွှန်ထားသည်။
- ချောင်းကလေး၏ကျေးဇူးကို သိနားလည်ပြီး လိုအပ်လျှင် အသက်ပေး၍ ကာကွယ်ရမည်ဖြစ်ကြောင်း သိရှိရသည်။
- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် လူသားတို့၏ဘဝကို ထိန်းသိမ်းခြင်းလည်းဖြစ်ကြောင်း သိရှိစေသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ဖော်ပြပါ။

သယ်ပိုး၊ ရေစုန်မျော၊ စုရုံး၊ မြေရှုင်း၊ ဖို့၊ ဆည်

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

REDMI NOTE 8
TAIN HTUT KHAUNG

ချောင်း၊ ကမ်းပါး၊ နုန်း၊ တားဆီး၊ ကျေးဇူးရှင်၊ အဖိုးတန်

၃။ အောက်ပါကဗျာစာပိုဒ်တွင် ကာရန်များကိုရှာ၍ ကာရန်ယူပုံစနစ်ကိုပါ ဖော်ပြပါ။

သည်ချောင်းရေလျှံ၊ နုန်းတင်ကျန်တွင်
သီးနှံမျိုးစုံ၊ တို့စိုက်ကုန်၏၊
သည်ချောင်းငယ်ကား၊ တို့ရွာများ၏
အားထားဖွယ်ရာ၊ ကျေးဇူးရှင်၊
ဒိုက်နှင့်သရော၊ ရေစုန်မျောက
မကောရန်ဆယ်၊ ကမ်းစွယ်ကမ်းပါး
ပြိုမသွားအောင်၊ လုပ်အားကိုသုံး
တို့စုရုံးမည်။

၄။ "သည်ချောင်းအရေး၊ အသက်ပေး၍၊ တုံ့နှေးမဆ၊ ဖြေရှင်းကြမည်၊ ညနေ့ချိန်ခါ မဟူတည်း"ဟူသည့် ကဗျာစာသားကို သင့်စကားဖြင့် စကားပြေပြန်ရေးပါ။ အဘယ်ကြောင့် ထိုသို့ပြုလုပ်သင့်ကြောင်း ဆွေးနွေးပါ။

၅။ ချောင်းကလေးကို ကာကွယ်ရမည်ဟု စာဆိုက အဘယ်ကြောင့် ရေးဖွဲ့ထားသနည်း။

၆။ ချောင်းကလေးကဗျာအရ ချောင်းကလေးကို တို့ရွာများ၏ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်ဆိုထိုက်သနည်း။

၇။ ဤကဗျာကို ဖတ်ရှုရခြင်းဖြင့် မည်သည့်ခံစားမှုများ ဖြစ်ပေါ်လာသည်ကို ဆွေးနွေးတင်ပြပါ။

REDMI NOTE 8
TAIN HTUT KHAUNG

## ၁၃။ ခရီးသွားမှတ်တမ်း (သုတရသစကားပြေ)

အောက်ပါခရီးသွားဆောင်းပါးကိုဖတ်ပါ။ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကို ဖတ်ပြီး သူငယ်ချင်းများနှင့်ဆွေးနွေးပါ။

### အေးငြိမ်းချမ်း၏ ခရီးသွားမှတ်တမ်း

၆၊ ၄၊ ၈၇

ဒီနေ့ည ကိုးနာရီရထားနဲ့ သမီးတို့မန္တလေးကိုသွားကြတယ်။ သမီးက အသက်ခုနစ်နှစ်ခွဲ ရှိနေပြီမို့ ကလေးလက်မှတ် ဝယ်ရတယ်လို့ မေမေကပြောတယ်။ မောင်လေးကတော့ တစ်နှစ်ခွဲပဲ ရှိသေးလို့ လက်မှတ်မဝယ်ရဘူးတဲ့။

မီးရထားအိပ်စင်နှစ်ယောက်ခန်းမှာ ဖေဖေ၊ မေမေ၊ ဘွားဘွားတင့်၊ မောင်လေးနဲ့သမီး အားလုံးပေါင်း ငါးယောက်လိုက်ခဲ့ရတယ်။ အားလုံးအတွက်ရထားခက လေးရာ့ခြောက်ဆယ့်ကျ တယ်လို့ ဖေဖေကပြောတယ်။ မေမေကလဲ “လက်မှတ်ရတာကံကောင်းလိုက်တာ” တဲ့။

ညကျတော့ သမီးနဲ့ဖေဖေက အပေါ်ထပ်၊ ဘွားဘွားတင့်ကအောက်ထပ်၊ မောင်လေးနဲ့ မေမေကတော့ ကြမ်းပေါ်မှာသားရေပြားခင်းပြီး အိပ်ကြရတယ်။ နေရာကကျပ်တော့ မီးခြစ်ဘူးထဲက မီးခြစ်ဆံလေးလို ဆန့်ဆန့်လေးတွေအိပ်ရတယ်။ ငွေလေးရာ့ခြောက်ဆယ်ကုန်ပြီး ကြမ်းပေါ်မှာ အိပ်ရတာကိုမေမေက “ကံကောင်းလိုက်တာ” လို့ဘာကြောင့်များပြောတာလဲ၊ သမီးစဉ်းစားလို့ကို မရပါဘူး။

၇၊ ၄၊ ၈၇

ဒီနေ့မနက် ဆယ့်တစ်နာရီ မန္တလေးကိုရောက်တယ်။ ဘွားဘွားအေးနဲ့ကိုညီပုတို့ လာကြို ကြတယ်။ သမီးတို့အားလုံးလဲ ပူပြီးအိုက်နေကြတယ်။ ဘွားဘွားအေးက အိမ်မှာမီးမလာတာ သုံးရက်ရှိပြီလို့ ပြောတယ်။ ရေစက်တွေလဲ ရေမတင်နိုင်ဘူးတဲ့။ သမီးက ရန်ကုန်မှာပဲ မီးပျက် တတ်တယ်ထင်တာ၊ မန္တလေးမှာလဲ ပျက်တာပါပဲနော်။

၉၊ ၄၊ ၈၇

ဒီနေ့မနက် တရုတ်တန်းဈေးသွားကြတယ်။ မေမေက အသားခုတ်တဲ့တရုတ်ဓားကြီးတစ်ချောင်း ဝယ်တယ်။ အကျႌစတွေနဲ့ ဓာတ်ဘူးလဲဝယ်တယ်။ သမီးနဲ့မောင်လေးဖို့ လည်ရှည်ဖိနပ်တွေလဲ ဝယ်တယ်။ “[illegible]ချည်းတွေသိပ်ပေါတာပဲ။ ပြန်ခါနီးကျမှ ထပ်ဝယ်ရအုံးမယ်” လို့ပြောတယ်။

REDMI NOTE 8
TAIN HTUT KHAUNG

ညကျတော့ ဘွားဘွားညွန့်က သမီးကိုယ်ကိုတိုင်းပြီး သီလရှင်ဝတ်စုံချုပ်ပေးတယ်။

၁၀၊ ၄၊ ၈၇

ဒီနေ့လဲ သိပ်မအိုက်ဘူး။ ဘွားဘွားတင့်နဲ့ဘွားဘွားအေးကတော့ အလှူအတွက် မုန့်တွေ လုပ်နေကြတယ်။ ကြက်သားတွေ ဝက်သားတွေဝယ်ဖို့ တာဝန်ခွဲနေကြတယ်။

သမီးတို့ကလေးတွေကတော့ တစ်နေကုန်ဆော့ကြတယ်။

၁၁၊ ၄၊ ၈၇

မနက်ပိုင်းက ဈေးချိုသွားတယ်။

နေ့ခင်းကျတော့ လေတွေတအားတိုက်ပြီး မိုးတွေတအားရွာတယ်။ ပူအိုက်နေရာက အေးပြီး ချမ်းတောင်ချမ်းလာတယ်။

ဘဘသင်းကတော့ လေတွေမိုးတွေရာသီဥတုတွေ ဖောက်ပြန်ကုန်တာတဲ့။ ဒါကိုသင်္ကြန်မိုးလို့ ခေါ်မရဘူးတဲ့။ သင်္ကြန်မိုးဆိုတာ ဖွဲဖွဲလေး ကျဲကျဲလေးသာရွာတာလို့ ပြောတယ်။

၁၂၊ ၄၊ ၈၇

ဒီနေ့ညနေပိုင်းရောက်တော့ ဘဘထွန်းရော၊ ဘဘသင်းရော၊ ဖေဖေရော၊ ကိုညီပုတို့ရော အကုန်လုံး ခေါင်းတုံးတုံးကြရတယ်။ သမီးကိုလဲ ခေါင်းတုံးတုံးတယ်။

ညနေကျတော့ ဘဘသင်းနဲ့ဖေဖေတို့ညီအစ်ကိုခြောက်ယောက်က ဘုန်းကြီးကျောင်းကို သွားပြီး ကိုရင်ကြီး ဝတ်ကြရတယ်။ နောက်ပြီး ကျောင်းမှာနေခဲ့ရော၊ နက်ဖြန်မနက်ခင်းကျမှ သိမ်တက် ရမယ်တဲ့။

မောင်လေးကတော့ ဖေဖေနေရစ်ခဲ့လို့တဲ့ ငိုလိုက်တာတအားပဲ။

၁၃၊ ၄၊ ၈၇

ဒီနေ့သင်္ကြန်အကြိုနေ့။

ရေ စ ပက်ပြီ။

သမီးကိုတော့ မနက်စောစောကတည်းက သီလရှင်ဝတ်ပေးတယ်။ ညှိုသည်တွေက သမီးကို သီလရှင်[illegible]တယ်လို့ ချီးကျူးကြတယ်။ မောင်လေးကတော့ ဖိုးသူတော်ဝတ်စုံနဲ့ ဓာတ်ပုံ [illegible]တယ်။

REDMI NOTE 8
TAIN HTUT KHAUNG

ညနေကျတော့ ဘွားဘွားသိန်းနဲ့အတူတူ စစ်ကိုင်းက သာသနာ့ပါလချောင်ကိုလိုက်ခဲ့တယ်၊ မေမေ၊ မောင်လေး၊ ပုပုနဲ့ ဒေါ်လေးချစ်တို့လဲ လိုက်လာတယ်။

ညနေကျတော့ ထမင်းဆာတာနဲ့ အစောကြီးအိပ်လိုက်ရတယ်။

၁၄၊ ၄၊ ၈၇

၁၅၊ ၄၊ ၈၇

၁၆၊ ၄၊ ၈၇

သီလရှင်ချောင်မှာ ဆရာလေးတွေနဲ့အတူတူ ဘုရားစာတွေကျက်ရတယ်။ ညကျတော့ ဘုရားဝတ် တက်ရတယ်။ မနက်စောစောထရတယ်။ ဟေတုပစ္စယောရပြီ။

ညနေတိုင်းဆာတယ်။ ချိုချဉ်တွေအများကြီးစားလို့ချောင်းဆိုးနေပြီ။

၁၇၊ ၄၊ ၈၇

**ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့။**

သမီးတို့တစ်တွေ မနက်စောစောထပြီး မန္တလေးပြန်ခဲ့ကြတယ်။ ကားခက တစ်ယောက်ကို ခုနစ်ကျပ်ပေးရတယ်။ ကျပ်လိုက်တာလဲ တအားပဲ။ မန္တလေးဝင်တော့ သမီးတို့စီးလာတဲ့ ကားကြီးက ဓာတ်ဆီနည်းနေပြီဆိုပြီးတော့ အိမ်တစ်အိမ်ဝင်ပြီး ဓာတ်ဆီထည့်တယ်၊ ကားဆရာကြီးက "ဓာတ်ဆီတစ်ဂါလန် တစ်ရာကျော်နေပြီဗျ" လို့ မျက်နှာရှုံ့ပြီးပြောတယ်၊ ဒါပေမဲ့သူ့ကားကို ဓာတ်ဆီတွေ အများကြီးထည့်တယ်။ ပိုက်ဆံတွေအများကြီးကုန်မှာပေါ့နော်၊ ဘွားဘွားအေးတို့ အိမ်ကကားက တစ်ပတ်ကို ဓာတ်ဆီနှစ်ဂါလန်ပဲရပြီး ဒီကားကျတော့ အများကြီးရသလားလို့ သမီးက မေးတော့ မေမေကနှစ်ဂါလန် ဆိုတာ အစိုးရဓာတ်ဆီဆိုင်ကရတာ။ ဒါကအပြင်ကလို့ပြောတယ်၊ "ဒီအပြင်ကဓာတ်ဆီကရော ဘယ်ဆိုင်က ရတာလဲ" လို့သမီးကသိချင်လို့မေးတော့ မေမေက သမီးကို ငေါက်တယ်။ "ကလေးပီပီတိတ်တိတ်နေစမ်း" တဲ့။ ဘာမှန်းလဲမသိဘူး။

နေ့ခင်းကျတော့ ဘွားဘွားတင်တို့နဲ့ ဘုရားစုံဖူးကြတယ်။ ဘုရားကြီးက ရွှေသားမျက်နှာ ကြက်ကိုလဲ ဖူးခဲ့ရတယ်။ ရွှေကြီးမြင်ဘုရားက စိန်ဘုရား၊ မြဘုရားတွေလဲ ဖူးခဲ့တယ်၊ နေရာတိုင်း ဘုရားတိုင်းမှာ လူတွေတိုးကြိတ်နေတာပဲ။ ဒီကမ္ဘာကြီးမှာလူတွေ ဒီလောက်ပေါများနေတာ သမီး အရင်က မသိပါဘူး။

[illegible]တော့ ဖေဖေတို့ လူဝတ်လဲကြတယ်။ သမီးလဲ လူဝတ်လဲလိုက်တယ်၊

REDMI NOTE 8
TAIN HTUT KHAUNG

DRAFT for NCC 4-22-2021

ညကျတော့ တရုတ်တန်းဈေး လျှောက်ပြန်ရော၊ မေမေ တရုတ်ပစ္စည်းတွေ ဝယ်ပြန်ရော၊ မြန်မာပစ္စည်းဝယ်ဖို့ သတိမရပြန်ဘူးထင်ပါရဲ့နော်။

၁၈၊ ၄၊ ၈၇

ဒီနေ့ည ခြောက်နာရီရထားနဲ့ သမီးတို့ မန္တလေးကပြန်ခဲ့ကြတယ်၊ ရထားတွဲက မီးလင်းပေမဲ့ ပန်ကာမလည်ဘူး၊ ပြတင်းပေါက်ခလုတ်တွေလဲ တချို့ပျက်နေတယ်၊ ရေပိုက်ခေါင်းကလဲ ရေမလာဘူး။

သာစည်အလွန်ကျတော့ ရထားရပ်သွားတယ်၊ ခေါင်းတွဲပျက်လို့တဲ့၊ ပြင်မရဘူးတဲ့၊ ပျဉ်းမနားကခေါင်းတွဲကို လှမ်းမှာပြီး ချိတ်ရမယ်တဲ့၊

ရထားပျက်ပြီးတော်တော်ကြာတော့ ပန်ကာတွေလည်လာတယ်၊ ဒီတော့လဲ မီးကပျက်သွားပြန်ရော၊ မှောင်ကမှောင်၊ အိုက်ကအိုက်နဲ့ အကုန်လုံးပဲ အိပ်ငိုက်နေကြတယ်၊ မေမေကတော့ "ငါတို့မြန်မာတွေဟာ ခန္တီပါရမီနဲ့ပြည့်စုံတယ်" လို့ပြောတယ်၊ ခန္တီပါရမီဆိုတာ ဘာမှန်းမသိပေမဲ့ မမေးတော့ပါဘူး၊ မေးရင်လဲ "ကလေးပီပီတိတ်တိတ်နေစမ်း" လို့ပဲပြောမှာပါ သမီးသိပါတယ်၊

၁၉၊ ၄၊ ၈၇

ဒီနေ့မနက် ဆယ့်တစ်နာရီထိုးခါနီးမှ ရန်ကုန်ကိုရောက်တယ်၊ မမမီတို့လာကြိုနေကြတယ်၊

ကားပေါ်ရောက်တော့သမီးကမေမေ့ကို "သမီးတို့ဘယ်တော့ခရီးထွက်ကြဦးမလဲ" လို့ မေးတော့ မေမေက "တို့တစ်တွေမှာ အတောင်ပံလေးကိုယ်စီပေါက်လာရင်တော့ လေမှာပျံပြီး သွားကြတာပေါ့" လို့ ပြောတယ်၊ "ရထားနဲ့လဲ မသွားချင်ဘူး၊ ကားနဲ့လဲ မသွားချင်ဘူး၊ လေလမ်းနဲ့ ရေလမ်းကိုလဲ ကြောက်တယ်တဲ့"

မီးရထားတွေ၊ ကားတွေကလဲ ဘာလို့ဒီလောက်ကျပ်တာလဲ သမီးစဉ်းစားလို့မရပါဘူး၊ ဖေဖေကတော့ "စီးတဲ့လူများလာလို့ပေါ့သမီးရယ်" တဲ့၊ "စီးတဲ့လူကရောဘာလို့များတာလဲ" ဆိုတော့ "လူတွေများလာလို့ပေါ့" တဲ့၊ "လူတွေများလာရင် ရထားတွေကရော များမလာဘူးလား ဖေဖေရဲ့" လို့ သမီးကမေးတော့ မေမေကဓော်ပြန်တယ်။ "သမီးရယ် ကလေးပီပီတိတ်တိတ်နေစမ်းပါ" တဲ့လေ။

ဟော သမီးရေးနေတုန်း မီးပျက်သွားပြန်ပြီ၊ အခုဒီစာကို ဖယောင်းတိုင်မီးနဲ့ ဆက်ရေးနေတာ၊ "ဒီမီးက ဘာဖြစ်လို့ ခဏခဏပျက်နေရတာလဲ" လို့ မေးမနေတော့ပါဘူး၊ မေမေပြောသလို ကလေးပီပီ တိတ်တိတ်ပဲနေလိုက်ပါတော့မယ်၊

မစန္ဒာ

REDMI NOTE 8
TAIN HTUT KHAUNG

## ခက်ဆစ်အဖွင့်

၁။ ဂါလန် (ဂါလံ) - အရည်ပမာဏကို ခန့်တွက်သောချင့်ဝန်တစ်မျိုး။

၂။ မီးခြစ် - ဓာတ်ဆီ၊ ဓာတ်ငွေ့ သို့မဟုတ် ယမ်း စသည်သုံး၍ မီးတောက်ရရှိအောင်ပြုလုပ်သည့်ပစ္စည်း။

၃။ မီးခြစ်ဆံ - ထိပ်ဖျားတစ်ဖက်တွင် မီးပွင့်အောင်ပွတ်တိုက်ရသည့် ယမ်းပါသော သစ်သားချောင်းငယ်။

၄။ သားရေ - တိရစ္ဆာန်အရေကို သစ်ခေါက်ပြုတ်ရည် ထုံးစသည်ဖြင့် ပြုပြင်ပြီးသော ပစ္စည်း။ သေပြီးသောတိရစ္ဆာန်မှ ရသောအရေပြား။

၅။ အိပ်စင် - အိပ်ရန် ခပ်မြင့်မြင့်ပြုလုပ်ထားသောအပြင်၊ အပြန့်။

## အဓိကအချက်များ

- ဤခရီးသွားမှတ်တမ်းသည် ရက်၊ လ၊ နှစ် အတိအကျနှင့် မှတ်ထားသောကြောင့် နေ့စဉ်မှတ်တမ်းသဘောဖြစ်သည်။
- မှတ်တမ်းထားခြင်းဖြင့် ပြီးခဲ့သောကာလမှ အကြောင်းအရာတစ်ခုကို နောင်တစ်ချိန်တွင် ပြန်လည်လေ့လာနိုင်သည်။
- ခရီးသွားမှတ်တမ်းမှ ထိုခေတ်၏ မီးရထားဝန်ဆောင်မှုအခြေအနေ၊ အစိုးရဆိုင်၌ ဓာတ်ဆီကို အကန့်အသတ်နှင့် တန်းစီဝယ်ရပြီး ပြင်ပတွင် လိုအပ်သလောက် ဝယ်ယူနိုင်သည့် ဈေးကွက် အခြေအနေ၊ လူဦးရေနှင့်သယ်ယူပို့ဆောင်ရေးယာဉ်များ မျှတမှုမရှိသော အခြေအနေတို့ကို တွေ့နိုင်သည်။
- ရန်ကုန်မှ မန္တလေးခရီးစဉ်တစ်လျှောက်လုံးတွင် ခရီးသွားမိသားစုတို့သည် အလှူကုသိုလ်ပြုရှင်ပြု သီလရှင်ဝတ်သည့် အကျိုးရှိသောအလုပ်များ လုပ်ဆောင်ခဲ့ကြသည်။
- ခရီးစဉ်တစ်ခုလုံးကို ရက်စွဲနှင့်အဖြစ်အပျက်များဖြင့် စိတ်ဝင်စားဖွယ် အစီအစဉ်တကျ မှတ်တမ်းတင် ရေးသားထားသည်။
- [illegible]ခြင်းဖြင့် မိမိဖြတ်သန်းနေရသောခေတ်၏အခြေအနေကို မှတ်တမ်းတင်နိုင်သည်။

REDMI NOTE 8
TAIN HTUT KHAUNG

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားလုံးများ၏ ဆိုလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာ၍ ဖော်ပြပါ။

ဓာတ်ဘူး၊ ဖိုးသူတော်၊ အင်္ကျီ၊ သီလရှင်၊ ဝတ်စုံ

၂။ အောက်ပါစကားလုံးတို့ဖြင့် ဝါကျဖွဲ့၍ သုံးပြပါ။

လက်မှတ်၊ မီးခြစ်ဘူး၊ အိပ်စင်၊ ဓာတ်ဆီ၊ မီးရထား

၃။ ခရီးသွားမှတ်တမ်းတွင် ရက်စွဲများကို စာပိုဒ်၏အစထိပ်တွင် ရေးထားခြင်းကို သင်တို့ မည်သို့ထင်ပါသနည်း။ ရှင်းပြပါ။

၄။ အောက်ပါအပြောဝါကျများကို အရေးဝါကျပြင်ရေးပါ။

(က) ဒီနေ့ည ကိုးနာရီရထားနဲ့ သမီးတို့ မန္တလေးကိုသွားကြတယ်။

(ခ) ဒီနေ့မနက် ဆယ့်တစ်နာရီ မန္တလေးကို ရောက်တယ်။

(ဂ) မောင်လေးကတော့ ဖေဖေနေရစ်ခဲ့လို့တဲ့ ငိုလိုက်တာ တအားပဲ။

(ဃ) ညနေကျတော့ ထမင်းဆာတာနဲ့ အစောကြီးအိပ်လိုက်ရတယ်။

(င) ချိုချဉ်တွေ အများကြီးစားလို့ ချောင်းဆိုးနေပြီ။

၅။ ဤဆောင်းပါးတွင်ပါဝင်သော "ကလေးပီပီ တိတ်တိတ်နေစမ်း" ပါဟူသောစကားကို လူကြီးများက သင်တို့အား ပြောကြားခဲ့ဖူးပါသလား။ ပြောကြားခံရလျှင် မည်သို့ခံစားရသည်ကို ရှင်းပြပါ။

၆။ ခရီးသွားမှတ်တမ်းကို အရေးစကားပြေ၊ အပြောစကားပြေများဖြင့် ရေးသားခြင်းတွင် မည်သည့် ရေးသားနည်းကို ကြိုက်နှစ်သက်သနည်း။ သင်သွားခဲ့ဖူးသောခရီးတစ်ခု အကြောင်းကို သင်နှစ်သက်သော ရေးနည်းဖြင့် ရေးသားပါ။

၇။ နေ့စဉ်မှတ်တမ်းရေးသားထားခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရနိုင်သည်ဟု ထင်မြင်ပါသနည်း။ ရှင်းလင်းရေးသားပါ။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

56

အောက်ပါရသစာတမ်းကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။ စာပိုဒ်များကို ဖတ်ပြီး သူငယ်ချင်းများနှင့် ဆွေးနွေးပါ။

## ချောတိုင်တက်ပွဲ

သည်ကနေ့ကား ပြည်ထောင်စုနေ့ဖြစ်သည်။ သို့ကြောင့် ရွာဦးကျောင်းတစ်ခုလုံး ရှန်းရှန်းရှန်းရှန်း ဖြစ်နေ၏။ ဖုန်တလုံးလုံး ထနေ၏။ တစ်ရွာလုံးရှိ ကလေး လူကြီးအားလုံးသည် ကျောင်းဝင်းထဲမှာ လူပဒေသာ သီးနေပြီ။

ကျောင်းရှေ့တလင်းကား အလွန်တရာ ကျယ်ဝန်းသည်။ သစ်ပင်မရှိ။ ကွင်းတီတီဖြစ်သောကြောင့် ရွာဘုရားပွဲ၊ ကထိန်ပွဲ၊ သီတင်းကျွတ်ပွဲ စသည် စသည်များအတွက်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ သွင်းလျှင် သည်ကျောင်းတလင်းမှာ လုပ်မြဲပင်။

ယခုလည်း ဒီကျောင်းတလင်းမှာ ပြည်ထောင်စုပွဲ လုပ်ကြပြီ၊ ခေါင်းအုံးရိုက်ပွဲ၊ မုန့်စားပြေးပွဲ၊ ဂုန်အိတ် စွပ်ပြေးပွဲ၊ ရိုးရိုးပြေးပွဲ၊ ထုပ်ဆီးတိုးပွဲစသည်ဖြင့် အလွန်များပြားလှလေသည်။ ကလေးများကား ဟိုပြေးပွဲ၊ သည်ပြေးပွဲနှင့်သာတည်း။

သို့သော် ချောတိုင်တက်ပွဲကား မစသေး။ နေရင့်ဝက်ဆီပျော်လောက်မှ စမည်ထင်သည်။ နေ့ခင်းပိုင်း ရောက်လာသဖြင့် နေကားခပ်ပြင်းပြင်းပူပြီး ဝါးပိုးဝါးကို ပြုလုပ်ထားသော ချောတိုင်ကား အဆီနှင့်တဝင်းဝင်း ဖြစ်နေသည်မှာ လူစွမ်းကောင်းများကို လှောင်ပြောင်နေသလားမဆိုနိုင်။

ဒိုးပတ်ဝိုင်းက သွေးကြွလာပြီး အသံချဲ့စက်မှာလည်း ဆူဆူညံညံဖြစ်လာသည်။ ပရိသတ်ကလည်း လူစွမ်းကောင်းကိုရှာကြပြီ။

ဆူဆူညံညံ ရုတ်ရုတ်သဲသဲကြားမှပင် စိန်ပု ကွင်းထဲသို့ ထွက်လာသည်။ တက်တော့မည်ထင့်။ -ကဲ. . . ကလေးတွေကော လူကြီးတွေကော နောက်ကိုဆုတ်ပေးကြပါနော်၊ နောက်ကိုဆုတ်ပေးကြပါ၊ ချောတိုင်နားကို မကပ်ကြပါနဲ့လို့ လေးစားစွာ တောင်းပန်ပါတယ်ခင်ဗျာ

အခု. . . ပထမဆုံး ကိုစိန်ပုက တက်မှာပါ -

ဟုတ်ပြီ၊ စိန်ပုတက်တော့မည်၊ စိန်ပုကား ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်သည်၊ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်း တီးကြလေသည်၊ ဟော. . . စိန်ပု စတက်ပြီ၊ ဒိုးသံကအား

REDMI NOTE 8
TAIN HTUT KHAUNG

တက်ဖွယ်. . . သွက်သွက်တီးပေးသည်။ တစ်ခုန်၊ နှစ်ခုန်၊ သုံးခုန်၊ လေးခုန်၊ ဟော. . . လေးခုန်အမြောက်မှာပင် စိန်ပု လျှောကျလေပြီ။ ပရိသတ်ကား တဝါးဝါးပွဲကျကုန်ကြသည်။ စိန်ပုလည်း တစ်ချီတည်းနှင့် တပ်လန်တော့သည်။

. . . ကိုစိန်ပုကတော့ လက်လျှော့သွားပြီနော်။ ဆုငွေ. . . တစ်ရာ၊ ဆုငွေတစ်ရာ၊ ဗွဲရှိသူတွေ မွှေးနေပါပြီ- အသံချဲ့စက်မှလည်း တွင်တွင်ဖိတ်ခေါ်နေသည်။

ဟော. . . တစ်ယောက်ထွက်လာပြန်ပြီ။ သူကား ဖိုးနီတာ၊ ဖိုးနီတာကား ချောတိုင်ကို ခပ်ပြုံးပြုံး မော့ကြည့်သည်။ ကလေးကစားစရာများ ထင်ရှောသလား၊ သူ့ပုံစံက ခပ်အေးအေးပင်၊ သုံးခွရွာတစ်ရွာလုံး အုန်းပင်၊ ကွမ်းသီးပင်မှန်သမျှ သူတက်ဖူးသည်၊ သူစွမ်းသည်၊ ဒါကြောင့်ပင် လွယ်လွယ်ကလေးထင်ကာ ပြုံးနေသလားမဆိုတတ်။

ဒိုးသံကား ဆူလာပြီ။ အသံချဲ့စက်သံကလည်း အူလာပြီ။ ပရိသတ်ကား လက်ခုပ်ဩဘာကို နှစ်ဆတိုးပေးကြသည်။

ဖိုးနီတာကား စတက်ပြီ။ ဟော. . . သူ့ဘေးမှာ သိုင်းလွယ်ထားသည့် လုံကွင်းထဲမှာ ဘာတွေပါလိမ့်။ ဖောင်းဖောင်း ဖောင်းဖောင်းနှင့်၊ အမယ်. . . တယ်ဟုတ်ပါလား။ သဲတွေအပြည့်ထည့်လို့ ဉာဏ်ကုတော့မည်ထင်ပေ့ါ။ ဖိုးနီတာကား ချောတိုင်ကို တစ်ခုန်တက်လိုက်၊ သဲများကိုနှိုက်ကာ အပေါ်ကိုလှမ်းပစ်လိုက်နှင့် ဗျာများနေသည်။

သဲများနှင့်လှမ်းပစ်နေသဖြင့် လေအောက်ရှိလူများမှာ နောက်ကို အလုအယက် ဆုတ်ကြသည်။ ဒိုးသံကား ပို၍ဆူလာ၏။ လက်ခုပ်သံကလည်း ပို၍ပို၍ ထူလာ၏။

ဖိုးနီတာကား တိုင်တစ်ဝက်ကျိုးလာပြီ။

တစ်ခါခုန်၍တက်လိုက်တိုင်း ချောတိုင်က သွက်သွက်ခါသွားသည်၊ အဆီတွေက တဖိဖိကျလာသည်။

ဖိုးနီတာ၏ မည်းကြုတ်ကြုတ်အသားက အဆီလူးသဖြင့် နေရောင်မှာ တပြောင်ပြောင်ရှိလေသည်။ ဟော. . . ဖိုးနီတာကား တဖိဖိလျှောကျလာသည်။ ဖိုးနီတာကား ဖဲကိုကြိတ်ကာ ပေါင်ချင်း လိမ်၍ ကပ်ထားသည်၊ မရ။

ဒိုးသံလည်း ရပ်ပြီ။ ဖိုးနီတာလည်း လျှောကျလေတော့သည်။ ပရိသတ်ကား တဝါးဝါးနှင့် သ[illegible]ကျလေသည်။

REDMI NOTE 8
TAIN HTUT KHAUNG

အသံချဲ့စက်က လူစွမ်းကောင်းကို ခေါ်နေဖိတ်နေဆဲဖြစ်သည်။ ချောတိုင်ထက်မှ အလံကလေးကလည်း လေထဲမှာ တလူလူလွင့်ရင်း ဆုရှင်ကို ရှာနေဆဲဖြစ်သည်။

ဟော. . .။ လာပြန်ပြီ။ လူငယ်ကလေးတွေ၊ စုစုပေါင်း ခုနစ်ယောက်၊ အင်း. . . တက်ကြဦးမယ်ထင်ပ။

သူတို့ကလည်း အကြံတစ်မျိုးဖြစ်သည်။ ခပ်တောင့်တောင့်လူငယ်က တိုင်ရင်းမှာဖက်ရပ်လိုက်သည်။ သူ၏အပေါ်ကို နောက်လူငယ်တစ်ယောက်က တွယ်တက်ရင်း ပခုံးပေါ်မှာ မတ်တတ်ရပ်သည်၊ နောက် တစ်ယောက်ပြီးတစ်ယောက် ဆင့်ကဲ ဆင့်ကဲ တက်သွားကြသည်။ အောက်ဆုံးမှလူငယ်ကား တောင့်သည်ဆိုသော်လည်း မနည်း အံကြိတ်ထားရသည်။ ချွေးတွေ တဒီးဒီးကျကာ တဆတ်ဆတ်တုန်နေသည်။ အပေါ်မှလူငယ်များက အောက်မှလူ သက်သာရာရအောင် တတ်နိုင်သမျှ တိုင်ကို ခိုတွယ်ထားကြသည်။

ဟော. . . ခုနစ်ယောက်စလုံး ဆင့်ကဲဆင့်ကဲ တက်ပြီးကြပြီ။ အလံကိုမီရန် လူတစ်ရပ်လောက်လိုတော့သည်။

ဒိုးသံကား မိုးယံကို ထိုးဖောက်သွားမလောက် ပြောင်မြောက်လာသည်။ ပရိသတ်အားလုံးလက်ခုပ်တဖြောင်းဖြောင်းတီးကာ ဩဘာပေးကြသည်။ အပေါ်ဆုံးမှလူဖလံလေးက တိုင်ကိုကုတ်ကတ်၍ တရွေ့ရွေ့တက်နေသည်။ သူ့တစ်ကိုယ်လုံး ချွေးများ အဆီများဖြင့် ဝင်းနေသည်။ တက်ရင်း တက်ရင်းမှ တရွေ့ရွေ့ လျှောကျလာသည်။ အောက်မှလူ၏ခေါင်းပေါ်မှာ ခြေထောက်မှေးရင်း ပြန်ရပ်နေပြန်သည်။ ဟော. . . ဒုတိယအကြိမ်တက်ပြန်ပြီ။ အောက်မှလူက လက်ကိုမြှောက်ကာ ခြေထောက်ကို တွန်းတင်ပေးသည်။ ဟော. . . တရွေ့ရွေ့နှင့် တိုင်ထိပ်ကိုလက်ဖြင့်ဖမ်းကိုင်လိုက်သည်။ လက်တစ်ဖက်က အလံတိုင်ကို ချွတ်ယူလိုက်သည်။ ဒိုးသံကား ဆူသည်ထက် ဆူလာသည်။ အသံချဲ့စက်ကလည်း ဆူလာသည်။ လူပရိသတ်ကား အဝတ်များကို မိုးပေါ်သို့ပစ်၍ မြှောက်ကာ ဩဘာပေးကြလေတော့သည်။

၂၀ ရာစု

မောင်သာချို

REDMI NOTE 8
TAIN HTUT KHAUNG

## ခက်ဆစ်အဖွင့်

၁။ ကွင်း = ကျယ်ပြန့်၍ဟင်းလင်းဖြစ်သောမြေမျက်နှာပြင်။

၂။ ချောတိုင် = ပျော်ပွဲရွှင်ပွဲတွင်တက်ရန်အဆီသုတ်လိမ်းထားသောဝါးပိုးတိုင်။

၃။ တလင်း = ညီညာရှင်းလင်းသောမြေမျက်နှာပြင်။

၄။ တပ်လန် = အကြိမ်အောင်မြင်ဘဲပြန်လှည့်လာရသည်။

၅။ မြှောင် = ပုဆိုးကိုလုံး၍ တင်းတင်းကျပ်ကျပ်ကပ်နေအောင် (ခါးတောင်းကျိုက်သည်)။

၆။ပရိသတ် = လူစုလူဝေး။

၇။ ပွဲကျ = ပရိသတ်နှစ်ခြိုက်သဘောကျသည်။

၈။ ဖိတ် = လာရန်ပန်ကြားသည်။

၉။ လူစွမ်းကောင်း = လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်သူ။

၁၀။ သွေးကြွ = စိတ်ပြင်းပြထက်သန်သည်။

၁၁။ သွက်သွက်ခါ = အဟုန်ပြင်းစွာတုန်လှုပ်သည်။

၁၂။ အသံချဲ့စက် = အသံကိုကျယ်လောင်စေရန်တိုးမြှင့်ပေးသောစက်ကိရိယာ။

## အဓိကအချက်များ

❖ ချောတိုင်တက်ပွဲသည် ပြည်ထောင်စုနေ့နှင့်အလိုက်ဖက်ဆုံးသော စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် လူထုအားကစားနည်း တစ်မျိုးဖြစ်သည်။

❖ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ မချင့်မရဲဖြစ်မှု၊ အားရကျေနပ်မှု စသည့် ရသမျိုးစုံပေးသော မြန်မာ့ရိုးရာ အားကစားနည်းတစ်ရပ်ဖြစ်သည်။

❖ ချောတိုင်တက်ပွဲသည် ဇွဲဖြင့်ကြိုးစားယှဉ်ပြိုင်ရသော အားကစားနည်းတစ်မျိုးဖြစ်သည်။

❖ ဇွဲရှိရုံမျှဖြင့်အောင်မြင်မှုမရနိုင်ဘဲ စည်းလုံးညီညွတ်မှု၊ ဖြတ်ထိုးဉာဏ်ပညာအသုံးချမှုတို့ဖြင့် ကြိုးစားအားထုတ်လျှင် အောင်မြင်မှုရနိုင်သည်။

REDMI NOTE 8
TAIN HTUT KHAUNG

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများကိုတစ်ခုလျှင်သုံးမျိုးစီရအောင်ပွားပေးပါ။

ကွမ်း၊ ဆု၊ ဆီ၊ ကျောင်း၊ ပွဲ

သာဓက- လူ → လူကောင်း

→ လူငယ်

→ လူကြီး

၂။ အောက်ပါစကားလုံးတို့၏ ဈေးတိုင်တက်ပွဲစကားပြေနှင့် ဆီလျော်သော အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

မြင်း၊ လက်ခုပ်၊ ဩဘာ၊ ချွေး၊ ညက်၊ ဖိတ်ကြား

၃။ အောက်ပါစကားလုံးများကိုဝါကျဖွဲ့ပါ။

အလံ၊ တွယ်တက်၊ လျှောကျ၊ အလုအယက်၊ ဈေးတိုင်၊ မြှောင်

၄။ ကော်လံ (က) နှင့် (ခ) မှစကားလုံးများကို အသုံးမှန်အောင် ယှဉ်တွဲပေးပါ။

| (က) | (ခ) |
|---|---|
| ဖုန် | တစိမ့်စိမ့် |
| လူ | တဒီးဒီး |
| ချွေး | တမြောင်းမြောင်း |
| စမ်း | တရှန်းရှန်း |
| မိုး | တလုံးလုံး |
| လက်ခုပ် | တဝါးဝါး |

၅။ ဈေးတိုင်တက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော စိန်ပုနှင့် မိုးနီတာတို့၏ဈေးတိုင်တက်ပုံကို သင့်အမြင် ဖြင့်ဆွေးနွေးတင်ပြပါ။

၆။ ဈေးတိုင်တက်ပွဲမှ လူငယ်တစ်စုပါဝင်ယှဉ်ပြိုင်ပုံကို သရုပ်ပေါ်အောင် ဆွေးနွေးတင်ပြပါ။

၇။ သင်တို့ဒေသတွင် ဈေးတိုင်တက်ပွဲအားကစားကို ကျင်းပလေ့ရှိပါသလား။ မည်သည့်ကာလတွင် ကျင်းပလေ့ရှိသနည်း။ ယင်းဈေးတိုင်တက်ပွဲမြင်ကွင်းကို မြင်တွေ့ရသော အခါ သင်ခံစားမိပုံကို စာသုံးပိုဒ်ခန့်ရေးသားတင်ပြပါ။

REDMI NOTE 8
TAIN HTUT KHAUNG

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

## အလှ

နှင်းအုပ်ဆောင်းဖြင့်၊ ပန်းပေါင်းပွင့်ကြ
သင်းထုံမြသည့်
ဆောင်းလရာသီ ရှိလေသည်။

ရော်ရွက်ကြွေ၍၊ တွန့်မြေပုရစ်
မြနှစ်ပေါ်ကာ၊ ဖူးပွင့်လာသည့်
ရာသီနွေလ ရှိလေသည်။

မုတ်သုံမြူး၍၊ မြဖူးရွှေခဲ
သင်းထုံမြဖြင့်၊ ပုလဲမိုးစက်
ဖျန်းပက်သွန်းဖြိုး၊ သာစေနိုးသည့်
မိုးလရာသီ ရှိလေသည်။

ရာသီစက်ဝန်း၊ လှည့်ယွန်းလေရာ
ဤကမ္ဘာဝယ်၊ ပွင့်လာကြပန်း
ရောင်စုံဆန်း၍၊ ရစ်သန်းအလှ
တင့်နိုးကြလည်း၊ ဘဝစေရာ
တစ်နေ့အခါ၌၊ မြေမှာကြွေခဲ
အလှဖျက်သုဉ်း၊ ပြယ်လွင့်ဆုံး၏။

REDMI NOTE 8
TAIN HTUT KHAUNG

[illegible]

ဖူးကာပွင့်ကာ၊ ကြွေကာအလှ

ပျက်ဆုံးရသော၊ ဘဝစက်ဝဲ

ကမ္ဘာထဲ၌၊ ပွင့်မြဲနိစ္စ

မညှိုးလျှ၍၊ လောကလူအား

ဆပွားအလှ၊ တင့်စေရသော

အလှဂုဏ်မြင့်၊ မေတ္တာပွင့်တား

ပန်းနှင့်နှိုင်းစာ၊ မဆိုရာရှင့်

ရောင်ဝါယှက်သန်း၊ တင့်ဆန်းအလှ

မမြင်ရလည်း၊ ရင်ကပွင့်လာ

ထိုမေတ္တာသည်

ကမ္ဘာပျက်သုဉ်း . . . လှမဆုံးလိမ့်။ ။

၂၀ ရာစု                    နုယဉ်

**ခက်ဆစ်အဖွင့်**

၁။ ပုရစ် = ထွက်ခါစအရွက်ဖူး။

၂။ ပျက်သုဉ်း = ပျက်စီးသည်။ တိမ်ကောသည်။

၃။ ဘဝစက်ဝဲ = စက်ဝန်းပမာ၊ ဝဲပမာ လှည့်လည်နေသော ဘဝသံသရာ။

၄။ မုတ်သုံ = အာရှတိုက်တောင်ပိုင်းတွင် မိုးရာသီ၌ အနောက်တောင်ဘက်မှ အချိန်မှန် တိုက်ခတ်သောလေ။

၅။ ယွန်း = ရွေ့သည်။ သွားသည်။

၆။ ယှက်သန်း = အပြန်အလှန် ကူးလူးဆက်သွယ်သည်။

၇။ [illegible] = ညှိုးနွမ်းနေသောသစ်ရွက်။

REDMI NOTE 8
TAIN HTUT KHAUNG

DRAFT for NCC 4-2-2021

- သဘာဝလောကရှိ ရာသီအလိုက်ပွင့်လာသမျှသော လှပသည့်ပန်းတို့သည် ဖြစ်ပြီးလျှင် ပျက်ရသည့် သဘောတရားအရ ပွင့်ပြီးလျှင် ကြွေကျရစမြဲဖြစ်သည်။
- မေတ္တာသည် ပန်း၏အလှတို့နှင့် နှိုင်းဆကောင်းသောအရာမဟုတ်၊ ပန်းတို့ကဲ့သို့ အရောင်အဝါ အလှအပ မမြင်ရသော်လည်း လူသားတို့ရင်မှ ပေါက်ဖွားလာသောကြောင့် ကမ္ဘာပျက်သုဉ်းသည့်တိုင် အလှမပြယ်နိုင်ပါ။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

မိုးစက်၊ မေတ္တာ၊ မုတ်သုံ၊ ပြယ်လွင့်၊ ဖျန်းပက်

၂။ ပေးထားသောစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ရစ်၊ လွန်း၊ ထုံ၊ မြူ၊ နှိုင်း

၃။ အောက်ပါကဗျာတွင် လိုအပ်သောကာရန်များကို ဖန်တီးရေးဖွဲ့ကာ တွက်လပ်ဖြည့်ပါ။

နေကြာပန်းခင်း

ရွှေရောင်-----သည့်

အ-----အတိ

မိုးဖြည့်-----ရာ

လေ-----လှိုင်းသို့ လွင့်နေသည်။

၄။ အောက်ပါကဗျာစာသားကို သင်နားလည်သလို ပြန်လည်ရေးသားပါ။

မုတ်သုံမြူ၍၊ မြူဖူးရွှေခဲ

သင်းထုံမြဖြင့်၊ ပုလဲမိုးစက်

REDMI NOTE 8
TAIN HTUT KHAUNG

ဖျန်းပက်သွန်းဖြိုး၊ သာစေနိုးသည့်

မိုးလရာသီ ရှိလေသည်။

၅။ အလှကဗျာကို စာဆိုသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့ခဲ့သည်ဟု ထင်ပါသနည်း၊ သင်၏အမြင်ကို ဆွေးနွေးပါ။

၆။ စာဆိုသည် အလှဂုဏ်မြင့် မေတ္တာပွင့်ကား ပန်းနှင့်နှိုင်းစာ မဆိုရာရှင့်ဟု ရေးဖွဲ့ထား ခြင်းကို သင်လက်ခံပါသလား။ အကျိုးအကြောင်းဖြင့် ရှင်းလင်းတင်ပြပါ။

၇။ မေတ္တာသည် လူ့လောကအတွက် မည်သည့်အကျိုးများ ဖြစ်စေသည်ဟု သင်ထင်မြင် ပါသနည်း။ သင်၏အတွေ့အကြုံတစ်ခုဖြင့် ရှင်းပြပါ။

REDMI NOTE 8
TAIN HTUT KHAUNG

အောက်ပါ အတ္ထုပ္ပတ္တိကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။ စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။

## ငွေတာရီ

ငွေတာရီ၏အမည်အရင်းမှာ ဒေါ်ခင်ချိုဖြစ်သည်။ ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အဖ ဗြိတိသျှဘားမားရုပ်ရှင်သူဌေး ဦးညွန့်နှင့် အမိဒေါ်ချစ်တင်တို့က ဖွားမြင်သော သမီးထွေး ဖြစ်သည်။ ငွေတာရီ ၁၈ နှစ်တွင် အမိကွယ်လွန်၍ အသက် ၃၂ နှစ်အရွယ်တွင် အဖ ကွယ်လွန်သည်။ ငွေတာရီသည် ရှေးဦးစွာ ရန်ကုန်မြို့ မြို့မအမျိုးသမီးအထက်တန်းကျောင်းတွင် ၉ တန်းအထိ ပညာသင်ကြားခဲ့သည်။ နောက်ပိုင်းတွင် ကျန်းမာရေးချို့တဲ့သဖြင့် ကျောင်းထွက်ခဲ့ရ၏။ ကျောင်းထွက်ချိန်၌ ငွေတာရီမှာ အသက် ၁၄ နှစ်မျှသာ ရှိသေးသည်။

ငွေတာရီသည် စာပေကို အထူးခုံမင်မြတ်နိုးသူဖြစ်ရာ ကျောင်းမှ ထွက်ခဲ့ရသော်လည်း မြန်မာစာပေနှင့် အင်္ဂလိပ်စာကိုမူ ဆက်လက်၍ သင်ယူလေ့လာခဲ့သည်။ ဂျပန်ခေတ်နှင့် စစ်ပြီးခေတ်တွင် ရှေးဟောင်းမြန်မာစာပေကို ဦးဘသောင်း (မောင်သုတ)ထံမှ သင်ယူ၍ အင်္ဂလိပ်စာပေကိုမူ ဆရာကြီး မစ္စစ်မန်ရိုးထံမှ သင်ယူခဲ့သည်။

၁၉၅၂ ခုနှစ်၊ အသက် ၂၇ နှစ်အရွယ်တွင် စာရေးဆရာမင်းယုဝေနှင့် ဖူးစာဆုံခဲ့သည်။ ထိုစဉ်က မင်းယုဝေသည် အင်းစိန်ခရိုင် ပညာအုပ်အဖြစ် အမှုထမ်းလျက်ရှိသည်။ ငွေတာရီသည် စာရေးဆရာ မင်းယုဝေထက် သုံးနှစ်ကြီး၍ ကဗျာသက်လည်း ၄၊ ၅ နှစ်ပို၍စောသည်ဟု သိရသည်။ မင်းယုဝေနှင့် အိမ်ထောင်ပြုခဲ့သည်ကိုအကြောင်းပြု၍ ငွေတာရီက "လှည်းယဉ်ကလေး စီးကာလည်"၊ "တောသူ့ရွာဝင်" စသည့်ကဗျာတို့ကို ဖွဲ့ဆိုခဲ့သည်ဟုသိရ၏။

ငွေတာရီသည် မြန်မာပြည်အရပ်ရပ်၌သာမက ကမ္ဘာ့နိုင်ငံအများအပြားသို့လည်း ခရီးလှည့်လည်ခဲ့ဖူးသည်။ ဒေသန္တရဗဟုသုတ ရှာမှီးရာ၌လည်း ဝါသနာပါသူဟု ဆိုရပေမည်။ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ခရီးလှည့်လည်သွားလာခဲ့သည်။ ၁၉၅၆ ခုနှစ်တွင်မူ လန်ဒန် တက္ကသိုလ် အရှေ့တိုင်းဘာသာရပ် လေ့လာရေး ကျောင်း၌ ပညာဆည်းပူးနေသော မင်းယုဝေထံသို့ သွားကာ အင်္ဂလန်၌ ခြောက်လခန့်နေထိုင်ခဲ့သည်။ ငွေတာရီသည် မင်းယုဝေနှင့်အတူ အင်္ဂလန်နိုင်ငံရှိ လက်လှမ်းမီရာအရပ်များသို့ ခရီးလှည့်လည်ခဲ့သည်။ ထို့ပြင် ပေါ်လန်၊ ဘယ်လဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန်၊ အီဂျစ်၊ အိန္ဒိယ၊ သီဟိုဠ်နိုင်ငံများသို့လည်း ခရီးလှည့်လည်သွားရောက်ဖူးခဲ့ပေသည်။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

ယင်းသို့ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးလှည့်လည်ခဲ့သည်ကို အကြောင်းပြု၍ "နေရစ္စရာ၊ အနောက်မှ၊ သာသည့်မြေသို့၊ အလှရှိရာ" စသည့်ကဗျာတို့ကို ဖွဲ့ဆိုခြယ်မှုန်းခဲ့သည်။

ငွေတာရီသည် အိမ်ထောင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော အိမ်ရှင်မကောင်းလည်းဖြစ်သည်။ အိမ်ထောင့်တာဝန်ကို တစ်ဖက်ကထမ်းဆောင်ရင်း စာဖတ်ခြင်း၊ စာရေးခြင်း၊ ကဗျာဖွဲ့ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ အရွယ်ငယ်ငယ် နုပျိုစဉ်ဘဝမှာပင် ငွေတာရီသည် ကွယ်လွန်ခဲ့ရှာသည်။ ငွေတာရီကွယ်လွန်လျှင်ပင် ငွေတာရီ၏ တေးအယဉ်သည်လည်း ရပ်ခဲ့ရလေသည်။

ငွေတာရီသည် ၁၉၅၈-ခုနှစ် မတ်လ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ ရန်ကုန်ဝေဖရင့် သားဖွားဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ ငွေတာရီကွယ်လွန်ချိန်၌ အသက် ၃၃ နှစ်မျှသာရှိသေးသည်။ ငွေတာရီသည် ဗုဒ္ဓတရားတော်၌ ယုံကြည်သက်ဝင်သူလည်းဖြစ်၍ မေတ္တာစိတ်၊ ကရုဏာစိတ်လည်း ကြီးမားလှသူဖြစ်ကြောင်း သိရသည်။

ချမ်းသာကြွယ်ဝသော မိဘများမှ ဖွားမြင်သော်လည်း ငွေကြေးနေကိုမခုံမင်၊ ဂုဏ်ပကာသနကိုလည်း မမက်မော၊ ဘဝတဏှာကိုလည်း တတ်စွမ်းသမျှရှင်သန်အောင် အားထုတ်သူဖြစ်၏၊ ရောင့်ရဲတင်းတိမ်စွာဖြင့် ငြိမ်ငြိမ်ခြိမ်ခြိမ် နေတတ်သူလည်းဖြစ်သည်။ အေးချမ်း၍ နူးညံ့သိမ်မွေ့စွာနေခြင်းတို့ကား ငွေတာရီ၏ထူးခြားလှသည့် ဝိသေသများပင်ဖြစ်သည်။ ငွေတာရီသည် ကဗျာပုဒ်ရေပေါင်း ၈၀၀ ကျော်ထိ ရေးခဲ့ပြီး၊ လုံးချင်းအနေဖြင့် အောက်ပါစာအုပ်များကို ရေးခြယ်ဖွဲ့ဆိုခဲ့သည်။

၁။ မင်ဆေးရည်ပဲမှုန်သလားနှင့်ကဗျာရှင်ဝတ္ထုတို(၁၉၄၄ ခု)

၂။ မာလာမြိုင်ကဗျာများ (၁၉၄၇ ခု)

၃။ ရတနာကဗျာများ (မင်းယုဝေ ငွေတာရီ ၁၉၅၀ ခု)

၄။ အိစွတ်ပုံပြင်များ (မင်းယုဝေ ငွေတာရီ ၁၉၅၀ ခု)

၅။ ကဗျာ ၁၀၀ (၁၉၆၀ ခု)

၆။ ဆုနှင့်အခြားဝတ္ထုတိုများ (၁၉၆၆ ခု) တို့ပင် ဖြစ်သည်။

၂၀ ရာစု ၂၀ရာစုကျော်ကြားသောမြန်မာစာရေးဆရာများအဘိဓာန်

**စကားဆစ်အဖွင့်**

၁။ ကဗျာသက် = ကဗျာရေးချိန်ကာလ။

၂။ [illegible] = တပ်မက်စွဲလမ်းသည်။

REDMI NOTE 8
TAIN HTUT KHAUNG

၃။ စစ်ပြီးခေတ် = ဒုတိယကမ္ဘာစစ်ပြီးကာလ။

၄။ တစိုက်မတ်မတ် = အစဉ်တစိုက်၊ စွဲစွဲမြဲမြဲ။

၅။ တင်းတိမ် = ရောင့်ရဲသည်၊ ကျေနပ်သည်။

၆။ ပညာအုပ် = ပညာရေးအရာရှိ၊ (ယခုခေတ်အခေါ် ပညာရေးမှူး)

၇။ ဘဝတဏှာ = တပ်မက်စွဲလမ်းမှုရှိသောအဖြစ်။

၈။ ယုံကြည်သက်ဝင် = အမှန်အဖြစ် ယုံကြည်လက်ခံသည်။

၉။ လက်လှမ်းမီ = တစ်စုံတစ်ရာကိုပြုလုပ်ရန် တတ်နိုင်သောအခြေအနေတွင်ရှိသည်။

၁၀။ လုံးချင်း = သီးခြားတစ်ခုစီဖြစ်သော။

## အဓိကအချက်များ

- ငွေတာရီသည် ကျန်းမာရေးချို့တဲ့သောကြောင့် ပညာဆက်လက်မသင်ကြားနိုင်သော်လည်း စာပေကို အထူးခုံမင် မြတ်နိုးသူဖြစ်သည်။
- ရှေးဟောင်းမြန်မာစာပေကို ဦးဘသောင်း (မောင်သုတ) ထံမှသင်ယူ၍ အင်္ဂလိပ် စာပေကို ဆရာမကြီး မစွစ်မန်ရိုးထံမှ သင်ယူခဲ့သည်။
- ခင်ပွန်းဖြစ်သူ မင်းယုဝေနှင့်အတူ ကမ္ဘာ့နိုင်ငံအများအပြားသို့ ခရီးလှည့်လည်ရင်း ဒေသန္တရဗဟုသုတများ ရှာမှီးခဲ့သည်။
- ထိုနိုင်ငံခြားခရီးများကိုအကြောင်းပြု၍ နေရွှေရာ၊ အနောက်မှ၊ သာသည့်မြေသို့ အလှရှိရာ စသည့် ကဗျာတို့ကို ဖွဲ့ဆိုခဲ့သည်။
- အိမ်ထောင့်တာဝန်ကိုကျေပွန်သော အိမ်ရှင်မကောင်းတစ်ဦးလည်းဖြစ်ပြီး စာဖတ်ခြင်း၊ စာရေးခြင်း၊ ကဗျာဖွဲ့ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။
- ကဗျာပုဒ်ရေပေါင်း ၈၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၆ အုပ်ကို ဖွဲ့ဆိုရေးသားခဲ့သည်။
- စာဆိုသည် ဘဝကိုအဓိပ္ပာယ်ရှိစွာ ဖြတ်သန်းပြီး လောကကို ကောင်းကျိုးပြုခဲ့သည်။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

၁။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

အားထုတ်၊ ချို့တဲ့၊ မေတ္တာစိတ်၊ မက်မော၊ အိမ်ထောင့်တာဝန်၊ ဖူးစာဆုံ

၂။ ပေးထားသောစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ဖွဲ့ဆို၊ ခြယ်မှုန်း၊ ကျေပွန်၊ လှည့်လည်၊ ရှာမှီး၊ ဆည်းပူး

၃။ အောက်ပါဝါကျများ၌ မျဉ်းသားထားသော နောက်ဆက်များကို မည်သည့်နောက်ဆက်များ ဖြစ်ကြောင်းဖော်ပြပါ။

(က) ငွေတာရီသည် ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ခရီးလှည့်လည်သွားရောက်ခဲ့သည်။

(ခ) ငွေတာရီသည် ကျန်းမာရေးချို့တဲ့သဖြင့် ကျောင်းမှထွက်ခဲ့ရသည်။

(ဂ) ငွေတာရီသည် အိမ်ထောင့်တာဝန်ကို ကျေပွန်သော အိမ်ရှင်မကောင်းတစ်ဦး ဖြစ်သည်။

(ဃ) ငွေတာရီသည် ရန်ကုန်ဒပ်ဖရင့် သားဖွားဆေးရုံ၌ ကွယ်လွန်ခဲ့သည်။

(င) ဟော်လန်၊ ဘယ်လဂျီယမ်၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန်၊ အီဂျစ်၊ အိန္ဒိယ၊ သီဟိုဠ် နိုင်ငံများသို့ ခရီးလှည့်လည်သွားရောက်ဖူးခဲ့လေသည်။

၄။ စာဆိုငွေတာရီ၏အတ္ထုပ္ပတ္တိကိုဖတ်ပြီး သင့်တွင် မည်သည့်ခံစားမှုများဖြစ်ပေါ်လာသနည်း။ အဘယ်ကြောင့်နည်း။

၅။ သင်ဖတ်ဖူးသော ငွေတာရီ၏ ကဗျာတစ်ပုဒ်အကြောင်း ဆွေးနွေးပါ။

၆။ ငွေတာရီ၏ ဘဝဖြတ်သန်းမှုကို သင်မည်ကဲ့သို့ ထင်မြင်ပါသနည်း။ ဆွေးနွေးတင်ပြပါ။

၇။ သင်နှစ်သက်သော စာဆိုတစ်ဦးအကြောင်းကို စီကုံးပါ။

REDMI NOTE 8
TAIN HTUT KHAUNG

### ၁၇။ လေ့လာ (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ ကဗျာ၏ကာရန်နှင့်အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

## ပန်းရှူးသမားသို့

မကြိုက်လျှင်ချန်၊ ကြိုက်လျှင်ပန်လော့၊
ပန်ပါစေလို၊ ချိုပါစေကြောင်း
ကောင်းပါစေချင်၊ ငါစီရင်လည်း
သင်၏လက်တွင်း၊ ပန်းတစ်ခြင်းမို့
သင်မင်းသင်ပိုင်၊ သင်ပြုနိုင်၏၊
ဆိုင်ပေါ်တင်တင်၊ စင်ပေါ်ခင်းခင်း
နင်းလိုနင်းစေ၊ ချေလိုချေလော့၊
ပန်းဝေငှသူ၊ ငါ့မှာမူကား
ဝေသူဖြစ်ရ၊ ကျေနပ်လှပြီ၊
ရလေယူလေ၊ ပိုင်ကြစေသတည်း။

၂၀ ရာစု တင်မိုး

### စကားဆစ်အဖွင့်

၁။ ကျေနပ် = စိတ်တိုင်းကျဖြစ်သည်။ နှစ်သက်အားရသည်၊
၂။ စီရင် = စီမံခန့်ခွဲသည်။ ပြုလုပ်သည်၊ အဆုံးအဖြတ်ပေးသည်၊
၃။ သင်မင်း = သင်မင်းမူနိုင်၊ စီရင်နိုင်သည်၊

REDMI NOTE 8
TAIN HTUT KHAUNG

- ❖ ဥယျာဉ်မှူးတည်းဟူသော ပန်းဝေငှသူသည် မိမိတို့၏ ပန်းကလေးများကို ပန်ဆင်စေချင်ကြပါသည်။
- ❖ ကောင်းမွန်သော၊ တန်ဖိုးရှိသော ပန်းကလေးများဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲ လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။
- ❖ သင်တို့လက်တွင်းရောက်လာသော ပန်းတစ်ခြင်းကို သင်တို့ပြုလုပ်ဆောင်ရွက်ချင်သလို ပြုလုပ်ရန်မှာ သင်တို့၏တာဝန်သာ ဖြစ်ပါသည်။
- ❖ ဥယျာဉ်မှူးတည်းဟူသော ပန်းဝေငှသူသည် ကျေနပ်ပီတိအပြုံးနှင့်သာ အားလုံးကို ရယူပိုင်ဆိုင်ကြပါစေဟု ဆုတောင်း ပေးခြင်းဖြင့် ကျန်ရစ်ခဲ့ရပါသည်။

DRAFT for NCC 4-2-2021

## လေ့ကျင့်ခန်း

၁။ ပေးထားသောသတ်ပုံအတွဲများအနက် မှန်ကန်သောစကားလုံးကို အသုံးပြု၍ စာပိုဒ်တွင် ဆီလျော်အောင်ဖြည့်ပါ။

ပံ-ပန်၊ ကြိုက်-ကျိုက်၊ ချင်း-ခြင်း၊ စင်-စဉ်၊ နပ်-နတ်

တောင်ဇလပ်ပန်းများဖူးပွင့်ရာ-------တို့မြေသို့ အလည်တစ်ခေါက်ရောက်ခဲ့ပါသည်။ ထို------က ရာသီဥတုမှာ သာယာလှသောနွေဦးပေါက်ချိန်ခါဖြစ်၏။ အနီရောင်အသွေးဖြင့် လှပလွန်းသော တောင်ဇလပ်ပန်းများကို ------ဆင်လိုစိတ် မပါဘဲ ------နှစ်သက်စိတ်ဖြင့် ထိတွေ့ခဲ့မိသည်။ ကြည်နူးပျော်ရွှင် ကျေ------ရသော ခရီးတစ်ခု ဖြစ်ခဲ့ပါသည်။ ဖော်ရွေသော ဒေသခံများ၏ ချစ်ခင်ဖွယ်ရာ ဓလေ့များကိုလည်း မမေ့နိုင်တော့ပါ။

၂။ ပေးထားသောကဗျာစာသားကို သင်နားလည်သလို အဓိပ္ပာယ်ဖော်ပြပါ။

ပန်ပါစေ၊ ချိုပါစေ၊ ကောင်းပါစေ၊ ပိုင်ကြစေ၊ နင်းလိုနင်းစေ

၃။ အောက်ပါစကားလုံးတို့၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ။

ကြိုက်၊ ချန်၊ ပန်၊ ချို၊ ကောင်း

REDMI NOTE 8
TAIN HTUT KHAUNG

၄။ ပေးထားသောကဗျာစာပိုဒ်မှ ကာရန်စကားလုံးများကို မျဉ်းသားပြီး မည်သည့်ကာရန်စနစ်ဖြစ်ကြောင်း ဖော်ပြပါ။

ကောင်းပါစေချင်၊ ငါစီရင်လည်း
သင်၏လက်တွင်း၊ ပန်းတစ်ခြင်းမို့
သင်မင်းသင်ပိုင်၊ သင်ပြုနိုင်၏။
ပန်းဝေငှသူ၊ ငါ့မှာမူကား
ဝေသူဖြစ်ရ၊ ကျေနပ်လှပြီ။

၅။ ပန်းခူးသမားသို့ကဗျာမှ ပန်းခူးသမားဆိုသည်မှာ မည်သူကိုဆိုလိုသနည်း၊ သင်နားလည်သလို ရှင်းပြပါ။

၆။ ဥယျာဉ်မှူးသည် စိတ်အေးချမ်းမှုရစေရန် မည်သို့သဘောထားသင့်သနည်း၊ ပန်းခြင်းကို ရယူပိုင်ဆိုင်သူတို့၏ မတူညီသောစရိုက်များကို ကဗျာစာဆိုက မည်သို့ရေးဖွဲ့တင်ပြထားသနည်း။

၇။ ပန်းခူးသမားကဗျာနှင့် ဆက်စပ်ပြီး သင်မည်သို့တွေးမြင်ခံစားမိသနည်း။

REDMI NOTE 8
TAIN HTUT KHAUNG

# ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့

ရန်ကုန်မြို့၊ တာဝါလိန်း (ဗိုလ်ချုပ်ပြတိုက်လမ်း) အမှတ် (၂၅) ရှိ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနက "ဗိုလ်ချုပ်အောင်ဆန်းပြတိုက်" အဖြစ်ဖွင့်လှစ်ထားခဲ့သည်။

ထို့ကြောင့် ရုံးအားရက်တစ်ရက်တွင် ကျွန်တော်သည်ဗိုလ်ချုပ်အိမ်သို့ သွားရောက်ကြည့်ရှု မိသည်။

ဗိုလ်ချုပ်အိမ်သည် ကျယ်ဝန်းသောခြံဝင်းထဲရှိ တောင်ကုန်းငယ်ပေါ်တွင် တည်ရှိသည်။ ခြံဝင်းသည် သစ်ပင်ပန်းမန်များဖြင့် ဝေဝေဆာဆာရှိ၏။ အိမ်မှာလည်း ခံ့ညားလှပပေ၏။ ဗိုလ်ချုပ်သာ အသက်ထင်ရှားရှိလျှင် သည်ခြံ သည်အိမ်ကိုကြည့်ရသည်မှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ကောင်းပေမည်။ ယခုကား လွမ်းစဖွယ်ကောင်းနေပေတော့သည်။

သည်အိမ်တွင် ဗိုလ်ချုပ်သည် ဇနီး သားသမီးများနှင့်အတူ ၂ နှစ်ကျော်နေထိုင်ခဲ့သည်။ ၁၉၄၅ ခု မေလမှ ၁၉၄၇ ခု ဇူလိုင်လ ကွယ်လွန်ချိန်အထိနေခဲ့သည်။ အိမ်သည် နှစ်ထပ်အိမ်ဖြစ် သည်။ အောက်ထပ်တွင် ဧည့်ခန်းနှင့် ထမင်းစားခန်းရှိသည်။ အထက်ထပ်တွင် ကလေးအိပ်ခန်း၊ အထူးစည်းဝေးခန်း၊ စာဖတ်ခန်း၊ အိပ်ခန်း၊ ဘုရားရှိခိုးခန်းတို့ရှိသည်။ သည်အခန်းတို့ကို ဗိုလ်ချုပ် နေထိုင်စဉ်က အတိုင်းပင် အိမ်ထောင်ပရိဘောဂ ပစ္စည်းပစ္စယအစုံအလင်ဖြင့် ခြေရာလက်ရာမပျက် ထားရှိပေသည်။

ရှေးဦးစွာ အောက်ထပ်ရှိထမင်းစားခန်းကို ကျွန်တော်ဝင်ကြည့်သည်။ အခန်းအလယ်တွင် အရှင်ကင်းမဲ့နေသော စားပွဲရှည်တစ်လုံးနှင့် ကုလားထိုင်များကိုတွေ့ရသည်။ သည်စားပွဲသည်တား တစ်ခါက ဗိုလ်ချုပ်သည်ဇနီး သားသမီးစုံစုံလင်လင်ဖြင့် စားသောက်ခဲ့ပေသည်တကား။

သည်စားပွဲကိုတွေ့ရသောအခါ ထမင်းစားပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်ပြောစကားကို ကြား ယောင်မိသည်။ ဂျပန်ခေတ်တွင် မြန်မာ့လွတ်လပ်ရေးအတွက်အရေးဆိုရန် ဗိုလ်ချုပ်အောင်ဆန်း၊

REDMI NOTE 8
TAIN HTUT KHAUNG

ဒေါက်တာဘမော်၊ သခင်မြတို့ ဂျပန်ပြည်သို့သွားခဲ့ကြသည်။ မြန်မာပြည်သို့ ပြန်အရောက်တွင် သူတို့ကို ကုန်သည်ကြီးများအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးမွေးကြသည်။ ထိုအခါ ဗိုလ်ချုပ် အောင်ဆန်းက "ကျွန်တော်ထမင်းစားပွဲ၊ ညှိခံပွဲများကို တက်ရန်ဝါသနာမပါခဲ့ပါဘူး။ အခု မနေသာ လို့ တက်ရောက်ခဲ့ပါတယ်။ ကျွန်တော်ဒီထမင်းကိုမစားသင့်ဘူး၊ ဒီထမင်းကိုစားလောက်အောင် မြန်မာပြည်အတွက်ရော၊ မြန်မာလူမျိုးအတွက်ရော ကျွန်တော်ဘာမှမလုပ်နိုင်ခဲ့သေးဘူး" ဟုပြောခဲ့သည်။

ထို့ပြင် ကျွန်တော်သည် အစားအသောက်နှင့်ပတ်သက်၍ ရိုးသားလှသော သူ့စိတ်ဓာတ်ကို ဖော်ပြသည့်စာကလေးတစ်စောင်ကိုလည်း အမှတ်ရမိသည်။ ထိုစာမှာ ဗိုလ်ချုပ်ကဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံ ပေးသောစာဖြစ်သည်။ စာထဲတွင် "ကြည် . . . ပဲပြုတ်နဲ့နံပြား ရရင်စားချင်တယ်" ဟု ရေးထားလေသည်။

ထို့နောက် ညှိခန်းကို ကျွန်တော်ဝင်ကြည့်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးဖြစ်သည့်အပြင်၊ ကမ္ဘာသိခေါင်းဆောင်လည်း ဖြစ်သည်။ သို့ရာတွင် သူ့အိမ်ညှိခန်းကား ဝင့်ကြွားထည်ဝါခြင်းမရှိ သူလိုငါလိုလူတန်းစားတစ်ဦး၏ ညှိခန်းမျိုးပင်ဖြစ်သည်။

ညှိခန်းတွင်ဗိုလ်ချုပ်၏ ဓာတ်ပုံကြီးများကိုချိတ်ဆွဲထား၏။ ယင်းတို့အထဲတွင် ဂျိန်းဖော့ အဝတ်အစားဖြင့် ဗိုလ်ချုပ်ပုံသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများဖြင့်တွဲရိုက်ထားသော ဗိုလ်ချုပ်ပုံသည်လည်းကောင်း အပေါ်လွင်ဆုံးဖြစ်သည်။ သည်ပုံများကိုမြင်ရသောအခါ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေး၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော သူ၏ကြိုးပမ်းမှုတို့ကို ပြန်လည် သတိရမိ၏။ " မြန်မာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်တို့ကတခြား၊ အတွဲတွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလဲ သူပြောခဲ့သည့်စကားတို့ကို ကြားယောင်မိလေသည်။
အကျိုးရှိကြောင်း သိနိုင်တယ်" ဟူ၍

အထက်ထပ်ကို ကျွန်တော်တက်ကြည့်သည်။ ရှေ့ဦးစွာ
အောက်ထပ်ကိုကြည့်ရှုပြီးသောအခါ
အစည်းအဝေးခန်းကို ဝင်ကြည့်သည်။ သည်အခန်းကား ရာဇဝင်တွင်မည့် အခန်းတည်း၊ သည်အခန်းတွင်း၌ ခေါင်းချင်းဆိုင်လျက် မြန်မာ့ ဗိုလ်ချုပ်သည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လွတ်လပ်ရေးအတွက်ဆောင်ရွက်ရန် လျှို့ဝှက်သော ကိစ္စများကိုတိုင်ပင်ခဲ့သည်။ အရေးကြီးသော ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့သည်။

ကလေးများအိပ်ခန်းပင်၊ ထိုအခန်း
သည်အစည်းအဝေးခန်းနှင့် ကပ်လျက်ရှိသောအခန်းကား ဗိုလ်ချုပ်၏သားနှစ်ယောက်
[illegible]တွင် ကလေးခုတင်သုံးလုံး စီတန်းထားသည်ကိုတွေ့ရသည်။

REDMI NOTE 8
TAIN HTUT KHAUNG

နှင့် သမီးငယ်တို့ အိပ်စက်ကြသောခုတင်များဖြစ်သည်။ သားသမီးသုံးဦးအနက် ယခုအခါ နှစ်ဦးသာ ကျန်တော့သည်။ ဒုတိယသား အောင်ဆန်းလင်းသည် ၁၉၅၃ ခုတွင် အိမ်ရှေ့ရှိရေကန်ငယ်၌ ရေနစ်ကွယ်လွန်ခဲ့ရှာလေပြီ။

ကလေးငယ်များ၏ခုတင်ကလေးများကိုကြည့်ကာ ကျွန်တော်သည် ဗိုလ်ချုပ်၏ဘဝကို တွေးတောမိသည်။ သူသည်နိုင်ငံ့လွတ်လပ်ရေးအတွက်သာ လုံးပန်းနေရသဖြင့် မိသားစုအရေးကို မကြည့် နိုင်ရှာခဲ့ပေ။ မကွယ်လွန်မီ ၃ လခန့်က အပါးတော်မြဲဗိုလ်ထွန်းလှအား ဗိုလ်ချုပ်က "လွတ်လပ်ရေးပြီးရင် နိုင်ငံရေးကထွက်မယ်၊ ခပ်အေးအေး စာကလေးရေးစားရင်း ငါ့အိမ်ထောင် နောင်ရေးအတွက် ဂရုစိုက်စီစဉ်ရအုံးမယ်" ဟု ပြောပြခဲ့လေသည်။ သို့သော်သူကား သူ့အိမ်ထောင် နောင်ရေးအတွက် မဆောင်ရွက်နိုင်မီ ကွယ်လွန်ခဲ့ရှာသည်တကား။

ထို့နောက်ကျွန်တော်သည် ကလေးအိပ်ခန်းမှထွက်ခွာလျက် ဗိုလ်ချုပ်နှင့်ဇနီး ဒေါ်ခင်ကြည်တို့၏ အိပ်ခန်းသို့ ဝင်ကြည့်ခဲ့သည်။

နိုင်ငံ့အထွတ်အထိပ်ခေါင်းဆောင်ကြီး၏ အိပ်ခန်းဆိုသော်လည်း ပိုးဖဲ၊ ကတ္တီပါအဖိုးတန်များဖြင့် တခမ်းတနားခင်းကျင်းထားသည်မဟုတ်။ ရိုးရိုးနေ၊ ရိုးရိုးထိုင်၊ ရိုးရိုးစားသော သာမန်လင်းမောင်နှံနှစ်ဦး၏ အခန်းမျိုးသာဖြစ်သည်။ အရှင်မဲ့နေသော နှစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် အဝတ်ဗီရိုနှစ်လုံးသည် ငြိမ်ဆိတ်လျက်ရှိသည်။ ဗီရိုနှစ်လုံးထဲ၌ ဗိုလ်ချုပ်၏အဝတ်အစားအနည်းငယ်ကိုသာတွေ့ရသည်။ စင်စစ် ထို့ထက်ပို၍လည်း အဝတ်အစားများမရှိရှာပေ။ ထိုအိပ်ခန်း အထက်ထပ်အထပ်ခိုးတွင် ဘုရားစင် ထားသည်ကိုတွေ့ရသည်။ ဗိုလ်ချုပ်သည် ဘာသာရေးကိုပစ်ပယ်သူမဟုတ်၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ကြောင်း ဖော်ပြသကဲ့သို့ရှိနေသည်။

အိပ်ခန်းနှင့်ကပ်လျက်ရှိသောအခန်းကား ဗိုလ်ချုပ်၏ စာကြည့်ခန်းတည်း။ စာအုပ်ဗီရိုများထဲတွင် စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ စသည်ဖြင့် စာအုပ်မျိုးစုံကို တွေ့ရသည်။ ဗိုလ်ချုပ်ကား စာအလွန်ဖတ်သူဖြစ်သည်။ ဆောင်းပါး၊ဝတ္ထု၊ကျမ်းအမျိုးမျိုးအပြင် ကဗျာများကိုပါ အထူးလေ့လာဖတ်ရှုသူဖြစ်သည်။ ဖတ်ရှုသောကဗျာများအနက် အင်္ဂလိပ်ကဗျာဆရာ ဟင်နလေ၏ ကဗျာတစ်ပုဒ်ကို သူအလွန်စွဲမက်သည်။ ထိုကဗျာကို မကြာခဏဖတ်ရွတ်သည်။ ကျွန်တော်သည် သူ့စာအုပ်များကိုကြည့်ရာမှ နှစ်သက်သည့်ထိုကဗျာပါ အောက်ပါစာပိုဒ်ကလေးကို အထူးသတိရနေမိသည်။

"ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့် ငါ့ဦးခေါင်းသည် သွေးသံတို့ဖြင့်ရဲရဲနီ၏၊ သို့ [illegible]"

REDMI NOTE 8
TAIN HTUT KHAUNG

ထိုပြင်ကျွန်တော်သည် စာဖတ်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏အမြင်ကို ဆင်ခြင်မိပြန်သည်။ ဗိုလ်ချုပ်က သူ့ဆောင်းပါးတစ်စောင်တွင် "ယခုကမ္ဘာပေါ်မှာရှိသည့် စာအုပ်အားလုံးသည် အရင်းစစ်လျှင် လောက၏အကြောင်းကို အမျိုးမျိုးမှတ်သားချက်များသာဖြစ်ပေသည်။ ထိုမှတ်သားချက်များကို ရေးသူ၏အာဘော်၊ ၎င်းတို့ရေးရာဒေသ၊ ရေးသည့်အချိန်ကာလ စသည်တို့ကိုကြည့်၍ ဝေဖန်ပြီးလျှင် လောကအလုပ်ဝတ္တရားတွင် သုံးစွဲတတ်မှသာ စာတတ်အမှန်ဖြစ်ပေသည်" ဟူ၍ ရေးသားခဲ့ဖူးလေသည်။

စာအုပ်ဗီရိုများအနီးတွင် ဗိုလ်ချုပ်၏စာရေးစားပွဲလည်း ရှိသည်။ ဗိုလ်ချုပ်သည် စာဖတ်ဝါသနာပါသည့်နည်းတူ စာရေးလည်း အလွန်ဝါသနာပါသည်။ စာရေးရာ၌ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ထိမိပိုင်နိုင်စွာရေးသားနိုင်သည်။ မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား' တွင် အချိန်ပိုင်းအယ်ဒီတာအဖြစ်ဝင်ရောက်လုပ်ကိုင်စဉ်က ရေးခဲ့သောခေါင်းကြီးများမှာ ထင်ရှားသည်။ ဒဂုန်မဂ္ဂဇင်း၌ရေးခဲ့သော ဆောင်းပါးများမှာလည်း အထူးထင်ရှားလှသည်။

ဤသို့လျှင် ကျွန်တော်သည် ဗိုလ်ချုပ်အိမ်ရှိအခန်းစုံကို တစ်ခန်းဝင်တစ်ခန်းထွက် ကြည့်ရင်း ဗိုလ်ချုပ်အကြောင်းကို အမျိုးမျိုးတွေးတောအောက်မေ့မိသည်။ နေစောင်းလာသောအခါ ကျွန်တော်သည် ဗိုလ်ချုပ်အိမ်မှ ဆင်းသက်ထွက်လာခဲ့သည်။ ထိုသို့ထွက်ခွာလာစဉ် ဗိုလ်ချုပ်၏ စေတနာကို မြတ်နိုးမိသည်။ ဗိုလ်ချုပ်၏ကြိုးပမ်းမှုကို ချီးကျူးမိသည်။ ရိုးသားလှသော ဗိုလ်ချုပ်၏အနေအထိုင် အမူအရာကို လေးစားမိသည်။ ဗိုလ်ချုပ်၏စိတ်ဓာတ်ကို အားကျမိသည်။ ဗိုလ်ချုပ်၏ဂုဏ်ကျေးဇူးကို အောက်မေ့မိသည်။ ကောင်းလေစွ။ ကောင်းလေစွ။

မင်းယုဝေ

၂၀၁၇

### စကားဆစ်အဖွင့်

၁။ ကတ္တီပါ = တစ်ဖက်တွင်နူးညံ့သောအမွေးရှိသည့် ပိုးစသည့်အထည်။

၂။ ဂျိန်းဖော့ = ကချင်လူမျိုးတစ်မျိုး၏အမည်။
(မြန်မာအဘိဓာန်တွင် ဂျိန်းဖောဟုလည်းတွေ့ရသည်)

၃။ ပိုး = နူးညံ့သောချည်မျှင်ပြုလုပ်သည့်ပိုးအိမ်မှရသော အမျှင်ဖြင့် ရက်လုပ်ထားသည့်အထည်။

REDMI NOTE 8
TAIN HTUT KHAUNG

၄။ ဖဲ = ချောမွတ်ပြောင်လက်သည့်အထည်တစ်မျိုး၊

၅။ ရာဇဝင် = မင်းစဉ်မင်းဆက်အကြောင်းအရာမှတ်တမ်း၊

၆။ လျှို့ဝှက် = သူတစ်ပါးမသိအောင် သိုသိုသိပ်သိပ်ပြုမူသည်၊

၇။ အပါးတော်မြဲ = ဌာနအကြီးအကဲ၏ကိုယ်ရေးအရာရှိ၊

၈။ အာဘော် = ထင်မြင်ချက်၊

၉။ အယ်ဒီတာ = စာတည်းဖြတ်သူ၊

## အဓိကအချက်များ

- ဤဆောင်းပါးသည် မိမိသွားရောက်လေ့လာသည့်နေရာတစ်ခုကို အသေးစိတ်သရုပ်ဖော်ထားပြီး အရေးစကားပြေဖြင့် ရေးသားထားသည်၊
- ဗိုလ်ချုပ်အောင်ဆန်းနေထိုင်သောအိမ်၏ အခန်းဖွဲ့စည်းပုံမြင်ကွင်းများကို အသေးစိတ်သရုပ်ဖော်ထားသည်၊
- မြင်ကွင်းတစ်ခုချင်းနှင့်ဆက်စပ်၍ စာရေးသူက ဗိုလ်ချုပ်၏ခံယူချက်၊ ဗိုလ်ချုပ်၏စိတ်ထား၊ ဗိုလ်ချုပ်၏ဘဝနေထိုင်မှုပုံစံနှင့်မိသားစုဘဝ၊ ဗိုလ်ချုပ်အပေါ် စာရေးသူ၏သဘောထားတို့ကို ဖော်ပြထားသည်၊
- ထိုဖော်ပြချက်များမှ ဗိုလ်ချုပ်၏ အတုယူဖွယ်စိတ်ထား၊ နိုးသားသည့်အမူအကျင့်၊ နိုင်ငံနှင့်ပြည်သူအပေါ်ထားရှိသည့်စေတနာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ခဲ့ပုံများကို သိရသည်၊

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ ဆီလျော်သောအနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာ၍ ဖော်ပြပါ၊

ခေါင်းကြီး၊ ဆောင်းပါး၊ တည်ခင်း၊ လုံးပန်း၊ ဝတ္ထု၊

၂။ ပေးထားသောစကားလုံးများဖြင့် ဝါကျဖွဲ့ပါ၊

...တာ၊ ထည်ဝါ၊ နိုးသား၊ ဖြတ်နီး၊ ခေါင်းဆောင်

DRAFT for NCCC 4-2-2021
REDMI NOTE 8
TAIN HTUT KHAUNG

၃။ အောက်ပါဝါကျများရှိ ကွက်လပ်များတွင် ဆီလျော်သော နောက်ဆက်များကိုဖြည့်၍ မည်သည့် အဆက်ဖြစ်ကြောင်း ဖော်ပြပါ။

ဖြင့်၊ ၏၊ ၌၊ သို့၊ ပြီ

(က) မြမြသည် မန္တလေး------သွားသည်။

(ခ) ကျောင်းရှေ့------ကြီးမားသော မန်ကျည်းပင်ကြီး ရှိသည်။

(ဂ) ဘုရားပွဲသည် ကြည့်ချင်သူများ------စည်ကားနေသည်။

(ဃ) မောင်မောင်တို့ကျောင်းသည် ခံ့ညားလှပပေ------။

(င) သူ ကွယ်လွန်ခဲ့ရှာ------။

၄။ ဗိုလ်ချုပ်အောင်ဆန်းအိမ်၏ အတွင်းပိုင်းမြင်ကွင်းကို စာရေးသူကမည်သို့ပုံဖော်ထားသနည်း။ အကျဉ်းမျှရေးပါ။

၅။ ဗိုလ်ချုပ်နေအိမ် စာကြည့်ခန်းမြင်ကွင်းမှတစ်ဆင့်သိရသော စာဖတ်ခြင်းနှင့် ပတ်သက်သည့် ဗိုလ်ချုပ်၏အမြင်ကို ဖော်ပြပါ။

၆။ "ဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့" ဆောင်းပါးမှ ဗိုလ်ချုပ်၏စိတ်နေသဘောထားနှင့် ခံယူချက်တို့ကို ဖော်ပြပါ။

၇။ သင်၏ကျောင်းသွားကျောင်းပြန်တွင် တွေ့မြင်ရသော မြင်ကွင်းများကို သရုပ်ဖော်ရေးဖွဲ့ပြီး မြင်ကွင်းတစ်ခုစီအပေါ်တွင် သင်၏သဘောထားကိုဖော်ပြပါ။

DRAFT for NCC 4.2.2021

REDMI NOTE 8
TAIN HTUT KHAUNG

## အပိုင်း - ၂

## မြန်မာသဒ္ဒါ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | မြန်လှန်လှေကျင့်ခန်း | ၄၉ |
| | ၁၉၊ ၁။ နာမ်အထူးပြုအစု မြန်လှန်လှေကျင့်ခန်း | ၄၉ |
| | ၁၉၊ ၂။ ကြိယာအထူးပြုအစု မြန်လှန်လှေကျင့်ခန်း | ၈၁ |
| | ၁၉၊ ၃။ ဝါကျရှိုး မြန်လှန်လှေကျင့်ခန်း | ၈၄ |
| ၂၀။ | အဆက်ပစ္စည်းအစု | ၈၆ |
| | ၂၀၊ ၁။ နာမ်နောက်ဆက်များ | ၈၆ |
| | ၂၀၊ ၁၊ ၁။ ကတ္တားနောက်ဆက် | ၈၆ |
| | ၂၀၊ ၁၊ ၂။ ကံနောက်ဆက် | ၈၇ |
| | ၂၀၊ ၁၊ ၃။ လက်ခံရာပြနောက်ဆက် | ၈၇ |
| | ၂၀၊ ၁၊ ၄။ ထွက်ခွာရာပြနောက်ဆက် | ၈၈ |
| | ၂၀၊ ၁၊ ၅။ ရွေးရွှေ့ရာပြနောက်ဆက်နှင့်ဆိုက်ရောက်ရာပြနောက်ဆက် | ၈၈ |
| | ၂၀၊ ၁၊ ၆။ နေရာပြနောက်ဆက် | ၈၉ |
| | ၂၀၊ ၁၊ ၇။ အချိန်ပြနောက်ဆက် | ၉၇ |
| | ၂၀၊ ၁၊ ၈။ အကြောင်းပြနောက်ဆက် | ၉၉ |
| | ၂၀၊ ၁၊ ၉။ အသုံးခံပြနောက်ဆက် | ၁၀၁ |
| | ၂၀၊ ၂။ ကြိယာနောက်ဆက် | ၁၀၃ |


REDMI NOTE 8
TAIN HTUT KHAUNG

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၀။ ဝါကျမျိုး ၉၉

၂၀၊ ၁။ ကတ္တားပုဒ် + ကံပုဒ်+ လက်ခံပြပုဒ် + ကြိယာပုဒ် ၉၉

၂၀၊ ၂။ ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ် ၁၀၀

၂၀၊ ၃။ ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ် ၁၀၁

၂၀၊ ၄။ ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ် ၁၀၂

၂၀၊ ၅။ ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ် ၁၀၃

၂၀၊ ၆။ ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ် ၁၀၅

၂၀၊ ၇။ ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ် ၁၀၆



REDMI NOTE 8
TAIN HTUT KHAUNG

# ၁၉။ ပြန်လှန်လေ့ကျင့်ခန်း

သတ္တမတန်း သဒ္ဒါသင်ခန်းစာတွင်နာမ်အထူးပြု၊ ကြိယာအထူးပြု၊ ဝါကျရိုးတို့အကြောင်းကို သင်ကြားခဲ့ပြီးဖြစ်ရာ အောက်ပါပြန်လှန်လေ့ကျင့်ခန်းများကို လေ့ကျင့်ခြင်းဖြင့် အဋ္ဌမတန်းတွင် သင်ကြားမည့် သဒ္ဒါသင်ခန်းစာများနှင့် ဆက်စပ်လေ့လာနိုင်မည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းစာပိုဒ်များကို ဒေါက်တာညိမ်းညိမ်း ပါမောက္ခ၊ ဌာနမှူးက ရေးသားပြုစုပါသည်။

## ၁၉၊ ၁။ နာမ်အထူးပြုအစု ပြန်လှန်လေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်ကိုသေချာစွာဖတ်ပြီးနောက် "သော" နာမ်အထူးပြုနောက်ဆက်များကို မျဉ်းသားပါ။

သာဓက-

ဘဝဆိုသည်မှာ လူ၏သည်းခံစိတ်ကို ခန်းစေတတ်သောအရာတို့နှင့် ပြည့်နှက်နေသော နေရာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ သာယာသောတေးဆိုသံသည် ခန်းသွားသောသည်းခံစိတ်တို့၏နေရာလပ်တွင် အသစ်အသစ်ဖြစ်သော သည်းခံစိတ်တို့ကို ဖြည့်၍ဖြည့်၍ပေးတတ်သော သဘောရှိသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သာယာသောတေးဆိုသံသည် လူတို့အား ဘဝ၏အလိုကိုလိုက်တတ်အောင်၊ ဘဝနှင့်တည့်အောင်ပြုတတ်သော သဘောရှိသည်ဟု ကျွန်တော်ယုံကြည်ပါသည်၊ သာယာသောတေးဆိုသံကို လူတို့နှစ်သက်ကြခြင်း၌ အံ့ဖွယ်အချက်မရှိပါ။

(သီချင်းညည်းတတ်သည့်အလေ့-မောင်ဖေသန်း)

၂။ ပေးထားသောဇယားကွက်တွင် နာမ်အထူးပြုနှင့် နာမ်တို့ကို သာဓကပြထားသည့်အတိုင်း ဖြည့်သွင်းပါ။

| စဉ် | နာမ်အထူးပြု | နာမ် |
|---|---|---|
| သာဓက | သည်းခံစိတ်ကိုခန်းစေတတ်သော | အရာ |
| (က) | | |
| (ခ) | | |
| (ဂ) | | |
| (ဃ) | | |
| (င) | | |

REDMI NOTE 8
TAIN HTUT KHAUNG

၃။ အောက်ပါစာပိုဒ်ကို သေချာစွာဖတ်ပြီး စာပိုဒ်ထဲမှ အရောင်ခြယ်ထားသော နာမ်အထူးပြုများကို လေ့လာပါ။ ပြီးလျှင် တဲ့၊ မဲ့၊ နဲ့၊ ရဲ့ နောက်ဆက်များပါသော နာမ်အထူးပြုနှင့် နာမ် ၅ ခုကို ချဉ်းသားပါ။

မီးဖိုချောင်သုံး တင်းသီးတင်းရွက်စိုက်ပျိုးရေးနဲ့ အသက်မွေးသူတွေနေထိုင်ကြတဲ့ ကျွန်မတို့ရဲ့ ပျိုးခင်းသာရွာအကြောင်း ပြောပြချင်ပါတယ်။ ရွာကလေးရဲ့အဝင်မှာ မျှော်မဆုံးနိုင်တဲ့စိုက်ခင်းတွေ ရှိတယ်။ ခဝဲသီး၊ ဖရဲသီး၊ ပဲသီး၊ ရွှေဖရုံသီး၊ ချဉ်ပေါင်ရွက်၊ မုန်လာ၊ နံနံပင်စတဲ့ အိမ်ရှင်မတွေရဲ့ မီးဖိုချောင်အတွက် ရည်ရွယ်တဲ့စိုက်ခင်းတွေပါ။ အခုလို တန်ဆောင်မုန်းလကိုရောက်ပြီဆိုရင် ပျိုးခင်းသာရွာရဲ့သာယာပုံကတော့ ပြောမကုန်အောင်ပါပဲ။ ဆောင်းရာသီရဲ့အစဖြစ်လို့ ရာသီဥတုက အေးမြမြ မြူဟာတဲ့တောင်းတင်နဲ့ ဝါရွှေတဲ့ခဝဲပန်း၊ ဖရဲပန်းတွေက လိုက်ဖက်လှတယ်။ ခဝဲပွင့်တုန်း တန်ဆောင်မုန်း ဆိုတဲ့စကားအတိုင်း ခဝဲပန်းဝါဝါတွေပွင့်နေတာကို မြင်ရတွေ့ရတာလဲ စိုက်ခင်းရှင်တွေရဲ့ပျော်ရွှင်မှုပါပဲ။ ဆေးပေါင်းခတဲ့ တန်ဆောင်မုန်းလပြည့်ညရောက်တဲ့အခါမှာ ဆေးဝါးဓာတ်စာအနေနဲ့ မဲဇလီဖူးသုပ်တွေကို အိမ်ပေါက်စေ့ဝေကြ စားကြပြန်ပါတယ်။ ကိုယ့်ယာက ရာသီအလိုက်ထွက်လာတဲ့ အသီးအနှံတွေကို ရွာသားတွေက ခူးဆွတ်ပြီး ရွာဦးကျောင်းရဲ့ မီးဖိုဆောင်ကို ပို့ပေးလေ့ရှိကြတယ်။ မကြာခင် ပြုလုပ်တော့မဲ့ ဆွမ်းကြီးလောင်းပွဲမှာလဲ ပျိုးခင်းသာရဲ့ ယာထွက်တုန်တွေကို လှူကြအုံးမှာပါ။ ပျိုးခင်းသာရွာရဲ့ဓလေ့ကို အနီးအနားရွာတွေက အမြဲချီးကျူးပြောဆိုလေ့ရှိကြပါတယ်။

သာဓက– ဒီအိမ်မှာနေတဲ့မိန်းကလေး

တောင်ကြီးသွားမဲ့ရထား

(က)

(ခ)

(ဂ)

(ဃ)

(င)

၄။ အောက်ပါစာပိုဒ်မှ နောက်ဆက်များမပါဘဲ နာမ်အချင်းချင်း ပေါင်းစပ်ထားသော စကားလုံး ၅ လုံးကို ဖော်ပြပါ။

ကျွန်မ၏အိပ်ခန်းတွင် အိပ်စက်နားနေရန် သစ်သားခုတင်တစ်ခု ရှိပါသည်။ ထိုခုတင်ပေါ်တွင် အပြာရောင်အိပ်ရာခင်းကို ခင်းထားပြီး မွေ့ရာစောင်တစ်ထည်ကို ခုတင်ခြေရင်းတွင် တင်ထားသည်။ ဖန်ပန်းအိုးကို စားပွဲပေါ်တွင် အခန်းထောင့်တွင် ဗီရိုပုတစ်လုံးနှင့် ကျွန်းစားပွဲတစ်ခု ချထားပါသည်။ ဖန်ပန်းအိုးကို စားပွဲပေါ်တွင် တင်ထားရာ ပန်းအိုးအတွင်းမှ ပန်းရောင်ရေမွှေးနှင်းဆီရနံ့သည် အခန်းထဲတွင် သင်းပျံ့နေပါသည်။

DRAFT for NCCA-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

ဗီရိုပေါ်မှ မြေရေတာကောင်းနှင့် ယွန်းရေခွက်တို့မှာ မိတ်ဆွေတစ်ဦးက အညာပြန်လက်ဆောင်အဖြစ် ပေးထားခြင်းဖြစ်ပါသည်။ ယင်းတို့ကို ကျောက်ကာဗန်းကလေးတစ်ခုနှင့် ကျွန်မထည့်ထားပါသည်၊

သာဓက- သစ်သားခုတင်

(က)

(ခ)

(ဂ)

(ဃ)

(င)

## ၁၉၊ ၂။ ကြိယာအထူးပြုအစု ပြန်လှန်လေ့ကျင့်ခန်း

သတ္တမတန်းတွင် အချိန်ပြကြိယာအထူးပြု၊ အမူအရာပြကြိယာအထူးပြု၊ အခြေအနေပြကြိယာအထူးပြု၊ ပမာဏပြကြိယာအထူးပြု၊ အမေးကြိယာအထူးပြုတို့ကို သင်ကြားခဲ့ပြီးဖြစ်ပါသည်။ ထိုကြိယာအထူးပြုတို့ကို ပြန်လှန်လေ့ကျင့်ခြင်းဖြင့် ကြိယာအထူးပြုတို့ကို ဝါကျအတွင်း မည်သို့အသုံးပြု ရေးသားရမည်ကို သတိပြုလေ့လာရန်ဖြစ်သည်။

၁။ အောက်ပါအချိန်ပြကြိယာအထူးပြုတို့ကို ဝါကျအတွင်း ဆီလျော်အောင်အသုံးပြုပါ။

နှစ်စဉ်၊ မနက်ဖြန်၊ ယနေ့၊ ချက်ချင်း၊ မကြာမီ

(က) ပရိသတ်အကြိုက်အက်ရှင်ကားကြီး ------ လာတော့မည်။

(ခ) -------- အကြွေးမရောင်းပါ။

(ဂ) သပိတ်မှောက်ပွဲတော်ကို ----------- ကျင်းပလေ့ရှိရာ ကျွန်မတို့အလွန်ပျော်ရွှင်ကြသည်၊

(ဃ) စုစုရေ -------- ကျရင်ဆရာမအိမ်ကိုလာခဲ့နော်။

(င) ဒီစားစရာတွေက ------- စားမှကောင်းတာ၊ ကြာရင်မလတ်ဆတ်တော့ဘူး။

၂။ အောက်ပါစာပိုဒ်မှ ကြိယာအထူးပြုများကို မျဉ်းသားပါ။

ကျွန်တော်တို့သားအဖကို စူးစိုက်ကြည့်နေတဲ့ အမေ့မျက်နှာဟာ ရုတ်တရက်ပြောင်းလဲသွားတယ်။ မျှော်လင့်မထားတဲ့သူတွေကို တွေ့လိုက်ရလို့ ပါးစပ်အဟောင်းသားပွင့်ပြီး အံ့သြနေတဲ့ပုံပါ။ ဇဝေဇဝါဖြစ်ရင်းနဲ့ ကျွန်တော့်နားကို တဖြည်းဖြည်းလျှောက်လာတယ်။ ကျွန်တော်က သူ့လက်ကို ဆုပ်ကိုင်လိုက်တဲ့အခါ သူ့ခန္ဓာကိုယ်က ဆတ်ခနဲတုန်လှုပ်သွားတယ်။

“[illegible]င် ကိုမြင့်ထွန်း၊ ဟုတ်ပါတယ်နော်”

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

ကျွန်တော့်အနားကနေ အဖေ့မျက်နှာကို စေ့စေ့ကြည့်ပြီး ခပ်မာမာမေးလိုက်ပါတယ်။ အမေ့အသံက မာထန်လွန်းလို့ ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်မိတယ်။ အမေက ကျွန်တော်တို့ကို ဝမ်းသာအားရ ဆီးကြိုမှာမဟုတ်ဘူးလို့ အဖေပြောတဲ့စကားကို ပြန်ကြားမိပါတယ်။ "အေး. . . ဟုတ်ပါတယ်၊ မစုနွယ်ရယ်" လို့ ပြန်ဖြေလိုက်တဲ့ အဖေ့အသံဟာ စိတ်လှုပ်ရှားလွန်းလို့ တုန်တုန်ယင်ယင် ဖြစ်နေတယ်။ အမေ့ကို ကျွန်တော် ကြောင်အအနဲ့ကြည့်နေမိတယ်။ အရင်ကအမေ့ပုံရိပ်ကို မမြင်ရတော့ပါလား။ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲဝမ်းနည်းလာပေမဲ့ အဖေအားငယ်သွားမှာစိုးလို့ မျက်ရည်မကျအောင် ကြိုးစားပမ်းစား ထိန်းထားလိုက်ပါတယ်။

၃။ ပေးထားသောဇယားကွက်တွင် ပေးထားသောစာပိုဒ်မှ ကြိယာအထူးပြုနှင့်ကြိယာတို့ကို သာဓကပြထားသည့်အတိုင်း ဖြည့်သွင်းပါ။

| စဉ် | ကြိယာအထူးပြု | ကြိယာ |
|---|---|---|
| သာဓက | ဝမ်းသာအားရ | ပြောလိုက်ပါတယ်။ |
| (က) | | |
| (ခ) | | |
| (ဂ) | | |
| (ဃ) | | |
| (င) | | |

၄။ အဘယ်မျှ၊ ထိုမျှ၊ အလွန်၊ အင်မတန်၊ များများဟူသော ပမာဏပြကြိယာ အထူးပြုများကို အသုံးပြု၍ ဆီလျော်အောင်ဝါကျဖွဲ့ပါ။

**သာဓက–** စွန့်ဦးတီထွင်သူတွေအကြောင်းက အလွန်စိတ်ဝင်စားဖို့ကောင်းတယ်။

(က)

(ခ)

(ဂ)

(ဃ)

(င)

REDMI NOTE 8
TAIN HTUT KHAUNG

## နာမ်အထူးပြုနှင့်ကြိယာအထူးပြုအစုကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း

ရွှေစွန်ညိုကစားနည်းသည် ကလေးများကို အလွန်ပျော်ရွှင်စေသည့် ကစားနည်းဖြစ်သည်။ ထိုရွှေစွန်ညိုကစားနည်းတွင် ကလေးရှစ်ယောက်မှ တစ်ဆယ့်ငါးယောက်အထိ စုစုစည်းစည်း ပါဝင်နိုင်သည်။ ရွှေစွန်ညိုအဖြစ် အပြေးမြန်သော၊ ဖျတ်လတ်သော ကလေးတစ်ဦးဦးက လုပ်လေ့ရှိသည်။ ကျန်ကစားဖော်များက တစ်ယောက်၏ခါးကို တစ်ယောက်ကမြဲမြဲမြံမြံကိုင်စွဲကာ လူတန်းရှည်ကြီးပြုလုပ်ရသည်။ ရွှေစွန်ညိုပြုလုပ်မည့် ကလေးသည် လူတန်းကြီး၏ နောက်ဆုံးတွင် ပုန်းနေသော မထွေးလေးကို မိမိရရဖမ်းရမည့်သူဖြစ်သည်။ မထွေးလေးနှင့်အတူ ကာကွယ်ရမည့်အဖွဲ့ခေါင်းဆောင်နှင့် လူတန်းအုပ်စုက "ရွှေစွန်ညိုဘာကိုလိုလို့ဝဲပါတယ်" ဟု တစ်ပြိုင်နက်မေးလိုက်သည်။ ရွှေစွန်ညိုလုပ်မည့်သူက "မထွေးလိုလို့ဝဲပါတယ်" ဟုဖြေရသည်။ လူတန်းကြီးနောက်ရှိ မထွေးလေး၏ အနားသို့ရောက်အောင် ရွှေစွန်ညိုက ဘယ်ညာဝဲကာ လိုက်လေသည်။ ထိုအခါ မထွေးကိုမမိအောင် လူတန်းစီကာ တက်ညီလက်ညီ ကာကွယ်ရသည်။ ရွှေစွန်ညို၏ အသွားအလာကိုကြည့်ပြီး ရင်တဖိုဖို ဆော့ကစားရသည်။ လူအများညီမှ မထွေးကိုကာကွယ်နိုင်သည်ဖြစ်ရာ တစ်ဦးဦးကဘက်မှားပြီး ရှောင်တိမ်းမိလျှင် တစ်ဖွဲ့လုံး အလဲလဲအပြိုပြိုနှင့် ဖရိုဖရဲချော်လဲတတ်သည်။ ပျော်စရာ စိတ်လှုပ်ရှားစရာ အလွန်ကောင်းလှသဖြင့် ကလေးတို့ နှစ်သက်စွာကစားလေ့ရှိသည်။

၁။ အထက်ပါစာပိုဒ်ကို ဖတ်ရှုပြီးနောက် နာမ်အထူးပြု၊ ကြိယာအထူးပြု ၅ ခုကို သက်ဆိုင်သည့် ဇယားကွက်တွင်ထည့်ပါ။

| စဉ် | ကြိယာအထူးပြု | နာမ်အထူးပြု |
|---|---|---|
| သာဓက | နှစ်သက်စွာ | ပုန်းနေသော |
| (က) | | |
| (ခ) | | |
| (ဂ) | | |
| (ဃ) | | |
| (င) | | |

## ၁၉၊ ၃။ ဝါကျရိုး ပြန်လှန်လေ့ကျင့်ခန်း

ဆဋ္ဌမတန်းနှင့်သတ္တမတန်းတို့တွင် အောက်ပါဝါကျရိုးများကို လေ့လာသင်ယူခဲ့ပြီးဖြစ်ပါသည်။

၁။ ကတ္တားပုဒ် + ကြိယာပုဒ်

သာဓက- ခွေးဟောင်သည်။

- ကလေးက ချစ်စရာကောင်းလှသည်။

၂။ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

သာဓက- ဒေါ်ဦးခင်လှသည် မေ့ဆေးဆရာဝန်မကြီးဖြစ်သည်။

၃။ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

သာဓက- ကျွန်မက ညီမလေးကို ဆေးတိုက်ပါတယ်။

၄။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်

သာဓက- ဆရာသည် မောင်မောင့်ကို အတန်းခေါင်းဆောင်ခန့်သည်။

❖ ဖော်ပြပါ သာဓကများကိုလေ့လာပြီး ပြန်လှန်လေ့ကျင့်သွားမည်ဖြစ်ပါသည်။

### ပြန်လှန်လေ့ကျင့်ခြင်း

၁။ အောက်ပါတို့ကို ဆီလျော်အောင်တွဲစပ်ခြင်းဖြင့် ဝါကျဖွဲ့ပါ။

| | |
|---|---|
| (၁) သူ | (က) ထိုင်နေတာ။ |
| (၂) ဒေါက်တာမြမြသည် | (ခ) ပြန်ပြီ။ |
| (၃) ကျွန်မက | (ဂ) အထူးကုဆရာဝန်ဖြစ်သည်။ |
| (၄) နွားကျောင်းသားသည် | (ဃ) သောကြာနေ့ပါ။ |
| (၅) ဒီနေ့ | (င) နွားတို့ကို ရေတိုက်သည်။ |

၂။ ကတ္တားနောက်ဆက်မြှုပ်ထားသော ကတ္တားပုဒ် + ကြိယာပုဒ်ပါသည့် ဝါကျ (၃) ခု ဖွဲ့ပါ။

သာဓက- ညီမလေး အိပ်နေတယ်။

ဉာဏ်တွန်သည်။

(က) ..............................................................

(ခ) ..............................................................

(ဂ) ..............................................................

REDMI NOTE 8
TAIN HTUT KHAUNG

၂။ ကတ္တားပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၃) ခု ဖွဲ့ပါ။

သာဓက– ဘွားဘွားက ပန်းခူးနေတာ။

ကျွန်တော်တို့အဖွဲ့ လမ်းပြင်ကြတယ်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

၃။ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်ပါသော ဝါကျ (၃) ခု ဖွဲ့ပါ။

သာဓက– မေမေက အင်ဂျင်နီယာဖြစ်ချင်တာ။

သော်သော်သည် ပန်းချီဆရာမ ဖြစ်သည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

၄။ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၃) ခု ဖွဲ့ပါ။

သာဓက– ဖေဖေက ကျွန်မကို သိပ်ဂရုစိုက်ပါတယ်။

မိဘများသည် သားသမီးများကို ချစ်သည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

၅။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်ပါသော ဝါကျ (၃) ခု ဖွဲ့ပါ။

သာဓက– လူတွေက သူ့ကို သတ္တိရှိသူလို့ သတ်မှတ်ကြတယ်။

ရွာသားတို့သည် စောအယ်ထူးကို ကျေးရွာခေါင်းဆောင်အဖြစ် တင်မြှောက်ကြသည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

REDMI NOTE 8
TAIN HTUT KHAUNG

## ၂၀။ အဆက်ပစ္စည်းအစု

**အဆက်ပစ္စည်းသည် ဝါကျကဏ္ဍတွင် အလွန်အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ဝါကျတစ်ခုအတွင်းရှိ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့၏တာဝန်ကို အဆက်ပစ္စည်းများက ဖြည့်စွက် ဖော်ပြနေသည်။ ဝါကျအတွင်း ပြုလုပ်သူ 'ကတ္တား' သည် မည်သူဖြစ်ကြောင်း၊ ပြုလုပ်ခံရသူ 'ကံ' က မည်သူဖြစ်ကြောင်းနှင့် 'ကြိယာ' က မည်သို့ပြုလုပ်လိုက်ကြောင်းကို အဆက်ပစ္စည်း သို့မဟုတ် နောက်ဆက်စကားလုံးတို့က ဖော်ပြနေ၍ဖြစ်သည်။ ထိုအဆက်ပစ္စည်းများကြောင့် ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့၏ ပြုမူဆောင်ရွက်ချက်တို့ ပေါ်လွင်လာသည်။ အဋ္ဌမတန်း သင်္ဂါသင်ခန်းစာတွင် ဝါကျအတွင်းရှိ အဆက်ပစ္စည်းများကို လေ့လာရမည်ဖြစ်သည်။**

### ဝါကျအတွင်းရှိ အဆက်ပစ္စည်းများ

**အဆက်ပစ္စည်းများသည် ဝါကျအတွင်း ယင်းတို့ထမ်းဆောင်ရသော တာဝန်များအလိုက် နာမ်နောက်ဆက်၊ ကတ္တားနောက်ဆက်၊ ကံနောက်ဆက်၊ ကြိယာနောက်ဆက်၊ အချိန်ပြနောက်ဆက်၊ နေရာပြနောက်ဆက်၊ ကြိယာနောက်ဆက်စသည်ဖြင့် ကွဲပြားသည်။ ယင်းတို့ကို နမူနာဝါကျများ လေ့လာခြင်း၊ သာဓကစာပိုဒ်များအတွင်း ခွဲထုတ်ကြည့်ခြင်း၊ စာပိုဒ်များကို ကိုယ်တိုင်ဖန်တီးရေးသားခြင်းဖြင့် အဆက်ပစ္စည်းများကို နေရာတကျ အသုံးပြုတတ်လာမည်ဖြစ်သည်။**

### ၂၀၊ ၁။ နာမ်နောက်ဆက်များ

နာမ်၊ နာမ်စားတို့နောက်တွင် ကပ်လျက်တည်ရှိပြီး ၎င်းတို့သည် ကတ္တားပုဒ်၊ ကံပုဒ်တို့၏ တာဝန်များကို ထမ်းဆောင်နေကြောင်း ဖော်ပြသော စကားလုံးများကို ဆိုလိုသည်။ ဤသင်ခန်းစာ၌ ဝါကျရိုးကဏ္ဍတွင် လေ့လာရမည့် **ကတ္တားနောက်ဆက်၊ ကံနောက်ဆက်၊ လက်ခံရာပြနောက်ဆက်၊ ထွက်ခွာရာပြနောက်ဆက်၊ ရှေ့ရှုရာပြနောက်ဆက်၊ ဆိုက်ရောက်ရာပြနောက်ဆက်၊ နေရာပြနောက်ဆက်၊ အချိန်ပြနောက်ဆက်၊ အကြောင်းပြနောက်ဆက်နှင့် အသုံးခံပြနောက်ဆက်များ**ကိုသာ လေ့လာရန် ဖြစ်သည်။

### ၂၀၊ ၁၊ ၁။ ကတ္တားနောက်ဆက်

**သည်၊ က၊ မှာ၊** နောက်ဆက်တို့သည် ကတ္တား၏နောက်တွင်ရှိပြီး ကတ္တားသည် မည်သူဖြစ်ကြောင်း ဖော်ပြသည်။

သာဓက– **မဟေမာသည်** ကျောင်းပိတ်ရက်တွင် သီလရှင်ဝတ်သည်။ (**သည်**-ကတ္တားနောက်ဆက်)

**မဟေမာသည်** ကျောင်းပိတ်ရက်တွင် သီလရှင်ဝတ်သည်။

**သူက** ကျွန်မကို စာအုပ်ငှားတယ်။ (**က**-ကတ္တားနောက်ဆက်)

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

### ၂၀၊ ၁၊ ၂။ ကံနောက်ဆက်

**တို** သည် ကံနောက်ဆက်ဖြစ်ပြီး အပြုခံရသူ၊ အပြုခံရသည့်အရာဝတ္ထုတို့ကို ညွှန်ပြနေသည်။

သာဓက- ကိုစိုင်းတို့ လမ်းထိပ်မှာ တွေ့ခဲ့တယ်။ (**တို့**-ကံနောက်ဆက်)

မောင်လှထွန်းသည် မေးခွန်းများတို ့သေချာစွာ ဖတ်လိုက်သည်။ (**တို့**-ကံနောက်ဆက်)

### ၂၀၊ ၁၊ ၃။ လက်ခံရာပြနောက်ဆက်

**အား** သည် လက်ခံရာပြနောက်ဆက်ဖြစ်ပြီး ကြိယာပြုလုပ်သည်ကို ဖော်ပြသော နောက်ဆက်ဖြစ်သည်။

သာဓက- မဟော်သဓာသည် အိုးထိန်းသည်**အား** ငွေအသပြာတို့ကိုပေး၏။

(**အား**-လက်ခံရာပြ နောက်ဆက်)

မနှင်းဆီသည် စာရွက်များကို သိမ်းဆည်းရန် ကိုဖိုးမောင်**အား** ပေးနေသည်။

(**အား**-လက်ခံရာပြနောက်ဆက်)

### လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျများတွင် မျဉ်းသားထားသည့်နောက်ဆက်များသည် မည်သည့်နောက်ဆက်ဖြစ်ကြောင်းဖော်ပြပါ။

(က) ကျောင်းသားများ<u>သည်</u> အလံတိုင်ရှေ့တွင် ငြိမ်သက်စွာ ရပ်နေကြသည်။

(ခ) သိမ်းငှက်တစ်ကောင်သည် အစာ<u>ကို</u> သုတ်ချီလာသည်။

(ဂ) သူ့ကို အားလုံး<u>က</u> ကျေးဇူးတင်ကြသည်။

(ဃ) စပျစ်သီးအချို့သည် ချဉ်သည်၊ အချို့<u>မှာ</u> ချိုသည်။

(င) ဆရာဝန်က ဆေးကိုလူနာ<u>အား</u> ပေးသည်။

၂။ ပေးထားသောဝါကျများတွင် မှားနေသော နောက်ဆက်များကို အမှန်ပြင်ပါ။

(က) မလှသည် ပန်းအားခူးသည်။

(ခ) တပည့်တို့မှာ ဆရာကို ကန်တော့ကြသည်။

(ဂ) တောက်စိုက်သမများသည် ပျိုးပင်များအား နုတ်နေကြသည်။

(ဃ) ဆရာကြီးသည် ကျောင်းသားများကို ထိုအကြောင်းအား ရှင်းပြသည်။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

(င) ပန်းပုဆရာသည် ဆင်စွယ်ပန်းပုအား ဦးလူလှကိုပေးသည်။

၃။ အောက်ပါနာမ်နောက်ဆက်များကို စာပိုဒ်တွင်းရှိ ကွက်လပ်များတွင် မှန်ကန်စွာ ဖြည့်ပါ။

သည်၊ က၊ မှာ၊ ကို၊ အား

ငှက်ကလေးတစ်ကောင်------သစ်ကိုင်းဖျားတွင် နားနေသည်။ သူသည် တေးတစ်ပုဒ်------ သီကျူးနေ၏။ သူ့အသံ------ကောင်းလှသည်။ ချိုလှသည်။ ခဏအကြာတွင် နောက်ထပ် ငှက်ကလေး တစ်ကောင် သူ့အနားရောက်လာသည်။ တေးသီနေသောငှက်ကလေး------ထိုငှက်ကလေးအတွက် နေရာရွှေ့ပေးသည်။ လေပြည်တစ်ချက်အဝှေ့တွင် လှုပ်ခတ်သွားသောသစ်ရွက်များကြားမှ နေရောင်သည် ငှက်ကလေးနှစ်ကောင်------အလင်းဖြင့် ဂုဏ်ပြုပေးနေသကဲ့သို့ ရှိ၏။

## ၂၀၊ ၁၊ ၄။ ထွက်ခွာရာပြနောက်ဆက်

**မှ၊ က** တို့သည် ကတ္တားပုဒ်၏ ထွက်ခွာရာကို ဖော်ပြသော နောက်ဆက်များဖြစ်သည်။

သာဓက– မနေ့တုန်းကတည်းက အဘိုး ရွာကပြန်သွားပြီလေ။ (က-ထွက်ခွာရာပြနောက်ဆက်)

ဦးလေးသည် နေပြည်တော်မှ ပြန်လာလိမ့်မည်ဟု ကျွန်တော်ထင်သည်။

(မှ-ထွက်ခွာရာပြနောက်ဆက်)

## ၂၀၊ ၁၊ ၅။ ရှေးရှုရာပြနောက်ဆက်နှင့်ဆိုက်ရောက်ရာပြနောက်ဆက်

**သို့** သည် ကတ္တားပုဒ်၏ ရှေးရှုရာ ဦးတည်ရာကို ညွှန်ပြနေသော နောက်ဆက်ဖြစ်သည်။ ထို့အတူ ကတ္တားပုဒ်၏ဆိုက်ရောက်ရာကိုလည်း ညွှန်ပြသည်။

သာဓက– အဘွားသည် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးထွန်းပွဲ**သို့** နှစ်စဉ်သွားသည်။

(**သို့**-ရှေးရှုရာပြနောက်ဆက်)

အညာဆန်သင်္ဘောကြီးသည် ညဆယ့်တစ်နာရီတွင် မကွေးမြို့**သို့** ဆိုက်ကပ်သည်။

(**သို့**-ဆိုက်ရောက်ရာပြနောက်ဆက်)

မှတ်ချက်။ ။ ပြောဟန်ဖြင့် ဝါကျတည်ဆောက်ရာတွင် **ကို** နောက်ဆက်ကို ရှေးရှုရာပြနောက်ဆက် အဖြစ် အသုံးပြုကြသည်။

သာဓက– ဒေါ်မြနွယ် နေ့ကားနဲ့ နေပြည်တော်ကို သွားနှင့်ပြီ။ (ကို-ရှေးရှုရာပြနောက်ဆက်)

မေမေက ရုံးကို မနက်စောစောကတည်းက ဂျူတီရှိလို့သွားပြီတဲ့။

(ကို-ရှေးရှုရာပြနောက်ဆက်)

REDMI NOTE 8
TAIN HTUT KHAUNG

## ၂၀၊ ၁၊ ၆။ နေရာပြနောက်ဆက်

**၌၊ မှာ၊ တွင်၊ ဝယ်၊ က** တို့သည် တည်နေရာကို ညွှန်ပြနေသော နောက်ဆက်များဖြစ်သည်။

သာဓက- အရိမဒ္ဒနပူရပြည်ကြီး**၌** အနုရုဒ္ဓမည်သောမင်း အုပ်စိုးသည်။ (၌- နေရာပြနောက်ဆက်)

မြောက်ဘက်မြို့ရိုး**မှာ** ငွေလေးရွှေ ဝှက်ထားသည်ဟု ရေသည်ယောကျ်ားက ပြောသည်။

(မှာ-နေရာပြနောက်ဆက်)

မအူပင်မြို့သို့သွားရာလမ်းတစ်လျှောက်**တွင်** ငါးမွေးမြူရေးလုပ်ငန်းများကို တွေ့ရသည်။

(တွင်-နေရာပြနောက်ဆက်)

ဘုရားအနီးရှိကြာကန်**ဝယ်** ငါးများကို ဘေးမဲ့ပေးထားသည်။

(ဝယ်-နေရာပြနောက်ဆက်)

ဘယ်နယ်**က**လာတဲ့ ညည်းသည်လဲ။ (က-နေရာပြနောက်ဆက်)

### လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျများတွင် မျဉ်းသားထားသည့်နောက်ဆက်များသည် မည်သည့်နောက်ဆက် ဖြစ်ကြောင်းဖော်ပြပါ။

(က) ကျွန်မ ရန်ကုန်က ပြန်ရောက်ပါပြီ။

(ခ) ကျွန်တော်လိုချင်တဲ့စာအုပ်က ဟိုဘက်စင်ပေါ်မှာရှိတယ်။

(ဂ) သူတို့အားလုံး အားကစားကွင်းမှာ ဘောလုံးကန်နေကြတယ်။

(ဃ) ဤမြေ၌ ကောက်ပဲသီးနှံတို့ ဖြစ်ထွန်း၏။

(င) ကျွန်မ၏အိမ်မှ သူပြန်ချိန်တွင် မိုးက တဖွဲဖွဲရွာလာသည်။

၂။ ကွင်းအတွင်းပေးထားသော နောက်ဆက်များမှ ဆီလျော်သောနောက်ဆက်ကိုရွေးချယ်ပြီး ကွက်လပ်များတွင်ဖြည့်ပါ။

(က) မေမေသည် မော်လမြိုင်------ဒူးရင်းသီးကို ကြိုက်သည်။ (ဝယ်၊ က)

(ခ) အင်းဝမြို့ဟောင်း-----ကျွန်မတို့ထွက်ခွာလာချိန်တွင် အတော်ပင်မှောင်နေပေပြီ။ (တွင်၊ က)

(ဂ) ... နေတဲ့ စပါးပင်ပျိုလေးတွေက လယ်ကွင်းထဲ------ယိမ်းနွဲ့နေကြပြီ။ (မှာ၊ ၌)

REDMI NOTE 8
TAIN HTUT KHAUNG

(ဃ) စင်မြင့်ပေါ်-------ဆုယူနေတာ ကျွန်တော့်သမီးလေးပေါ့။ (ဝယ်၊ မှာ)

(င) ကျွန်မတို့သည် ပန်းပွဲတော်------ မှတ်တမ်းဓာတ်ပုံအများအပြား ရိုက်ခဲ့ကြသည်။ (တွင်၊ က)

၇။ အောက်ပါစာပိုဒ်မှ ထွက်ခွာရာပြနောက်ဆက်၊ ရှေးရှုရာပြနောက်ဆက်နှင့် နေရာပြနောက်ဆက် ၅ ခုကိုရွေးပါ။

ကျွန်တော်တို့ရွာနံဘေးတွင် ချောင်းကလေးတစ်ခုရှိပါသည်။ ထိုချောင်းရိုးအတိုင်း လမ်းလျှောက်သွားလျှင် ကျွန်တော်တို့ရွာမှ ရန်ကုန်မြို့သို့သွားသည့် ကားလမ်းမကြီးကို တွေ့ရပါပြီ။ ထိုချောင်းရိုးတစ်လျှောက်တွင် လယ်ပတူပင်များ ထူထပ်စွာပေါက်ရောက်နေပါသည်။ ကျွန်တော်တို့ကလေးတစ်သိုက်သည် ဆရာ ရွာမှ မြို့သို့သွားတိုင်း ထိုချောင်းရိုးတစ်လျှောက် ကားလမ်းမကြီးသို့ရောက်သည့်တိုင် လိုက်ပို့ကြပါသည်။ အိမ်အပြန်တွင် ချောင်းရိုးတစ်လျှောက်၌ လယ်ပတူပင်များကိုတစ်ပွေ့တစ်ပိုက်ခူးကာ ပြန်လာလေ့ရှိပါသည်။

## ၂၀၊ ၁၊ ၇။ အချိန်ပြနောက်ဆက်

**၌**၊ **မှာ**၊ **တွင်**၊ **ဝယ်**၊ **က** တို့သည် အချိန်ကို ညွှန်ပြနေသော နောက်ဆက်များဖြစ်သည်။

သာဓက– ထိုမင်းအုပ်စိုးသည့်ကာလ**၌** မိုးအကြိမ် တစ်ရာ့နှစ်ဆယ် ရွာလတ္တံ့။

(**၌**-အချိန်ပြနောက်ဆက်)

ရွာဦးက သောက်ရေကန်တူးတဲ့နေ့**မှာ** ကျွန်တော့်ကို မွေးတာတဲ့။

(**မှာ**-အချိန်ပြနောက်ဆက်)

မြင်စိုင်းခေတ်**တွင်** တည်ခဲ့သော ဘုရားပုထိုးများကို ယနေ့တိုင်ဖူးတွေ့နိုင်သည်။

(**တွင်**-အချိန်ပြနောက်ဆက်)

ကုန်းဘောင်ခေတ်**ဝယ်** အမျိုးသမီးစာဆိုများစွာ ပေါ်ပေါက်ခဲ့သည်။

(**ဝယ်**-အချိန်ပြနောက်ဆက်)

ဘယ်တုန်း**က** ပြန်ရောက်သလဲ။ (**က**-အချိန်ပြနောက်ဆက်)

## ၂၀၊ ၁၊ ၈။ အကြောင်းပြနောက်ဆက်

**ကြောင့်**၊ **ဖြင့်** တို့သည် တစ်စုံတစ်ခုဖြစ်ရသည့် အကြောင်းရင်းကိုဖော်ပြသည့် နောက်ဆက်ဖြစ်သည်။

...ချိန်... ။ ပြောဟန်ဖြင့် ဝါကျတည်ဆောက်ရာတွင် **လို့** နောက်ဆက်ကို အကြောင်းပြနောက်ဆက်အဖြစ် အသုံးပြုသည်။

REDMI NOTE 8
TAIN HTUT KHAUNG

**သာဓက–** မိုးရေရလို့ ပန်းတွေပွင့်ကုန်ပြီ။

(**လို့**-အကြောင်းပြနောက်ဆက်)

ဦးလေးထွန်းသည် ငှက်ဖျားရောဂါ**ဖြင့်** ကွယ်လွန်သည်။ (**ဖြင့်**-အကြောင်းပြနောက်ဆက်)

## ၂၀၊ ၁၊ ၉။ အသုံးခံပြနောက်ဆက်

**ဖြင့်**၊ **နှင့်** တို့သည် ကြိယာ၏အပြုအမူပြီးမြောက်ရေးအတွက် လိုအပ်သော အသုံးခံကို ဖော်ပြသည့် နောက်ဆက်ဖြစ်သည်။ **နှင့်** နောက်ဆက်ကို ကြိယာနှင့်အမြဲကပ်ထားရမည်။

**သာဓက–** ခေတ်မီနည်းစနစ်များ**ဖြင့်** စိုက်ပျိုးပါ။ (**ဖြင့်**-အသုံးခံပြနောက်ဆက်)

ဆပ်ပြာရည်**နှင့်** လက်ဆေးပါ။ (**နှင့်**-အသုံးခံပြနောက်ဆက်)

## လေ့ကျင့်ခန်း

၁။ ကွင်းခတ်ထားသောနောက်ဆက်များသည် မည်သည့်နောက်ဆက်ဖြစ်ကြောင်း ဖော်ပြပါ။

(က) လုံမပျိုတို့သည် ညနေခင်း(တွင်)ရေခပ်ဆင်းကြသည်။

(ခ) လယ်သမားတို့သည် မိုးအခါ(၌) လယ်ထွန်ကြသည်။

(ဂ) မေမီမီ စာမေးပွဲအောင်သော(ကြောင့်) မိဘတို့သည် အပျော်ကြီးပျော်နေကြသည်။

(ဃ) ဦးလေးသည် မန္တလေးမှ ပြင်ဦးလွင်သို့ ရထား(နှင့်)သွားသည်။

(င) အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်း(ဖြင့်) မြို့ရွာသန့်ရှင်းရေးကို ကူညီပါ။

၂။ အောက်ပါကွက်လပ်များတွင် လိုအပ်သောနောက်ဆက်များကို မှန်ကန်စွာဖြည့်ပါ။

(က) အလောင်းမင်းတရားကြီးသည် ၁၇၅၂ ခုနှစ်------ထီးနန်းစိုးစံသည်။

(ခ) မောင်မောင်ကြိုးစားသောကြောင့်------ပထမဆုရသည်။

(ဂ) သူသည် ကျောင်းသို့ စက်ဘီး------လာသည်။

(ဃ) သီပေါမင်းလက်ထက်------မထွေးလေးသည် အထူးထင်ရှားခဲ့သည်။

(င) လူကြီးသူမများပေးသော ပစ္စည်းများကို လက်နှစ်ဖက်------လက်ခံပါ။

၃။ အောက်ပါကွက်လပ်များတွင် **ဖြင့်**၊ **နှင့်**၊ **ကြောင့်**၊ **တွင်**၊ **၌** နောက်ဆက်တို့ဖြင့် သင့်လျော်သလို ဖြည့်ပါ။

စက်တင်ဘာလ (၈) ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်သည်။ ထိုနေ့------ [illegible] အခမ်းအနားများ ကျင်းပကြသည်။ ပန်းချီကားများ၊ ပိုစတာများ၊ ဓာတ်ပုံများ

REDMI NOTE 8
TAIN HTUT KHAUNG

ကာတွန်းများ------ပြခန်းကို စုံစုံလင်လင် ပြသထားသည်။ ကျွန်တော်လည်း ဓာတ်ပုံပြိုင်ပွဲတွင် ဆုရသော ------အခမ်းအနားသို့ တက်ရောက်ဆုယူရသည်။ စည့်ပရိသတ်များကိုခန်းမ------မုန့်၊ လက်ဖက်ရည်တို့ ------ဧည့်ခံသည်။

## ၂၀၊ ၂။ ကြိယာနောက်ဆက်

ကြိယာတို့၏နောက်တွင် ကပ်လျက်တည်ရှိပြီး ကြိယာတို့၏အပြုအမူသည် မည်သည့်ကာလတွင်ဖြစ်ခဲ့ကြောင်း နောက်ဆက်တို့က ဖော်ပြသည်။ ဤသင်ခန်းစာတွင် **သည်/တယ်၊ ပြီ၊ ၏၊ မည်/မယ်၊ လိမ့်မည်/လိမ့်မယ်၊ အံ့၊ လတ္တံ့** စသည့် ကြိယာနောက်ဆက်များကိုသာ လေ့လာရန်ဖြစ်သည်။

သာဓက(၁)- အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ

သူထမင်းစားပြီး**ပြီ**။ (**ပြီ**-အတိတ်)

ဤရွာတွင် ကျောင်းနှစ်ကျောင်းရှိ**၏**။ (**၏**-ပစ္စုပ္ပန်)

အဆန်ရထား အချိန်မှန်ထွက်**မည်**။ (**မည်**-အနာဂတ်)

သူ့ကို ဖုန်းဆက်ပြီး**ပြီ**။ (**ပြီ**-အတိတ်)

မနက်က သူ့ကိုဖုန်းဆက်**သည်**။ (**သည်**-အတိတ်)

အခု မိုးရွာနေ**တယ်**။ (**တယ်**-ပစ္စုပ္ပန်)

ပြည်ကား ဗာရာဏသီဟု အမည်တွင်လိမ့်**မည်**။ (**မည်**-အနာဂတ်)

မေမေ ဆူလိမ့်**မယ်**။ (**မယ်**-အနာဂတ်)

ထိုမင်းလက်ထက်တွင် စပါးဆန်ရေ ပေါများ**အံ့/လတ္တံ့**။ (**အံ့/လတ္တံ့**-အနာဂတ်)

အထက်ပါသာဓကဝါကျတို့မှ ကြိယာနောက်ဆက် **သည်/တယ်၊ ပြီ၊ ၏၊ မည်/မယ်၊ လိမ့်မည်/လိမ့်မယ်၊ အံ့/လတ္တံ့**တို့သည် ကြိယာတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလအပြုအမူတို့ကိုဖော်ပြနေသည်။ တစ်နည်းအားဖြင့် နောက်ဆက်တို့ကို နေရာတကျသုံးကာ ရေးသားပါမှ ဆိုလိုသော အနက်အဓိပ္ပာယ်ကို ဖော်ပြနိုင်မည်ဖြစ်သည်။

သာဓက(၂)-

ကျန်စစ်သားမင်းကြီးသည် ဘုန်းလက်ရုံးနှင့်ပြည့်စုံ ပုဂံခေတ်တွင် မင်းပြုအုပ်စိုးခဲ့သော ကျန်စစ်သားမင်းကြီးသည် ဘုန်းလက်ရုံးနှင့်ပြည့်စုံသည်။ တိုင်းသူပြည်သားတို့ကို တရားမျှတစွာအုပ်ချုပ်သည်။ ထိုမင်းကြီးအကြောင်းရေးသားထားသော ကျောက်စာကို ပုဂံမြို့ရှိ ရွှေစည်းခုံဘုရားဝင်းအတွင်း တွေ့ရသည်။ ထိုကျောက်စာတွင်

REDMI NOTE 8
TAIN HTUT KHAUNG

ကျန်စစ်သား မင်းကြီးမင်းပြုသောအခါ မိုးအကြိမ် တစ်ရာ့နှစ်ဆယ်ရွာလိမ့်မည်၊ လူအပေါင်းသည် အမိရင်ခွင်ရှိ သားငယ်ကဲ့သို့ ဖြစ်လိမ့်မည်ဟုဆိုသည်။ ထိုအကြောင်းကို ကျောက်စာတွင် အောက်ပါအတိုင်း ရေးထားသည်။

"လက်ျာလက်ဖြင့် ပြည်သူအပေါင်းအား ထမင်းမုန့်ကို ပေးလတ္တံ့၊ လက်ဝဲလက်ဖြင့် လူအပေါင်းအား ပစ္စည်းဥစ္စာ အဝတ်ပုဆိုး ပေးလတ္တံ့၊ ပြည်သူအပေါင်းသည် အမိရင်ခွင်ရှိ သားငယ်ကဲ့သို့ ရှိကြလတ္တံ့၊ ဤသို့ မင်းကြီးသည် ပြည်သူအပေါင်း၏ အကျိုးစီးပွားကို စောင့်ထိန်းအံ့" ဟု ရေးခဲ့သည်ကို ကျောက်စာတွင် ဖတ်ရှုကြရပါသည်။

အထက်ပါစာပိုဒ်မှ မျဉ်းသားထားသော ကြိယာနောက်ဆက်များမှ နှစ်သက်ရာ ၅ ခုကို ရွေးချယ်ကာ မည်သည့်ကာလဖြစ်ကြောင်း ဖော်ပြပါ။

(က)

(ခ)

(ဂ)

(ဃ)

(င)

### လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျများရှိ ကွက်လပ်များတွင် လိုအပ်သော ကြိယာနောက်ဆက်များကို ဖြည့်ပါ။

(က) မောင်လူအေးသည် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ အဆန်သင်္ဘောဖြင့်သွားလေ ------။

(ခ) ကိုဒေါင်းသည် လက်ထဲမှ ငါးများတံကို အားကုန်ဆုပ်ကိုင်ထား------။

(ဂ) ဦးရိုးသည် လယ်ကွင်းအစပ် မိုးကုပ်စက်ဝိုင်းဆီသို့ နေ့စဉ်မျှော်ကြည့်နေတတ် ------။

(ဃ) မနက်ဖြန် မောင်ဝင်းအောင် ဘုန်းကြီးကျောင်းကို ဆွမ်းပို့လိမ့်------။

(င) သကြိန်တုန်းက ဒေါ်ခင်မြ ရွာကိုပြန်လာ------။

၂။ အောက်ပါစာပိုဒ်တွင် ဆီလျော်သည့်ကြိယာနောက်ဆက်များကို ကွက်လပ်တွင် ဖြည့်ပါ။

မိုးသားမိုးရိပ်တို့ တက်လာပြီဆိုသည်နှင့် စိမ်းစိုလာတတ်သော လယ်တောဝန်းကျင်မှ ကျွန်မထွက်လာခဲ့တာ ၃ နှစ်ခန့်ကြာပါ------။ ဆေးရောင်စုံ မီးရောင်စုံတို့ဖြင့် လင်းလက်တောက်ပ [illegible] ရှိရာသို့ ရောက်ခဲ့------။ ယခုလို မိုးရာသီရောက်လေတိုင်း ခေါင်းထောင်လာ

REDMI NOTE 8
TAIN HTUT KHAUNG

သော စပါးပင်၊ ရေတဖွေးဖွေး လယ်ကွင်းပြင်တို့ကို ကျွန်မ လွမ်းနေပါ------။ လယ်တောမြေမှ မြို့ကြီးပြကြီး အရပ်ဆီသို့ ပညာရှာရန် လာခဲ့------။ မဆုံးနိုင်သော မိုးကုပ်စက်ဝိုင်း မျှော်ကြည့်ရင်း အဖေ ကျွန်မကို သတိရနေ-----ဟု ကျွန်မထင်သည်။

၃။ အောက်ပါစာပိုဒ်ကိုဖတ်ပြီး နောက်ဆက်များကို မှတ်သားပါ။ ထို့နောက် နှစ်သက်ရာဝါကျ ၅ ခုမှ နောက်ဆက်များကို ဇယားကွက်တွင် မှန်ကန်စွာ ဖြည့်ပါ။

မိုးကလေး တစိမ့်စိမ့် ရွာသွန်းလျက်ရှိသည့် တစ်ညသောအချိန်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် အိမ်ရှေ့ဧည့်ခန်းတွင်ထိုင်ကာ မောင်စံရှားက သတင်းစာတစ်စောင်ကို ဖတ်နေသည်။ ကျွန်တော်က အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ပျင်းပျင်းရိရိနှင့် တောင်လှန်မြောက်လှန် လုပ်နေသည်။ ထိုအခိုက် တံခါးသည် ရုတ်တရက်ပွင့်လာ၍ အသက် ၂၀ အရွယ်ခန့်ရှိ လူငယ်တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုသူသည် မောင်စံရှား အိမ်၌ရှိကြောင်းကို သိရသည်နှင့်တစ်ပြိုင်နက် ထီးကို တစ်ခုသောထောင့်၌ ထောင်ထားလိုက်သည်။ ရွှဲရွှဲစိုလျက်ရှိသော မိုးကာအင်္ကျီကို ချွတ်ပြီးလျှင် မောင်စံရှား၏အနီးရှိ ကုလားထိုင်၌ လာရောက်၍ ထိုင်လေ၏။ ထိုသူမှာ အရွယ်အားဖြင့် နုနယ်သည့်အပြင် ရုပ်ရည်ခန့်ညားပြီး အပြောအဆိုမှာလည်း မွန်မွန်ရည်ရည်ရှိလေသည်။ ထို့ပြင် အဝတ်အစားတို့ကိုလည်း သေသေသပ်သပ်ဝတ်ဆင်ထားလေ၏။

| ကတ္တား နောက်ဆက် | ကံ နောက်ဆက် | အချိန်ပြ နောက်ဆက် | နေရာပြ နောက်ဆက် | ကြိယာ နောက်ဆက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**မှတ်သားရန်**

နောက်ဆက်တို့သည် ဝါကျအတွင်းရှိ ကတ္တား၊ ကံ၊ လက်ခံပြ၊ ရှေးရှုရာပြ၊ ကြိယာစသည့် စကားလုံးတို့၏နောက်တွင် မည်သို့တွဲစပ်နေပုံကို သာဓကစာပိုဒ်များ၊ လေ့ကျင့်ခန်းများဖြင့် ဆက်လက် လေ့လာသင်ယူရန်ဖြစ်သည်။

REDMI NOTE 8
TAIN HTUT KHAUNG

## နာမ်နောက်ဆက်နှင့်ကြိယာနောက်ဆက်ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း

သာဓက(၁)-

ငါတို့ကား မိရိုးဖလာအလိုက် ထမင်းစားပွဲတွင် လူကြီးအား ဦးချ၏။ ဦးပေါင်းကိုပေး၏။ သူတို့ကား စားမဲ့အုပ်ကို ငါ့ထံသို့ဦးစွာပို့သည်။ တစ်ခါတစ်ခါ ငါမျှမကျ။ ငါခူးခပ်ပြီးအကြွင်းကို လူကြီးသူမများ စားရသည်။ ခက်စွ။ ငါတို့ကား ဟင်းရည်ကိုသောက်တာ၊ ဟင်းဖတ်ကိုမြုပ်တာ အလုပ် အလွေးစားရိုး။ သူတို့ကား ဟင်းရည်ကို အကုန်သောက်ပြီးမှ အသားပြုတ်စသည်တို့ကိုစား၏။

မန်ကျည်းမှည့် အရသာကိုတမ်းတမိသည်။ ထမင်းဖြူဖြူ ဟင်းပူပူကိုလွမ်းတမိသည်။ မီးဖိုထဲတွင် မီးလည်း ဖုတ်ဖုတ်ကျလေပြီ။ ဆောင်းလေကြမ်းလည်း ငြိမ်လေပြီ။ ညဥ့်လည်းနက်လေပြီ။

(လူလည်းတစ်တွေ ရေလည်းတခြား-မင်းသုဝဏ်)

အထက်ပါ သာဓကစာပိုဒ်မှ အဆက်ပစ္စည်းအချို့ကို အောက်ပါအတိုင်း ခွဲခြားကြည့်နိုင်ပါသည်။

| ကတ္တား နောက်ဆက် | ကံ နောက်ဆက် | လက်ခံပြ နောက်ဆက် | ရှေးရှုရာပြ နောက်ဆက် | ကြိယာ နောက်ဆက် |
|---|---|---|---|---|
| ငါတို့ကား | | လူကြီးအား | | ဦးချ၏။ |
| | ဦးပေါင်းကို | | | ပေး၏။ |
| သူတို့ကား | စားမဲ့အုပ် ကို | | ငါ့ထံသို့ | ပို့သည်။ |
| ငါ | | | | မျှမကျ။ |
| လူကြီးသူမများ | အကြွင်းကို | | | စားရသည်။ |
| ငါတို့ကား | ဟင်းရည်ကို | | | သောက်တာ |
| | ဟင်းဖတ်ကို | | | မြုပ်တာ |
| သူတို့ကား | အသားပြုတ်စသည်တို့ကို | | | စား၏။ |
| | အရသာကို | | | တမ်းတမိသည်။ |
| | ထမင်းဖြူဖြူ ဟင်းပူပူကို | | | လွမ်းတမိသည်။ |
| ညဥ့်လည်း | | | | နက်လေပြီ။ |

REDMI NOTE 8
TAIN HTUT KHAUNG

## မှတ်သားရန်

အထက်ပါအတိုင်းဇယားကွက်ချကာ လေ့လာပါက နောက်ဆက်များကို ပုံစံတူ အသုံးပြုထားကြောင်းတွေ့ရသည်။ ထိုပုံစံတူ အဆက်စကားများကြောင့် အစီအကုံး အသုံးအနှုန်း လှပကောင်းမွန်သော စာတစ်ပုဒ်ဖြစ်လာသည်ကို သတိပြုကာ စာရေးရာတွင် နောက်ဆက်များကို မည်သို့အသုံးချသင့်ကြောင်း လေ့လာနိုင်ရန်ဖြစ်ပါသည်။

၁။ တတ္တား၊ ကံ၊ လက်ခံပြ၊ ကြိယာ နောက်ဆက်များပါသည့် ဝါကျ ၅ ခုဖွဲ့ပါ။

သာဓက– မောင်စံထွန်းသည် ထီးကို မောင်စံရှားအား ပေးလိုက်သည်။

(က)

(ခ)

(ဂ)

(ဃ)

(င)

၂။ အောက်ပါစာပိုဒ်ကိုဖတ်ပြီး ဇယားကွက်တွင်တတ္တား၊ ထွက်ခွာရာပြ၊ ရှေ့ရှုရာပြ၊ အသုံးခံပြ၊ ကြိယာများကို အသုံးပြုပြီး ရေးသားထားကြောင်း လေ့လာပြီးနောက် ကိုယ်တိုင်လေ့ကျင့်ရန် ဖြစ်သည်။

ဘုရားထီးတင်ပွဲကြီးကား ပြီးပေပြီ။ ပရိသတ်ကြီးသည် ကွင်းပြင်အလယ်မှ ရွာသို့ လှည်းများဖြင့် တဖွဲဖွဲထွက်ခွာသွားကြသည်။ ဦးစန်းငွေသည် ရွာဦးကျောင်းသို့လျှောက်လာခဲ့သည်။ ဆရာတော်အား ဧည့်သည်တို့က လှူဖွယ်ဝတ္ထုများကိုလင်ပန်းကြီးများဖြင့်ထည့်ကာ ဆက်ကပ်နေပြီ။ ထိုသူတို့လည်း နွားလှည်းများကိုမောင်းပြီး ကျောင်းဝင်းအတွင်းမှ အပြင်သို့ထွက်ခွာ သွားပြန်သည်။ ပြီးလျှင် ရွာဦးကျောင်းမှ ရွာသူကြီးက ဦးစန်းငွေအား အလှူငွေတို့ကို စာအိတ်များနှင့်ထည့်ကာအပ်၏။ နောက်ဆုံး၌ကား ဘုရားဝင်းအတွင်း သူနှင့် ဆရာတော်ဘုရားသာ တာလမ်းမဆီသို့ လျှောက်သွား၏။

ကျန်[illegible]သည်။

REDMI NOTE 8
TAIN HTUT KHAUNG

| ကတ္တား နောက်ဆက် | ထွက်ခွာရာပြ နောက်ဆက် | ရှေးရှုရာပြ နောက်ဆက် | အသုံးခံပြ နောက်ဆက် | ကြိယာ နောက်ဆက် |
|---|---|---|---|---|
| ဘုရားထီးတင်ပွဲကြီး ကား | | | | ပြီးပေပြီ။ |
| ပရိသတ်ကြီးသည် | ကွင်းပြင် အလယ်မှ | ရွာရှိရာသို့ | လှည်းများ ဖြင့် | သွားကြသည်။ |
| ဦးစန်းငွေသည် | | ရွာဦးကျောင်း သို့ | | လျှောက်လာ ခဲ့သည်။ |
| ညည်သည်တို့က | | | လင်ပန်းကြီး များဖြင့် | ဆက်ကပ်နေပြီ။ |
| ထိုသူတို့လည်း | ကျောင်းဝင်း အတွင်းမှ | အပြင်သို့ | | ထွက်ခွာ သွားပြန်သည်။ |
| ရွာသူကြီးက | | | စာအိတ်များနှင့် | အပ်၏။ |
| | ရွာဦးကျောင်းမှ | တာလမ်းမ ဆီသို့ | | လျှောက်သွား၏။ |
| သူနှင့် ဆရာတော်ဘုရားသာ | | | | ကျန်နေ တော့သည်။ |

ကတ္တား၊ ထွက်ခွာရာပြ၊ ရှေးရှုရာပြ၊ အသုံးခံပြ၊ ကြိယာနောက်ဆက်များပါသည့် ဝါကျ ၅ ခု ဖွဲ့ပါ။

သာဓက- ဒေါ်သီတာထွန်းသည် အိမ်မှဈေးသို့ စက်ဘီးဖြင့်သွားသည်။

(က)

(ခ)

(ဂ)

(ဃ)

(င)

REDMI NOTE 8
TAIN HTUT KHAUNG

၇။ အောက်ပါစာပိုဒ်တွင် နောက်ဆက်များကို မည်သို့အသုံးပြုရေးဖွဲ့ကြောင်း လေ့လာပါ။ ယင်းစာပိုဒ်ကို အတုယူပြီး စာတစ်ပိုဒ်ရေးပါ။ ပြီးလျှင် နောက်ဆက်များကို ဇယားကွက်တွင် ထည့်သွင်းပါ။

## သားလေးနဲ့ကျွန်တော်

နံနက်ခင်းအချိန်တွင် စာဖတ်ခန်း၌ ကျွန်တော်တား စာဖတ်လေ့ရှိသည်။ ထိုအခါများ၌ ကျွန်တော့်အနားရှိဖျာပေါ်တွင် သားလေးသည် အိပ်နေတတ်သည်။ သူသည် ခင်းထားသောဖျာ အနားစများကို လက်ဖြင့်ကုတ်ခြစ်တတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က သူ့ခေါင်းကို ခြေထောက်ဖြင့်မထိတထိ လှမ်းကန်လိုက်သည်။ သားလေးက သူ့လက်များဖြင့် ကျွန်တော့်ခြေထောက်ကို ဖက်ထားတတ်သည်။ ထိုသို့ ဆော့ကစားချိန်တွင် လက်သည်းတို့ကို ဝှက်ထားတတ်ခြင်းက သူ၏ထူးခြားချက်ဖြစ်သည်။ ထိုအချိန်သည် ကျွန်တော့်စိတ်ကို ကြည်နူးမှုပေးနိုင်သော အချိန်တစ်ခု ဆိုရပါမည်။

| ကတ္တား နောက်ဆက် | ကံ နောက်ဆက် | အချိန်ပြ နောက်ဆက် | နေရာပြ နောက်ဆက် | အသုံးခံပြ နောက်ဆက် | ကြိယာ နောက်ဆက် |
|---|---|---|---|---|---|
| ကျွန်တော်တား | | နံနက်ခင်း အချိန်တွင် | စာဖတ်ခန်း၌ | | စာဖတ်လေ့ ရှိသည်။ |
| သားလေး သည် | | ထိုအခါ များ၌ | ဖျာပေါ်တွင် | | အိပ်နေတတ် သည်။ |
| သူသည် | ဖျာအနားစ များကို | | | လက်ဖြင့် | ကုတ်ခြစ်တတ် သည်။ |
| ကျွန်တော်က | သူ့ခေါင်းကို | ထိုအခါ မျိုးတွင် | | ခြေထောက် ဖြင့် | လှမ်းကန် လိုက်သည်။ |
| သားလေးက | ခြေထောက် ကို | | | သူ့လက် များဖြင့် | ဖက်ထားတတ် သည်။ |
| ○ | လက်သည်း တို့ကို | ဆော့ကစား ချိန်တွင် | | | ထူးခြားချက် ဖြစ်သည်။ |

REDMI NOTE 8
TAIN HTUT KHAUNG

## ၂၁။ ဝါကျရိုး

### ဝါကျရိုးဖွဲ့နည်း (၇) နည်း

ဝါကျရိုးဖွဲ့နည်း (၄) နည်းကို လေ့လာခဲ့ပြီးဖြစ်ရာ အဌမတန်းတွင် ကျန်ဝါကျရိုးဖွဲ့နည်း (၇) နည်းကို ဆက်လက်လေ့လာရန်ဖြစ်ပါသည်။ ယင်းတို့မှာ-

(၁) ကတ္တားပုဒ် + ကံပုဒ် + လက်ခံပြပုဒ် + ကြိယာပုဒ်

(၂) ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်

(၃) ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ်

(၄) ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်

(၅) ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်

(၆) ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်

(၇) ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ် တို့ ဖြစ်ကြသည်။

### ၂၁၊ ၁။ ကတ္တားပုဒ် + ကံပုဒ် + လက်ခံပြပုဒ် + ကြိယာပုဒ်

လက်ခံပုဒ်ဟူသည် ကြိယာမည်သို့ပြုလုပ်သည်ကို လက်ခံသောပုဒ်ဖြစ်သည်။ ထိုအကြောင်းကို "အား" လက်ခံပြနောက်ဆက်က ဖော်ပြသည်။

သာဓက- ဆရာမက + လက်ကျိုးရသည့်အကြောင်းကို + မောင်မောင်အား + မေးသည်။

အထက်ပါသာဓကတွင် ဆရာမမေးသည်ကိုဖြေဆိုရသော မောင်မောင်သည် လက်ခံသူဖြစ်သည်။ **"အား"** သည် **လက်ခံပြနောက်ဆက်**ဖြစ်သည်။ ထို့ကြောင့် **"မောင်မောင်အား"** သည် **လက်ခံပြပုဒ်** ဖြစ်သည်။

မှတ်ချက်။ ။ လက်ခံပြပုဒ်နှင့် ကံပုဒ်ကို ရှေ့နောက်အစီအစဉ်ပြောင်း၍ ဝါကျဖွဲ့နိုင်သည်။

ကတ္တားပုဒ် + ကံပုဒ် + လက်ခံပြပုဒ် + ကြိယာပုဒ်

သာဓက- ဆရာမက + ထိုအကြောင်းကို + မောင်မောင်အား + မေးသည်။

ကတ္တားပုဒ် + လက်ခံပြပုဒ် + ကံပုဒ် + ကြိယာပုဒ်

သာဓက- ဆရာမက + မောင်မောင်အား + ထိုအကြောင်းကို + မေးသည်။

REDMI NOTE 8
TAIN HTUT KHAUNG

DRAFT for NCCC 4-2-2021

အထက်ပါသာဓကတွင် လက်ကျိုးရသည့်အကြောင်းကို (ကံပုဒ်ကို) ထင်ရှားစေလိုလျှင် ယင်းကိုဦးစွာ ရေးသည်။ မောင်မောင်အား (လက်ခံပုဒ်ကို) ထင်ရှားစေလိုလျှင် ယင်းကို ကံပုဒ်အရှေ့တွင်ထား၍ ရေးသည်။ ကံပုဒ်နှင့်လက်ခံပြပုဒ်တို့ကို နေရာအလဲအလှယ်ပြုကာ ဝါကျဖွဲ့နိုင်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ် + ကံပုဒ် + လက်ခံပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- ကျွန်မသည် + ထိုအကြောင်းကို + မေမေ့အား + မပြောပြခဲ့ပါ။

(က) ------------------------------------------------

(ခ) ------------------------------------------------

(ဂ) ------------------------------------------------

(ဃ) ------------------------------------------------

(င) ------------------------------------------------

၂။ ကတ္တားပုဒ် + လက်ခံပြပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- ကျွန်မသည် + မေမေ့အား + ထိုအကြောင်းကို + မပြောပြခဲ့ပါ။

(က) ------------------------------------------------

(ခ) ------------------------------------------------

(ဂ) ------------------------------------------------

(ဃ) ------------------------------------------------

(င) ------------------------------------------------

## ၂၁၊ ၂။ ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်

ထွက်ခွာရာပြပုဒ်သည် ကတ္တားပုဒ်၏ထွက်ခွာရာကိုပြသည်။ ထွက်ခွာရာပြပုဒ်၏နောက်ဆက်မှာ "မှ၊ က" တို့ ဖြစ်သည်။ အပြော၊ အရေး ဝါကျတို့တွင် မှ၊ က တို့ အလဲအလှယ်အသုံးပြုပုံကို သတိပြုပါ။

သာဓက- မောင်မောင်သည် + ကျောင်းမှ + ပြန်လာသည်။

မောင်မောင် ကျောင်းက ပြန်လာတယ်

REDMI NOTE 8
TAIN HTUT KHAUNG

ရွှေဝါသည် + သစ်ကိုင်းထက်က + ခုန်ချလိုက်သည်။

ရွှေဝါ သစ်ကိုင်းပေါ်က ခုန်ချတယ်။

အထက်ပါသာဓကတို့တွင် မောင်မောင်ကျောင်းမှပြန်လာကြောင်းကို "မှ" ထွက်ခွာရာပြ နောက်ဆက် က ထင်ရှားစေသည်။ ထိုနည်းတူ သစ်ကိုင်းသည် ရွှေဝါ၏ထွက်ခွာရာဖြစ်ကြောင်းကို "က" ဟူသော ထွက်ခွာရာပြနောက်ဆက်က ဖော်ပြသည်။

လေ့ကျင့်ခန်း

၁။ ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- မတော်သစာသည် + နန်းတော်မှ + ထွက်လာသည်။

ပုဂံအဆန်ရထားကတော့ + ဘူတာက + ထွက်သွားပြီရှင့်။

(က) ......................................................................

(ခ) ......................................................................

(ဂ) ......................................................................

(ဃ) ......................................................................

(င) ......................................................................

## ၂၁၊ ၃။ ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ်

ရှေးရှုရာပြပုဒ်သည် ကတ္တားပုဒ်၏ ရှေးရှုရာကို ပြသည်။ ရှေးရှုရာပြပုဒ်၏နောက်ဆက်မှာ **"သို့"** ဖြစ်သည်။

သာဓက- ဦးတင်မောင်သည် + နေပြည်တော်သို့ + သွားသည်။

အထက်ပါသာဓကတွင် ကတ္တားပုဒ်၏ရှေးရှုရာသည် နေပြည်တော်ဖြစ်ကြောင်းကို ပြသည်။ **ရှေးရှုရာပြပုဒ်၏နောက်ဆက်မှာ "သို့"** ဖြစ်သည်။ **နေပြည်တော်သို့**သည် **ရှေးရှုရာပြပုဒ်**ဖြစ်သည်။ အပြောဝါကျတို့တွင် "သို့" အစား "ကို" နောက်ဆက်ကို သုံးလေ့ရှိသည်။

သာဓက- ဦးတင်မောင်က + နေပြည်တော်ကို + သွားတယ်။

လေ့ကျင့်ခန်း

၁။ ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

သာဓက- ဘီလူးမသည် + တောအုပ်အတွင်းသို့ + ဝင်သည်။

(က) ..................................................................................

(ခ) ..................................................................................

(ဂ) ..................................................................................

(ဃ) ..................................................................................

(င) ..................................................................................

မှတ်ချက်။ ။ ထွက်ခွာရာပြပုဒ်နှင့် ရှေးရှုရာပြပုဒ်တို့ကို တစ်ပြိုင်နက်သုံး၍ ဝါကျဖွဲ့ရသည့်အခါမျိုးတွင် ထွက်ခွာရာပြပုဒ်ကို ပထမ၊ ရှေးရှုရာပြပုဒ်ကို ဒုတိယထားရသည်။

သာဓက- ဦးအေးမောင်သည် + ရန်ကုန်မှ + မန္တလေးသို့ + သွားသည်။

❖ အထက်ပါသာဓကတွင် ထွက်ခွာရာနေရာကို ဦးစွာဖော်ပြပြီးမှ ရှေးရှုရာနေရာကို ဖော်ပြသည်။

၂။ ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ်+ ရှေးရှုရာပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- လေယာဉ်သည် + ဟဲဟိုးလေဆိပ်မှ + ရန်ကုန်မြို့သို့ + တိုက်ရိုက်ပျံသန်းသည်။

(က) ..................................................................................

(ခ) ..................................................................................

(ဂ) ..................................................................................

(ဃ) ..................................................................................

(င) ..................................................................................

၂၁၊ ၄။ ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်

နေရာပြပုဒ်သည် ကတ္တားပုဒ်၏ ပြုရာ၊ ဖြစ်ရာ၊ ရှိရာနေရာကိုပြသောပုဒ်ကို ဆိုလိုသည်။

"၌၊ မှာ၊ တွင်၊ ဝယ်" တို့သည် နေရာပြပုဒ်နောက်ဆက်များ ဖြစ်ကြသည်။

သာဓက- ဖေါ်မိကုန်စုံဆိုင်သည် + ရွာအလယ်တွင် + ရှိသည်။

မှတ်ချက်။ ။ ကြိယာပုဒ်နှင့်ကပ်ပြီးလျှင် နေရာပြပုဒ်ကို ကတ္တားရှေ့ကထားကာ ဝါကျဖွဲ့နိုင်သည်။

REDMI NOTE 8
TAIN HTUT KHAUNG

နေရာပြပုဒ် + ကတ္တားပုဒ် + ကြိယာပုဒ်

သာဓက- ရန်ကင်းဆေးရုံမှာ + သူတို့ + ဆေးစစ်နေကြတယ်။

### လေ့ကျင့်ခန်း

၁။ ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- ညီမလေးက + ဘယ်နားမှာ + ချော်လဲတာလဲ။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

၂။ နေရာပြပုဒ် + ကတ္တားပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- စံပယ်ပန်းရုံအနီး၌ + သက်သက် + စောင့်နေသည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

DRAFT for NCC 4-2-2021

### ၂၁၊ ၅။ ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်

ကတ္တားပုဒ်၏ ပြုချိန်၊ ဖြစ်ချိန်၊ ရှိချိန်ကိုပြသောပုဒ်ကို ဆိုလိုသည်။ "၌၊ မှာ၊ တွင်၊ ဝယ်၊ တ" တို့သည် အချိန်ပြပုဒ်နောက်ဆက်များ ဖြစ်ကြသည်။

သာဓက- ကျွန်တော်သည် + နေ့လယ်ပိုင်း၌ + စာဖတ်သည်။

အထက်ပါသာဓကတွင် စာဖတ်ချိန်သည် နေ့လယ်ပိုင်းဖြစ်ကြောင်းဖော်ပြသည်။ အချိန်ပြ နောက်ဆက်မှာ "၌" ဖြစ်သည်။ **နေ့လယ်ပိုင်း၌သည် အချိန်ပြပုဒ်ဖြစ်သည်။**

REDMI NOTE 8
TAIN HTUT KHAUNG

သာဓက- သဟာယလမ်းသည် + ယခုအချိန်မှာ + မရှိတော့။

အထက်ပါသာဓကတွင် သဟာယလမ်း ယခင်ကရှိခဲ့သော်လည်း ယခုမရှိကြောင်းကို ဖော်ပြနေသည်။ အချိန်ပြနောက်ဆက်မှာ **"မှာ"** ဖြစ်သည်။ **ယခုအချိန်မှာ**သည် **အချိန်ပြပုဒ်**ဖြစ်သည်။

သာဓက- ကားဆရာသည် + ကြာသပတေးနေ့တွင် + လက်မှတ်လာပေးမည်။

အထက်ပါသာဓကတွင် ကားဆရာ လက်မှတ်လာပေးမည့်အချိန်သည် ကြာသပတေးနေ့ဟု ဖော်ပြသည်။ အချိန်ပြနောက်ဆက်မှာ **"တွင်"** ဖြစ်သည်။ **ကြာသပတေးနေ့တွင်**သည် **အချိန်ပြပုဒ်**ဖြစ်သည်။

သာဓက- ထိုမင်းလက်ထက်ဝယ် + ဆန်ရေစပါး + ပေါများသည်။

အထက်ပါသာဓကတွင် ထိုမင်းလက်ထက်ဆိုသည်မှာ ထိုမင်းအုပ်စိုးသည့်အချိန်ဟု ဖော်ပြသည်။ အချိန်ပြနောက်ဆက်မှာ **"ဝယ်"** ဖြစ်သည်။ **ထိုမင်းလက်ထက်ဝယ်**သည် **အချိန်ပြပုဒ်**ဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- သဘော်က + ၁၂ နာရီမှာ + ထွက်မယ်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

၂။ ကတ္တားပုဒ် + အချိန်ပြကြိယာအထူးပြု + ကြိယာပုဒ်ပါသော အရေးဝါကျ(၅) ခု ဖွဲ့ပါ။

သာဓက- မမသည် + စနေနေ့တွင် + ဘွဲ့ယူတော့မည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

REDMI NOTE 8
TAIN HTUT KHAUNG

(ဃ) ..................................................................................................

(င) ..................................................................................................

၂၁၊ ၆။ ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်

ကြိယာ၏အကြောင်းကိုဖော်ပြသောပုဒ်ကို ဆိုလိုသည်။ အကြောင်းပြနောက်ဆက်မှာ **"ကြောင့်"** ဖြစ်သည်။

သာဓက– ခရီးသည်တို့သည် + နေ့အပူချိန်လွန်ကဲသောကြောင့် + နားနေကြသည်။

အထက်ပါသာဓကတွင် ခရီးသည်တို့သည် နေ့လယ်ဘက်တွင် ခရီးမသွားနိုင်ဘဲ နားနေရသည်မှာ ပူလွန်းသောကြောင့်ဖြစ်ကြောင်းကို "ကြောင့်" ဟူသော **အကြောင်းပြနောက်ဆက်က** ဖော်ပြထားသည်။ **နေ့အပူချိန်လွန်ကဲသောကြောင့်**သည် **အကြောင်းပြပုဒ်**ဖြစ်သည်။ အပြောတွင် "လို့" ကို နောက်ဆက် အဖြစ် အသုံးပြုလေ့ရှိသည်။

လေ့ကျင့်ခန်း

၁။ ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက– ကျွန်မသည် + သွားကိုက်သောကြောင့် + အစာမစားနိုင်ပေ။

(က) ..................................................................................................

(ခ) ..................................................................................................

(ဂ) ..................................................................................................

(ဃ) ..................................................................................................

(င) ..................................................................................................

၂။ ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်ပါသော အပြောဝါကျ (၅)ခု ဖွဲ့ပါ။

သာဓက– ကျွန်တော် + ခြေထောက်နာနေလို့ + ဘောလုံးမကန်နိုင်တော့ဘူး။

(က) ..................................................................................................

(ခ) ..................................................................................................

(ဂ) ..................................................................................................

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

(ဃ) ..........................................................................................

(င) ..........................................................................................

၂၁၊ ၇။ ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ်

တစ်စုံတစ်ခုဆောင်ရွက်နေသောကြိယာ၏ အပြုအမူအတွက် လိုအပ်သည့်အသုံးခံတို့ကို ဖော်ပြသည့်ပုဒ် ဖြစ်သည်။ နောက်ဆက်များမှာ "ဖြင့်၊ နှင့်" တို့ ဖြစ်သည်။

သာဓက- လယ်သမားတို့သည် + မြေစိုင်မြေခဲတို့ကို + ထွန်သွားဖြင့် + ထိုးခွဲနေသည်။

ဦးအောင်သည် + ပန်းပုရုပ်ကလေးကို + ဖယောင်းတုံးနှင့် + ပွတ်တိုက်နေလေသည်။

အထက်ပါသာဓကတွင် "ထိုးခွဲနေသည်" ဟူသောကြိယာပုဒ်၏ အပြုအမူအတွက် အသုံးခံနောက်ဆက် "ဖြင့်" သည် ထွန်သွားကိုအသုံးပြုကြောင်း ပေါ်လွင်စေသည်။ ထွန်သွားဖြင့်သည် အသုံးခံပုဒ်ဖြစ်သည်။ ထို့အတူ "ပွတ်တိုက်နေသည်" ဟူသော အပြုအမူတွင် "ဖယောင်းတုံးနှင့်" ဟူသော အသုံးခံပုဒ်က ထင်ရှားစေသည်။ အပြောတွင် "နှင့်" အစား "နဲ့" ကို အသုံးပြုလေ့ရှိသည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ်ပါသော ဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- မေမြသည် + စာရွက်များကို + ချုပ်စက်ဖြင့် + ချုပ်နေသည်။

(က) ..........................................................................................

(ခ) ..........................................................................................

(ဂ) ..........................................................................................

(ဃ) ..........................................................................................

(င) ..........................................................................................

၂။ "နဲ့" အသုံးခံပုဒ် ပါသောအပြောဝါကျ (၅) ခု ဖွဲ့ပါ။

သာဓက- ဒီပန်းချီကားတွေအားလုံးကို ကျွန်တော့်လက်နဲ့ ဆွဲထားတာပါ။

(က) ..........................................................................................

(ခ) ..........................................................................................

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

(ဂ) ----------------------------------------------------------------

(ဃ) ----------------------------------------------------------------

(င) ----------------------------------------------------------------

## ဝါကျရိုးဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်မှ နှစ်သက်ရာဝါကျရိုး (၅) ခုကို ထုတ်နုတ်၍ ပုဒ်အမျိုးအစားခွဲပြပါ။

ကိုအေးချိုသည် မြို့ကလေးသို့ ရထားနှင့်ပြန်လာသည်။ မြို့အဝင်တွင် ရထားသည် ချောင်းတံတားတစ်ခုကို ဖြတ်သန်းလေ့ရှိသည်။ တံတားပေါ်တွင် ရထားဖြတ်ချိန်၌ တဝုန်းဝုန်း အသံမြည်တတ်သည်။ ထိုအသံများကြားချိန်တွင် မြို့ရောက်တော့မည်ဟု သူ့စိတ်ထဲတွင် အလိုလို သိနေသည်။

တံတားနံဘေးတွင် ချောင်းကလေးတစ်ခုရှိသည်။ ချောင်းရေသည် မြို့၏အရှေ့မှအနောက် သို့ စီးဆင်းနေသည်။ ချောင်းနားရှိ စိမ်းလန်းသောဂေါ်ဖီခင်းက သူ့ကိုဆီးကြိုနေတတ်သည်။

အခင်းအနားသတ်တွင် မြေပဲခင်းများစိုက်ပျိုးထားသည်ကိုလည်း မြင်ရ၏။ ယာခင်းများသည် ရှုမျှော်မဆုံးဖြစ်သည်။ စိမ်းလန်းကျယ်ပြန့်သောကွင်းပြင်ဖြစ်သောကြောင့် လတ်ဆတ်သောလေကို ရှူရှိုက်ခွင့်ရသည်။ ထို့ကြောင့် ညနေစောင်းတွင် ထိုနေရာ၌ လမ်းလျှောက်သူများနှင့် စည်ကားနေ တတ်သည်။

၂။ အောက်ပါဝါကျရိုးများရှိ ကွက်လပ်များတွင် သင့်လျော်သော နောက်ဆက်များကို ဖြည့်ပါ။

(က) မေမေ ဘယ်------ ပြန်လာတာလဲ။

(ခ) ဘွားဘွားက မနက်ဖြန်------ ဘုန်းကြီးကျောင်းသွားမှာတဲ့။

(ဂ) ဘိုးဘိုးတို့ မြို့------ နဂါးပွက်အိုင်ကြီး တစ်ခုရှိသည်။

(ဃ) ညီညီသည် အိမ်ရှေ့------ ထွက်ထိုင်နေလေ့ရှိသည်။

(င) မောင်လေး ------ ကျွန်မ နေ့လယ်စာ အတူစားသည်။

(စ) အစားမှား------ ဝါဝါ နေမကောင်းဖြစ်သည်။

(ဆ) ဦးဘ၏ စိုက်ခင်းသည် စပါးဖျက်ပိုးတို့ -------- ပျက်စီးခဲ့လေပြီ။

(ဇ) ဒီကျွန်းပင်တွေ အားလုံးကို တို့ အဖိုးကိုယ်တိုင် သူ့လက် ------စိုက်ခဲ့တယ်။

DRAFT for NCC 4-2-2021
REDMI NOTE 8
TAIN HTUT KHAUNG

(ဈ) သားလေး ပဲခူး-------------ဘယ်နေ့ ပြန်ဖြစ်သလဲ။

(ည) မြို့အဝင်မှာ ညောင်ရွှေ------ ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့ရလိမ့်မယ်။

၃။ အောက်ပါဝါကျများတွင် မျဉ်းသားထားသော ပုဒ်များသည် မည်သည့်ပုဒ်များဖြစ်ကြောင်း ဝိုက်ကွင်းဖြင့်ဖော်ပြပါ။

(က) မအေးသည် မိဘနှစ်ပါးကို အားဆေးများဖြင့် ကန်တော့သည်။

(ခ) ဖြူဖြူသည် စာအုပ်ကို ဝေဝေ့အား ပေးသည်။

(ဂ) ဧရာဝတီလင်းပိုင်တို့သည် မြစ်ကြောင်းတစ်လျှောက်တွင် တပျော်တပါး ကူးခပ်နေသည်။

(ဃ) ကိုကို အခန်းထဲက ထွက်မလာသေးဘူး။

(င) မနက်ဖြန်မနက် ကျွန်တော်တို့ ရန်ကုန်မှ ပုဂံသို့ သွားကြမည်။

၄။ အောက်ပါစာပိုဒ်ကိုနမူနာယူ၍ မိမိနှစ်သက်ရာဝါကျရိုးများကိုအသုံးပြုပြီးစာကြောင်းဆယ်ကြောင်း ခန့်ရှိသော စာတစ်ပိုဒ်ရေးပါ။

ကျွန်တော်သည် သစ်ပင်အောက်မှာ စာဖတ်နေသည်။ ညီမလေးက ကျွန်တော့် အနားမှာရှိ
သည်။ သစ်ပင်ထက်မှသစ်ရွက်လေး တစ်ရွက်သည် ကျွန်တော့်ပခုံးပေါ်သို့ ကြွေကျလာသည်။
ကျွန်တော်သည် ထိုသစ်ရွက်လေးကို ကောက်ယူလိုက်သည်။ သစ်ရွက်လေးများမှာ ဆောင်းနှောင်း
ရာသီကြောင့် ကြွေနေကြပြီ။ မြေပြင်ပေါ်တွင် ရွက်ကြွေများစွာသည် ပြန့်ကျဲနေ၏။ ကျွန်တော်သည်
ရွက်ဝါလေးကို စကြာလေး လုပ်လိုက်သည်။ ထို့နောက် စကြာလေးကို သစ်ကိုင်းလေးဖြင့်ဆက်လိုက်
သည်။ သစ်ရွက်စကြာလေးကို ညီမလေးအား ကျွန်တော်ပေးလိုက်၏။ ညီမလေးသည် စကြာလေးကို
သူ့လက်လေးဖြင့် လှည့်နေသည်။ သူ အလွန်ပျော်နေသည်ကိုကြည့်ရင်း ကျွန်တော်လည်း ပျော်ရွှင်
ရလေသည်။

DRAFT for NCCA 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

(က)

ကမန်းကတန်း

ကဗျာသက်

ကရမက်

ကော

ကောက်

ကောက်ကြီး

ကောင်းကင်

ကတ္တီပါ

ကျေနပ်

ကြံစည်

ကြိုး

ကွင်း

ကွန်

ကွန်ပါ

ကွပ်

(ခ)

ခညောင်း

ခံပွင့်

ခက်ထန်

ခဋ္ဌ

ခုံမင်

ချောတိုင်

ချက်ချင်း

ချောင်းချောင်း

ခြေကုန်သုတ်

ခြိမ်းမောင်း

(ဂ)

ဂါလန် (ဂါလံ)

ဂူ

ဂျိန်းဖော့

ဂျောင်ဂျင်

(စ)

စကေး

စားတော်ချက်

စီရင်

စုလစ်

စူကာ

စောဒက

စံကျောင်း

စံပယ်

စင်းလျှင်း

စစ်ပြီးခေတ်

စဉ်းတီတုံး

စည်းကမ်း

စိတ်ရှည်

စွဲမက်

(ဆ)

ဆာလောင်

ဆုတောင်းပတ္တနာ

(ည)

ညီလာခံ

(တ)

တစိုက်မတ်မတ်

တလင်း

တစ်တိုင်

တင်းတိမ်

တစ်လတ်

တပ်လန်

တုပ်တွ

REDMI NOTE 8
TAIN HTUT KHAUNG

တို့မနေး

(ထ)

ထမင်းခံ

ထောင်ရောင်စက်ရှင်

ထုံးတီး

ထွေရာလေးပါး

(ဒ)

ဒုပိကာ (ထုပိကာ)

ဒိုက်သရော

(န)

နိဗြောသေမင်မင်း

နော်နီနော်နဲ့

နိစ္စ

နှိုက်နှိုက်ချွတ်ချွတ်

နှုန်း

(ပ)

ပညာအုပ်

ပရိသတ်

ပါးစပ်ရာဇဝင်

ပုထိုး

ပုရစ်

[illegible]

ပေါ်လွင်

ပိုး

ပန္နက်

ပန်းပဲ

ပျက်သုဉ်း

ပြုံးစိစိ

ပွဲကျ

(ဖ)

ဖဲ

ဖိတ်

(ဗ)

ဗျပ်

(ဘ)

ဘဝစက်ဝဲ

ဘဝတဏှာ

ဘေးမဲ့ပေး

(မ)

မဟူ

မာယာ

မီးခြစ်

မီးခြစ်ဆံ

မက်မက်စက်စက်

မှတ်သုံ

မြရုံလွှာ

မွမ်းချွန်

မှိုဝဲ

မြှောင်

(ယ)

ယာယီ

ယုံကြည်သက်ဝင်

ယွန်း

ယှက်သန်း

(ရ)

ရဝေ

ရာဇဝင်

ရေကြီးသုတ်ပျာ

ရော်ရွက်

(လ)

လူစွမ်းကောင်း

လွှဘုံ

လောကဓာတ်ပညာ

လက်ဆုံစား

လက်လှမ်းမီ

လည်ပြန် (ကြည့်)

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG

လုပ်ခင်းဆောင်တာ
လုပ်လီလုပ်လဲ့
လုံးချင်း
လျှစ်လျူမရှုနိုင်
လျှို့ဝှက်

(ဝ)

ဝသုန်
ဝံသာနု
ဝတ္တုရား
ဝန်ကြီးချုပ်
ဝန်စု
ဝပ်တွား
ဝမ်းထဲခွေ

(သ)

သာခသမင်မင်း
သာသနာ
သားရေ
သင်မင်း
သန္ဓေ
သိမ်းမြန်း
သွေးကြွ
သွက်သွက်ခါ

(အ)

အကျပ်တွေ့
အဓမ္မ
အပါးတော်မြဲ
အပွေး
အရိုက်အရာ
အရိပ်အာဝါသ
အလုံးစုံ
အသံချဲ့စက်
အာဘော်
အားခဲ
အားနာ
အားရပါးရ
ဦးချ
ဦးစီး
အိုးစားခွဲ
အင်စောင်တုတ်
အစ်
အိပ်စင်
အိပ်ဆယ်စီရာရှုပ်ရှင်ရုံ
အိမ်ဦးခန်း
အယ်ဒီတာ

(ဦး)

DRAFT for NCC 4-2-2021

REDMI NOTE 8
TAIN HTUT KHAUNG